# သားရဲလေ့ကျင့်သူ ကောင်းဖန်

စာစဉ် ၁၄

## အပိုင်း ၂၀၉ သခင်ကိုစော်ကားသူ၏ပြစ်ဒဏ်

“မင်းနောက်တစ်ခေါက်လောက်ထပ်ပြောပါ့လား? ငါသေချာမကြားလိုက်ရလို့” ကောင်းဖန်က ညင်သာစွာဖြင့်ပြောလိုက်သည်။

အစင်းလေး၏အခြေအနေရှုပ်ထွေးမှုကပိုပြီးကြီးလာသည်၊ သူကကောင်းဖန်ကို အလွန်သတိကြီးစွာဖြင့်ကြည့်လိုက်သည်။

## စာစဉ် ၁၄

“အစင်းလေး,
အကယ်၍မင်းအဲ့တာကိုလုပ်မယ်ဆိုရင်
မင်းချစ်တဲ့သခင်ကိုဆုံးရှုံးလိုက်
ရမယ်ဆိုတာမင်းသိလား?”
ကောင်းဖန်ကဝမ်းနည်းစွာဖြင့် ပြောလိုက်သည်။
ထို့နောက် သူကသူ့ကိုယ်သူလက်သီးဆုပ်၍
လက်သီးဖြင့်ထိုးလိုက်သည်။

အစင်းလေးသည်ရုတ်တရက်သူ့မျက်နှာကိုတစ်ခုခုနှင့်ထိုးခံလိုက်ရပြီးနာကျင်မှုကို ခံစားလိုက်ရသည်။

သူတို့ကထိုညတွင်ဗီလာသို့ပြန်လာခဲ့ကြသည်၊
ကောင်းဖန်က

သူ့သားရဲတွေအကုန်လုံးကိုစုလိုက်ပြီးပြောလိုက်သည်။
"ငါတို့ဒီညအစည်းအဝေးလုပ်ဖို့ရှိတယ်"

တ၁ဇီက
ကောင်းဖန်၏ဘေးတွင်နာခံစွာဖြင့်ထိုင်နေသည်၊
ဒမ်ဘီက သူ့လက်များကို
ရင်ဘတ်ရှေ့၌ကြတ်ခြေခတ်လုပ်ထားပြီး
ကင်းကောင်တစ်ကောင်လိုကြည့်နေသည်၊ ဖလိမ်မီက
၎င်း၏မီးတောက်များကို
ချွင်းချန်ထား၍နိုးထခြင်းဖြင့်လေထဲတွင်ပျံဝဲနေသည်၊
ဂိုဒီက အခန်း၏အလယ်တွင်ရပ်နေသောအစင်းလေးကို
စူးစိုက်ကြည့်နေသည်…

စာစဉ် ၁၄

ဖလုပ်!ဖလုပ်!
ဆီလီကကောင်းဖန်၏ခေါင်းပေါ်တွင်ရပ်နေပြီး
၎င်း၏ဘဝဲလက်များကို မြှောက်ကာ ၎င်း၏သခင်က
အစင်းလေအကြောင်းကို ထုတ်ဖော်ပြောဆိုမည်အား
ကူညီပေးနေသည်။ သေချာတာပေါ့,
၎င်း၏သစ်သီးဖျော်ရည်က ၎င်း၏လက်ထဲတွင်
ရှိနေလျှင်တော့ပိုပြီးသင့်တော်လိမ့်မည်။

အစင်းလေးကအခန်းအလယ်တွင်ထိုင်နေပြီး,
သူဘာမှားသွားမှန်းမသိဘဲရိုးသားစွာဖြင့် ကြည့်နေသည်။

ဒါကမသင့်တော်ဘူး၊
ငါကပင့်ကူငယ်လေးတစ်ကောင်ဘဲလေ၊
မင်းတို့ကငါ့ကိုဘာလို့ ဒီလိုဆက်ဆံနေကြတာလဲ?

## စာစဉ် ၁၄

“ဒီနေ့ နေ့လည်တုန်း၊ မင်းတို့သူငယ်ချင်းထဲကတစ်ယောက်ဖြစ်တဲ့အစင်းလေးက, သူ့သခင်ကိုလိင်မှုကိစ္စအတွက်နဲ့ အလေးမထားသလိုလုပ်ခဲ့တယ်၊ သူကတကယ်ကို, ပင့်ကူမတစ်ကောင်အတွက်နဲ့ငါ့ကိုစော်ကားတယ်!” ကောင်းဖန်က ခါးသီးမှုအပြည့်ဖြင့် ပြောလိုက်သည်။

တာ့ဇီက အစင်းလေးကိုအံ့ဩစွာဖြင့်ကြည့်လိုက်သည်။ မင်းဒီလိုလုပ်လိမ့်မယ်လို့ တွေးတောင်မတွေးကြည့်မိဘူး၊ မင်းကသခင်ကိုပင့်ကူမတစ်ကောင်အတွက်နဲ့ စော်ကားခဲ့တယ်ပေါ့? အစင်းလေး မင်းအရမ်းကြောက်ဖို့ကောင်းတာဘဲ၊

မင်းကပင့်ကူမအတွက်နဲ့
ဘာလို့သခင်ကိုစော်ကားတာလဲ?

ဖလိမ်မီကသရော်လိုက်သည်၊ သေချာတာပေါ့, အဲ့ကောင်ကငတုံးပင့်ကူလေ၊ သူက ငါ့နဲ့အတူအချစ်ဆုံးအိမ်မွေးတိရိစ္ဆာန်ဖြစ်ဖို့ယှဉ်ပြိုင်တဲ့နေရာမှာ အခွင့်အရေးနည်းသွား လိမ့်မယ်။

အစင်းလေးက
အတွေးအမြင်ပညာရေးအားလက်ခံပြီးသွားတဲ့နောက်, ကောင်းဖန်က အစင်လေးကို
"ကောင်းမွန်သောတပည့်နှင့်
ကလေးဖြစ်လာစေမည့်စံနှုန်းများ"

## စာစဉ် ၁၄

ဆိုသည့်အကြောင်းကို အလွတ်ကျက်ခိုင်းခြင်းဖြင့် အစင်းလေးအားအပြစ်ပေးရန် ဆုံးဖြတ်လိုက်သည်။

ကောင်းဖန်က အစင်းလေးစကားမပြောနိုင်သည်ကို သတိရသွားသောအခါ အားလုံးကို မှတ်ဉာဏ်ထဲတွင်အလွတ်ချရေးရန်ဆုံးဖြတ်လိုက်သည်။

တစ်နာရီအကြာတွင် ကောင်းဖန်သည် နေဝင်ချိန်ကိုခံစားရင်း အဘိုးဖြစ်သူနှင့်အတူ ရေကန်အစပ်ရှိသဲသောင်ပြင်ခုံတန်းလေးပေါ်တွင်ထိုင်နေခဲ့သည်။ သူတို့နှင့် ပေသုံးဆယ်အကွာသဲသောင်ပြင်ပေါ်တွင် ကြီးမားသောအနက်ရောင်ပင့်ကူကြီးတစ်ကောင်သည် စိတ်ပင်ပန်းစွာဖြင့် လျှင်မြန်စွာစာရေးနေသည်၊

သူသည်ရုံဖန်ရုံခါတွင် ဒေါသတကြီးငြီးတွားပြီး သူ့ရှေ့ရှိခြေသည်းများကိုရိုက်ပုတ်နေသည်။

ဘာတွေတုန်းဟ! ဘာလို့မှတ်မိဖို့ခက်ရတာလဲ၊ ဒီလိုအလွယ်တကူဖော်ပြနိုင်တဲ့ဟာက ဘာလို့စကားတွေအများကြီးလိုနေတာတုန်း?

အစင်းလေးက ဝိရိယစိုက်ထုတ်ကာဖြင့် လေ့လာနေတော့သည်။

...

“ကမ္ဘာ့သစ်မဟာမိတ်အစိုးရက စိတ်ဝိညာဉ်တောင်တွေနဲ့ တွေ့ဆုံးညှိနှိုင်းဖို့ကိုယ်စားလှယ်

အနည်းငယ်ကိုစေလွှတ်လိုက်တယ်” ကျိုဟန့်ဝူက လက်ဖက်ရည်သောက်ရင်း နေဝင်ချိန်ကိုကြည့်ကာတိုးတိုးလေးပြောလိုက်သည်။

“အဲ့ဒီစိတ်ဝိညာဉ်တောင်တွေက လူသားတွေကိုစတင်တိုက်ခိုက်ရတဲ့အကြောင်းအရင်းက လူတွေကသစ်တောတွေရဲ့ဟန်ချက်ညီမှုတွေကို ဖျက်စီးနေတာကြောင့် နာခံမှုမရှိတဲ့ လူသားတွေကိုဖယ်ရှားပစ်ချင်ကြတယ်တဲ့” ကျိုဟန့်ဝူက တိုးညှင်းစွာပြောလိုက်သည်။

ကောင်းဖန်က မျက်မှောင်ကြုတ်လိုက်သည်၊ “သစ်တောတွေရဲ့ဟန်ချက်ညီမှုကို ဖျက်စီးတယ်? အဲ့တာဘာကြောင့်လဲဆိုတော့

လူတွေကသဘာဝပေါက်ပင်တွေကို
ခုတ်လှဲလိုက်ကြလို့လား? အဲ့တာကတော့မမှန်ဘူး၊
ကပ်ဆိုးကြီးပြီးကတည်းကဆိုရင်,
ကျွန်တော်တို့လူတွေရဲ့သစ်ပင်ခုတ်လှဲမှုနှုန်းက
သစ်ပင်တွေကြီးထွားမှုနှုန်းထက်
အတော်လေးကိုကြန့်ကြာတယ်၊
ဒါကဘယ်လိုအကြောင်းပြချက်ကြီးလဲ?”

“စိတ်ဝိညာဉ်တောင်ဆိုလိုတဲ့
ဟန်ချက်ညီမှုကိုဖျက်စီးတယ်ဆိုတာက
ငါတို့သားရဲတွေကို သတ်တာကိုပြောတာဘဲ၊
ထေ့ငေါ့စရာကတော့, စိတ်ဝိညာဉ်တောင်ကို
ငါတို့စေလွှတ်လိုက်တဲ့အဖွဲ့တွေက
ပမာဏများတဲ့သားရဲအလောင်းတွေကို

## စာစဉ် ၁၄

စိတ်ဝိညာဉ်တောင်တွေရဲ့
ခန္ဓာကိုယ်တွေပေါ်မှာရှာတွေ့ခဲ့လို့ဘဲ”

“ဟ” ကောင်းဖန်ကမရယ်ဘဲမနေနိုင်တော့ပေ၊ သူ့လက်ထဲကဖျော်ရည်အချို့က သူ့လက်ပေါ်မှလျှံကျကုန်တော့သည်။

“သစ်သီးဖျော်ရည်,သစ်သီးဖျော်ရည်” ဆီလီက ကောင်းဖန်ခေါင်းပေါ်ကနေဆင်းပြီး သူ့လက်ပေါ်သို့ဆင်းသက်သွားကာ၊ ၎င်း၏ဘဝဲလက်များကိုသုံး၍သစ်သီးဖျော်ရည်များကိုယူလိုက်သည်၊ ၎င်းကအရမ်းကိုကျေနပ်နေပုံရသည်၊ ၎င်း၏လည်ချောင်းမှ အရမ်းကိုကျေနပ်နေတာကြောင့် ဂလုဆိုသည့်အသံပင်ထွက်လာတော့သည်။

စာစဉ် ၁၄

“အဲ့မှာနှစ်ခွဖြစ်နေတဲ့စံနှုန်းရှိနေတာဘဲ” ကောင်းဖန်ကရယ်မိတော့သည်၊ ထိုစိတ်ဝိညာဉ်တောင်တို့သည် အတော်လေးစိတ်ဝင်စားစရာကောင်းသည်။

“သူတို့အဖွဲ့က အတော်လေးအသိမရှိဘဲနဲ့အနေအထိုင်မတတ်တဲ့သတ္တဝါတွေဘဲ၊ ယွိကျိုးမြို့တစ်ခုလုံးအတွက်တော့ ဘယ်သားရဲကိုမှမသတ်ဖို့မဖြစ်နိုင်ဘူး၊ ဒီတောင်တွေ ပြန်ဆုတ်ရင်တော့ကောင်းတာပါ၊ ဒါပေမယ့် သူတို့ကဆက်ပြီး ခေါင်းမာနေဦးမယ်ဆိုရင်တော့....” ကျီဟာန့်ဝူက အနည်းငယ်ပြုံးလိုက်သည်။

စာစဉ် ၁၄

“အဘိုးက သူတို့ပြန်ဆုတ်မယ်လို့ထင်လား?”

“အဲဒီစိတ်ဝိညာဉ်တောင်တွေကသိပ်ပြီးဉာဏ်မကောင်
းဘူး၊ သူတို့ကဉာဏ်ကောင်းတဲ့
လူတွေနဲ့တော့မယှဉ်နိုင်ဘူးလေ၊
အကယ်၍ငါတို့မှာကောင်းမွန်တဲ့ဗျူဟာရှိရင်၊
သူတို့သေချာပေါက်_”

“အဘိုး, အဘိုးဖုန်းမြည်နေတယ်” ကောင်းဖန်က
သူ့ကိုသတိပေးလိုက်သည်။

“အိုကေ” ကျီဟန့်ဝူကသူ့ခေါင်းကိုညိတ်လိုက်ပြီး
သူ့ဘေးတွင်ရှိသောဖုန်းကိုကောက်ယူ လိုက်သည်။

စာစဉ် ၁၄

“ဟယ်လို၊
ဆွေးနွေးပွဲမှာရလဒ်တစ်ချို့ထွက်လာပြီလား?”

“ကျီဟန့်ဝူ, အဲ့မှာ....”

ကျီဟန့်ဝူက ဖုန်းမှတစ်ဆင့်သတင်းကြားပြီးနောက် တိတ်ဆိတ်နေတော့သည်။

“အဘိုး,အဘိုး?”
ကောင်းဖန်ကသူ့အဘိုးကိုခဏခဏခေါ်လိုက်သည်။

ကျီဟန့်ဝူက ဖုန်းကိုဖြေးညင်းစွာချလိုက်သည်၊ သူကအတော်လေးတည်ငြိမ်နေသည်။

စာစဉ် ၁၄

“ရလဒ်ကဘာတဲ့လဲ? စိတ်ဝိညာဉ်တောင်တွေအကြောင်းလား?” ကောင်းဖန်က စိတ်ဝင်တစားမေးလိုက်သည်။

“အခြေအနေတွေက ထိန်းချုပ်မှုအောက်မှာဘဲ၊ မင်းအေးအေးဆေးဆေးနားနိုင်တယ်” ကျိဟန့်ဝူက ခေါင်းညိတ်လိုက်ပြီးမတ်တပ်ရပ်လိုက်သည်၊ “အဘိုးနားနေခန်းကိုသွားဖို့ လိုတယ်”

“အဘိုး, လမ်းမှားနေတယ်၊ နားနေခန်းကအနောက်မှာလေ” ကောင်းဖန်ကအော်လိုက်သည်။

စာစဉ် ၁၄

“အဘိုးသိတယ်၊ လူအိုကြီးတွေက မကြာခဏလမ်းလျှောက်ပေးဖို့လိုတယ်လေ၊ ကုမ္ပဏီဌာနချုပ်က ရေအိမ်ဝင်မလို့၊ မင်းဒီမှာနေခဲ့ပြီးဘယ်မှမရွေ့နဲ့” ကျီဟန့်ဝူက နောက်လှည့်ကြည့်ခြင်းမရှိဘဲ သူ့လက်ကိုဝှေ့ယမ်းလိုက်သည်။

ရုတ်တရက်,ကောင်းဖန်သည်နဂါးအော်သံကိုကြား လိုက်ရသည်၊ သူကြည့်လိုက်တော့, လေထဲတွင်ပျံဝဲနေသည့်တိမ်တွေကိုသာမြင်ရသည်၊ ထိုနေရာတွင်ဘာမှမရှိပေ။

သူတစ်ခုခုကြားလိုက်တာဘဲဖြစ်နိုင်ပါတယ်။

စာစဉ် ၁၄

အဘိုးရေအိမ်ထဲတွင်ရှိနေသည်မှာ ကြာနေပြီဖြစ်သည်၊ ကောင်းဖန်က အချိန်ကို ကြည့်လိုက်သည်၊ မိနစ်၄၀ရှိပြီဖြစ်သည်၊ ကောင်းဖန်က သူ့အသက်အရွယ်ကြောင့် အခြားအရာတွေကြန့်ကြာနေသည်လားဆိုတာကို တွေးနေမိသည်။

နောက်ထပ်နာရီဝက်လောက်ကြာတော့, ကောင်းကင်ကမှောင်မည်းလာသည်၊ ယခုမှသာအဘိုးသည် ကောင်းဖန်ဆီသို့ ဖြည်းညှင်းစွာပြန်လျှောက်လာသည်။

"ကုမ္ပဏီမှာပြဿနာတစ်ချို့ရှိနေလို့ ကြာနေတာ" အဘိုးကအေးအေးဆေးဆေး ထိုင်ပြီး

စာစဉ် ၁၄

လက်ဖက်ရည်တစ်ခွက်ကို တစ်ကျိုက်တည်း အကုန်သောက်လိုက်သည်။

ကောင်းဖန်ကသိပ်ပြီးစဉ်းစားမနေပေ၊ သူကလှည့်ကြည့်ပြီး အဘိုးကိုမေးလိုက်သည်၊ "အဘိုး၊ အဘိုးလိုချင်တဲ့ တော်ဝင်တောင်ဝံပုလွေငှက်အုပ်စုအတွက် ပြင်ဆင်မှုတွေ ပြီးပြီလား?"

ကျီဟာန့်ဝူကခဏလောက်စဉ်းစားလိုက်ပြီးနောက်၊ "တော်ဝင်တောင်ဝံပုလွေငှက်အုပ်စုအတွက်ပြင်ဆင်မှုတွေက ပြီးလုနီးပါးဘဲ၊ အဲ့တာကငါတို့လူအင်အားနည်းနေတယ်။ ငါတစ်စုံတစ်ယောက်ကို

စာစဉ် ၁၄

တောင်ဝံပုလွေ့ငှက်ဘုရင်ဆီကနေ အကူအညီယူဖို့အတွက် အမိန့်ပေးထားတယ်၊ အဲ့နောက်ဘုရင်က အသန်မာဆုံးတောင်ဝံပုလွေ့ငှက်ကိုသူတို့ရဲ့အုပ်စုအတွက် ထိန်းချုပ်မှုပေးလိမ့်မယ်၊ ဒါပြီးလို့,အချိန်အတိုင်းအတာတစ်ခုအထိ သူတို့ကိုစောင့်ရှောက်ပြီးထိန်းချုပ်နိုင်လိမ့်မယ်”

တောင်ဝံပုလွေ့ငှက်တွေက ဝါစဉ်ရှိသည့်မျိုးစိပ်တွေဖြစ်ကြသည်၊ တောင်ထိပ်တွင် ဝံပုလွေ့ငှက်ဘုရင်ရှိသည်၊ နောက်တစ်ခုကတော့၊ ထိုအုပ်စုထဲတွင် အပြင်းထန်ဆုံး တောင်ဝံပုလွေ့ငှက်တွေရှိကြပြီး ၎င်းတို့ကတောင်ဝံပုလွေဘုရင်၏အမိန့်ကိုနာခံကြသည်။

စာစဉ် ၁၄

တောင်ဝံပုလွေငှက်များကို ယဥ်ပါးအောင်မွေးမြူရန်အတွက် ကြိုးပမ်းအားထုတ်၍ရနိုင်သည်၊ အဲ့ဒီမှာပြဿနာအကြီးကြီးတစ်ခုသာရှိသည့်, ပြီးတော့ ကြီးမားတဲ့စားချင်စိတ်လည်းရှိသည်၊ သူတို့ကအများကြီးစားပေမယ့် သိပ်ပြီးတော့မသန်မာပေ။

အချိန်တွေအများကြီးသုံးပြီး အရင်းအမြစ်များကို အခြားသားရဲများထံဖြုန်းတီးလိုက်ခြင်းက တွက်ခြေကိုက်သည်။

ဒါပေမယ့်,အခြေအနေကမတူဘူးဖြစ်သည်၊ တော်ဝင်ဆေးဝါးကိုသောက်သုံးပြီးနောက်

ငင်းတို့၏အစားစားချင်စိတ်သည်
အနည်းငယ်ပို၍ကြီးထွားလာနိုင်သော်လည်း
ငင်းတို့၏ခွန်အားမှာလည်း
သိသိသာသာကြီးထွားလာမည်ဖြစ်သည်။

အကယ်၍လူသည်
ထိုပျံသန်းနိုင်သောအမျိုးအစားသားရဲများကို
ကောင်းစွာကိုင်တွယ်နိုင်ပါက ငင်းတို့သည်
ကောင်းကင်ကိုလွှမ်းမိုးခြယ်လှယ်နိုင်မည်ဖြစ်သည်။

…

ယွိကျိုးမြို့အပြင်ဘက်ရှိတစ်နေရာတွင်,
သစ်ပင်တစ်ဝက်လောက်ပျက်စီးသွားပြီဖြစ်သည်။

၎င်းကနေရာတိုင်းတွင်ပျက်စီးတော့မည့်လက္ခဏာဖြစ်သ
ည်၊ ၎င်းကရေိယာတစ်ခုလုံး
မယုံနိုင်လောက်အောင်ရွှံ့များဖြင့် ပေပွသည်မှာ
မိုးကြိုးမုန်တိုင်းရိုက်ခတ်ခံထား ရသလိုပင်ဖြစ်နေသည်၊
မြေပြင်ပေါ်ရှိအပေါက်များက
ဗွက်အိုင်များအဖြစ်ပြောင်းနေပြီ ဖြစ်သည်။

ပျက်စီးနေသောရေိယာ၏အလယ်တွင်
အက်ကွဲနေသောကျောက်တုံးနက်ကြီးများဖြင့်
ပြည့်နေသည်၊ အနက်ရောင်ကျောက်တုံးများက
ဆိုးဝါးသောလေထုကိုပေးစွမ်းနေသည်။

ကွဲနေသောကျောက်တုံး၏အတွင်းထဲတွင်
အနီရောင်တစ်စွန်းတစ်စရှိသောလက္ခဏာ ရှိနေသည်။

အော်ဟစ်နေသောငှက်များ၏အသံက
လေထဲတွင်ပြည့်နေသည်၊
ကြီးမားသောခဲရောင်ငှက်သည် ကုန်းပေါ်ကပ်လာပြီး
များစွာသောလူများက
၎င်း၏နောက်ကျောမှခုန်ဆင်းလာကြသည်။
သူတို့ကထိုဧရိယာတစ်ဝိုက်တွင် ခြတ်ပုံများရိုက်ကြပြီး
ကျောက်တုံးနမူနာများကိုကောက်ယူကြသည်။

တစ်စုံတစ်ခုကိုရှာဖွေရန်
ကိရိယာကိုသုံးသောသူတစ်ဦးက
ရှာဖွေမှုကိုရပ်၍ပြောလိုက်သည်။
"စိတ်ဝိညာဉ်တောင်ရဲ့အမြုတေက ဖယ်ထုတ်ခံလိုက်ရပြီ"

စာစဉ် ၁၄

“မျှော်လင့်ထားတဲ့အတိုင်းဘဲ၊ စိတ်ဝိညာဉ်တောင်ရဲ့နမူနာတစ်ချို့ကိုယူလိုက်”

လူအုပ်စုအဖွဲ့က လျှင်မြန်စွာဖြင့်ယူပြီးနောက် ငှက်ပေါ်သို့တက်ပြီး ထိုဧရိယာမှပြန်သွားတော့သည်။

***

စာစဉ် ၁၄

## အခန်း ၂၁၀ ၃ စက္ကန့်

“မစ္စတာကျိုက စိတ်ဝိညာဉ်တောင်ကို လွှန်ခဲ့တဲ့ တစ်နာရီက စွမ်းအားပြင်းတဲ့ မိုးကြိုးတိုက်ကွက်နဲ့ တိုက်ခိုက်ဖျက်ဆီးခဲ့တယ်.. သူက ကျုပ်တို့ လူသားတွေရဲ့ လုပ်နိုင်စွမ်းကို ပြသခဲ့တယ်.. အဲဒီအတွက် ကျုပ်တို့ ဆွေးနွေးမှုတွေ လုပ်မှာဖြစ်တယ်.. ဘယ်တော့မှ လက်မလျှော့ဘူး.. ဒါက ကျုပ်တို့ရဲ့ ဥပဒေပဲ..စိတ်ဝိညာဉ်တောင်ကို တစ်ချက်တည်းနဲ့ အလဲထိုးခဲ့တဲ့ အချိန်မှာ မစ္စတာကျိုက လူသားတွေရဲ့ စွမ်းအင်ကို ပြသခဲ့ပြီးပြီ” စစ်တပ်ညီလာခံစားပွဲတွင် ထိုင်နေသည့် အထက်တန်း အရာရှိက ပြောလိုက်သည်။

“မစ္စတာကျီက စိတ်ဝိညာဉ်တောင်တွေရဲ့ သောင်းကျန်းမှုကို သည်းမခံနိုင်တော့လို့ ရှေ့ထွက်လာပြီး ကူညီပေးတာပဲ”

“မစ္စတာကျီက ကျုပ်တို့ကို ဂရုစိုက်တယ်ဆိုတာ တကယ်သေချာတယ်”

“အဲဒီစိတ်ဝိညာဉ်တောင်တွေက ခေါင်းဆက်မာနေဦးမယ် ဆိုရင်တော့ ကျုပ်တို့အကြောင်း ပြရသေးတာပေါ့”

စိတ်ဝိညာဉ်တောင်များသည် သူတို့ထဲမှ တစ်ကောင်မရှိတော့သည်နှင့် ချက်ချင်း

ခံစားမိတတ်ကြသည်။ သူတို့သည် အလွန်စိတ်ခံစားလွယ်သူများလည်း ဖြစ်ကြသည်။

သို့သော် စိတ်ဝိညာဉ်တောင်အနည်းငယ်ကသာ လက်တုံ့ပြန်တတ်ကြပြီး အများစုကတော့ ကြောက်တတ်ကြသည်။

သူတို့ အသိစိတ်ကပ်သွားသည့် အချိန်မှာတော့ သူတို့တွင် ကြီးမားသောစွမ်းအင်များ ပိုင်ဆိုင်ထားသည်ကို သဘောပေါက်သွားခဲ့ကြသည်။ သူတို့သည် အနီးအနားတွင် ရှိသော သက်ရှိများအားလုံးကို ဖျက်ဆီးပစ်နိုင်သည်။ သူတို့သည် အချိန်ကြာလာသည်နှင့်အမျှ ပို၍ ဒေါသထွက်လာကြသည်။

စာစဉ် ၁၄

သူတို့သည် တောင်ဘုရင်များ ဖြစ်သောကြောင့် သူတို့အားလုံးသည် စွမ်းအင်ကြီးမားကြသည်ဟု တွေးနေခဲ့ကြသည်။

သို့သော် သူတို့၏ အဖွဲ့ထဲမှ တစ်ကောင်သေသွားပြီဆိုသည့် သတင်းကို ရုတ်တရက် ရရှိလိုက်သည်။

ထိုသို့ဖြင့် စိတ်ဝိညာဉ်တောင်များသည် သွေးပျက် ထိတ်လန့်လာကြသည်။ သူတို့သည် ဘာမှ မတွေးနိုင်တော့ပေ။

ထိုသို့ဖြင့် ယွိကျိုးမြို့သည် ဆက်လက်လာမည့် ညှိနှိုင်းမှုများတွင် အသာစီးရသွားခဲ့သည်။

…

ကောင်းဖန်သည် အစင်းလေးကို ပင့်ကူမလေးအကြောင်း ကတိပေးထားသောကြောင့် ထိုကတိကို မဖျက်ချင်ပေ။

“သွားရအောင်.. မင်းကို ခေါ်သွားပေးမယ်” ကောင်းဖန်က သူနိုးသည်နှင့် အစင်းလေးကို ပြောလိုက်သည်။ ထို့နောက် အစင်းလေးကို ကျောင်းခေါ်သွားလိုက်သည်။

သူစထွက်လိုက်သောအခါ သူ၏ ကိုယ်ပိုင်သားရဲများသည် သူ့ဆီပြေးလာကြသည်။

“မင်းတို့ဘာလုပ်နေကြတာလဲ” ကောင်းဖန်က မေးလိုက်သည်။

သို့သော် ကိုယ်ပိုင်သားရဲများသည် ကောင်းဖန်ကို ဘာမှမပြောပဲ တောက်ပနေသော မျက်လုံးများနှင့်သာ စိုက်ကြည့်နေကြသည်။

ကောင်းဖန်သည် ဘာပြန်ပြောရမှန်း မသိတော့ပေ။ “လုပ်ချင်တာလုပ်ကြတော့”

စာစဉ် ၁၄

၂ နာရီကြာသောအခါ ကောင်းဖန်သည် မြင်းမှီးဆံပင်ချည်ထားသော မိန်းကလေးနှင့် ချိန်းထားသော နေရာသို့ရောက်သွားသည်။ သူသည် ဂိုဒေါင်ကို ကြည့်ကာ သက်ပြင်းချလိုက်သည်။ “ကျွန်တော်တို့က ကိုယ်ပိုင်သားရဲ ၂ ကောင်ကိုပဲ သားဖောက်နိုင်အောင် မိတ်လိုက်ဖို့ လုပ်တာပါ.. ဒီလိုနေရာကြီးမှာ တွေ့ဖို့လိုလို့လား.. တစ်ခုခု ဒုစရိုက်မှု ကျူးလွန်ရတော့မှာ ကျနေတာပဲ”

မိန်းကလေးက အနည်းငယ် ရှက်ရွံ့စွာဖြင့် လှည့်ကြည့်လိုက်သည်။ “အရမ်းမတွေးပါနဲ့.. ဒီလိုဟာမျိုးက ဒီလို နေရာမျိုးမှာ လုပ်ရမယ်လို့ ထင်သွားလို့ပါ”

စာစဉ် ၁၄

"ထားလိုက်ပါတော့" ကောင်းဖန်သည် ပြောစရာစကား မရှိတော့ချေ။

စက္ကန့် ၃၀ ခန့်ကြာသောအခါ အစင်းလေး၏ တစ်ကိုယ်လုံးသည် တောင့်တင်းလာသည်။ သူသည် ပတ်ပတ်လည်နံရံကြားမှ သူ့ကို ပြူတစ် ပြူတစ် ချောင်းနေသော ခေါင်းများကို စိတ်မသက်သာစွာ ကြည့်လိုက်သည်။ "မင်း.. မင်းတို့ ငါ့ကို မကြည့်နေလို့ မရဘူးလား.. အထူးသဖြင့် ဟိုကောင်ဂိုဒီ"

အစင်းလေး၏ အရှေ့တစ်ကိုက်လောက်တွင် အဝါရောင်ဘဲကြီးသည် ဆောင့်ကြောင့်ထိုင်နေသည်။ သူသည် အရှေ့ကို ယိုင်လျက် လည်ပင်းကြီးကို ဆန့်ကာ အစင်းလေးကို စိုက်ကြည့်နေသည်။

စာစဉ် ၁၄

“မင်းက ဘာလုပ်ဖို့ စဉ်းစားနေတာလဲ.. ဒီလောက် နီးနီးကပ်ကပ် လာထိုင်ကြည့်နေပြီးတော့လေ.. မင်းကိုယ်ပေါ်က အမွေးတွေသာ ပြောင်နေအောင် သွားရိတ်စမ်းပါ” အစင်းလေးသည် ရှူးမတတ် ဖြစ်နေသည်။

အစင်းလေးသည် ခြေတစ်ချောင်းကို ထုတ်လိုက်ကာ အရှေ့ကို တစ်ချက်ကန်ထုတ်လိုက်သည်။ ထိုအခါ အဝါရောင် အမွေးပွကုတ်သည် ဂိုဒီကိုယ်ပေါ်မှ ပြုတ်ကျလာကာ အောက်မှ ပြောင်နေသော အသားများ ပေါ်လာသည်။

## စာစဉ် ၁၄

ဂိုဒီသည် တစ်ချက်အော်လိုက်သည်။ ထို့နောက် ပါးကြီး ၂ ဖက် တုန်ကာ ပြန်လှည့်ပြေးသွားသည်။

တာ့ဇီက စိတ်ပျက်လက်ပျက် ပြောလိုက်သည်။ “မြန်မြန်လုပ်ပါ.. ၃ စက္ကန့်လောက်ပဲ ကြာမယ့် ကိစ္စကို”

“၃ စက္ကန့်..” ဆစ်လီသည် အစင်းလေးကို အံ့သြတကြီးနှင့် စပ်စုစွာ ပြူးကြည့်လိုက်သည်။

“ငါကတော့ ၃ စက္ကန့်တော့ မဟုတ်ပါဘူးဟ” အစင်းလေး၏ တစ်ကိုယ်လုံး အမွေးများ ထောင်တက်သွားသည်။

နောက်ဆုံးတော့ အစင်းလေးသည် သူ့ဘေးပတ်ပတ်လည်တွင် အဖြူရောင် ပင့်ကူမျှင်ထား

ဖြန့်ကျက်ပိတ်လိုက်သောကြောင့် ကျန်သော သားရဲများသည် သူတို့ မြင်ချင်သည်ကို မမြင်ရတော့ပေ။ အပြင်ဘက်မှနေ၍ ဘာမှကို မမြင်ရတော့ချေ။

ဖလိမ်မီသည် တံတွေးတစ်ချက်ထွေးလိုက်သည်။

“အသုံးမကျတဲ့ ပင့်ကူ”

“သူ့ရဲဘောကြောင်တဲ့ကောင်”

ကိုယ်ပိုင်သားရဲများသည် မကျေမချမ်းပြောပြီး ထွက်သွားကြသည်။

## စာစဉ် ၁၄

နာရီဝက်ခန့် အကြာတွင်တော့ ပင့်ကူမျှင်များသည် ပျောက်ကွယ်လာပြီး အစင်းလေး ထွက်လာသည်။ သူ့ကျောကုန်းပေါ်တွင် အဖြူရောင် ပင့်ကူမလေးတစ်ကောင် ပါလာသည်။ ပင့်ကူမ၏ အပြာရောင် မျက်လုံးသည် အနီရောင်သို့ ပြောင်းသွားသည်။ သူသည် အစင်းလေး၏ အနက်ရောင် ကျောခွံကို ကိုက်ထားသည်။

ကောင်းဖန်သည် မျက်လုံးတစ်ချက် မှေးကာကြည့်လိုက်သည်။

ဖလိမ်မီက ထိုအခြင်းအရာကို မြင်သောအခါ နောက်ကို တစ်ချက်ဆုတ်သွားသည်။

စာစဉ် ၁၄

ကောင်းဖန်သည် တိရစ္ဆာန်လောကတွင် ပင့်ကူများသည် မိတ်လိုက်ပြီးနောက် ပင့်ကူမက ပင့်ကူထီးကို ပြန်စားတတ်သည်ဟု ကြားဖူးသည်။ အနီးအနားတွင် လုံလောက်သော အာဟာရ မရှိပါက ပင့်ကူထီးက ပင့်ကူမအတွက် အာဟာရအဖြစ် ဖြည့်ဆည်းပေးရသည်။

ကောင်းဖန်သည် ထိုပင့်ကူမကို အတွေးအခေါ် မြင့်မားမည်ဟု ထင်ထားခဲ့မိသည်။ ယခုလို ပြုမူမည်ဟု မထင်မိချေ။

ကောင်းဖန်သည် ခေါင်းကို စိတ်ပျက်စွာ ခါယမ်းလိုက်သည်။ ထိုကိစ္စကို မိန်းကလေးက ရည်ရွယ်ချက် ရှိရှိလုပ်သလား သေချာမသိသော်လည်း

ကောင်းဖန်ကတော့ သူမ၏ ကိုယ်ပိုင်သားရဲ၏ အပြုအမူကို သဘောမကျပါချေ။

အစင်းလေး၏ ကျောပေါ်မှ ပင့်ကူမ၏ ပါးစပ်တွင် သွေးများပေကျံနေသည်။ အစင်းလေး၏ ကျောသည် ထင်ထားတာထက် မာသောကြောင့် သူက အစင်းလေးကို ကိုက်သောအခါ သွားများ ပဲ့ထွက်နေခြင်း ဖြစ်သည်။ သွေးများသည် သူမပါးစပ်တွင်းမှ စီးကျနေသည်။ အစင်းလေးသည် ပင့်ကူမကို စိတ်မရှည်ဖြစ်လာသောကြောင့် ကျွမ်းပစ်ကာ ရုတ်တရုတ် ကျောပေါ်မှ ခါချလိုက်သည်။

ထိုအခါ အစင်းလေး၏ ကြီးမားသော ကိုယ်လုံးကြီးသည် ပင့်ကူမ ပေါ်ကို ပိသွားပြီး

ပင့်ကူမသည် မလှုပ်နိုင် ဖြစ်သွားသည်။ အစင်းလေးသည် ဒေါသထွက်နေပြီး အစင်းလေးကျောကို ကိုက်ထားသော ပင့်ကူမသည် တစ်ကိုယ်လုံးတောင့်တင်းသွားသည်။ ထို့နောက် အနီရောင်မျက်လုံးများ ပျောက်သွားပြီး အစင်းလေးကို ကြောက်လန့်စွာ ကြည့်လိုက်ကာ တောင်းပန်နေတော့သည်။

"ဟာ.. ရှင့်ရဲ သားရဲက ဘာလုပ်တာလဲ" မိန်းကလေးက အော်ပြောလိုက်သည်။ သူမသည် သူ့ကိုယ်သူ နစ်နာသူပုံစံနှင့် အစင်းလေးကို ကြည့်ကာ ဒေါသထွက်နေသည်။

စာစဥ် ၁၄

ကောင်းဖန်က မျက်မှောင်တစ်ချက် ကြုတ်လိုက်ပြီး အစင်းလေးကို လက်ပြလိုက်သည်။ “ တော်တော့ အစင်းလေး သွားရအောင်”

အစင်းလေးသည် ပင့်ကူမကို ခြိမ်းခြောက်လိုက်ပြီးနောက် ဖြည်းဖြည်းချင်း ပြန်ထကာ ထွက်သွားလိုက်သည်။

…

“ဒါကတော့ ကျုပ်တို့ လေ့ကျင့်ထားတဲ့ တော်ဂင်တောင်ဝံပုလွေ ၄ကောင်စစ်တပ်ပါ.. အဆင့်အတန်း တော်တော်လေး မြင့်ကြပါတယ်” အဖြူရောင် ကုတ်နှင့်

မျက်မှန်တပ်ထားသော သူက ကျီဟန့်ဝူကို
ကွင်းပြင်ကျယ်ထဲတွင် ရှင်းပြနေသည်။

ကွင်းထဲတွင် ရွှေရောင်နှင့်
အနက်ရောင်များပါဝင်သော ကော်ဇောပုံတစ်ခု ရှိနေပြီး
ဘေးတွင် ကြီးမားသော သံသေတ္တာတစ်လုံး
ပိတ်လျက်သား ရှိနေသည်။

ကော်ဇောကို အနီးကပ်ကြည့်လျှင်တော့
လူတစ်ယောက် အရပ်လောက် ရှိသော ရွှေရောင်အမွှေးရှိ
စာကလေးများနှင့် ပြုလုပ်ထားသည်ကို တွေ့ရနိုင်သည်။

## စာစဉ် ၁၄

ကြီးမားသော စာငှက်များတွင် သူတို့၏ မျက်လုံးတစ်ဝိုက်၌ အမည်းရောင် အရစ်များ ရှိကြပြီး အတောင်ပံတွင် အမည်းရောင် အမွေးများ ရှိကြသည်။

တော်ဂင်တောင်ငှက် တစ်ကောင်က တစ်ချက် အော်မြည်လိုက်သည်။

သူတို့ထဲတွင် ထူးထူးခြားခြား ၂ ပေလောက်ပိုကြီးသော ငှက်တစ်ကောက်ရှိသည်။ သူသည် အုပ်စုထဲမှ ခွဲထွက်ပျံသန်းလိုက်ပြီး အမည်းရောင်ရုပ်နှင့် လူငယ်တစ်ယောက် ရှေ့တွင် ရှိသေစွာ ဆင်းသက်လိုက်သည်။

## စာစဉ် ၁၄

ထိုငှက်သည် အခြားငှက်များထက် ကြီးရုံသာမက ခေါင်းပေါ်တွင်လည်း သရဖူပုံစံလို အမောက်တစ်ခု ရှိနေသည်။

ကျိဟန့်ဝူသည် စစ်တမ်းကောက်သူများကို ကြည့်ကာပြောလိုက်သည်။ "သူတို့ရဲ့ တိုက်ပွဲထိရောက်မှုကို စမ်းသပ်ကြည့်ရအောင်"

စစ်တမ်းကောက်သူက ခေါင်းညိတ်လိုက်ပြီး သူ့မျက်လုံးများသည် တက်ကြွနေသည်။ "ဥက္ကဋ္ဌကျိ.. ဒီငှက်တွေရဲ့ အစွမ်းက တကယ်ကို ကောင်းမွန်လှပါတယ်.. ကျွန်တော်ကတော့.."

သူသည် စကားပြောနေရင်း သူ့လက်ထောက်ကို လှောင်အိမ်အား ဖွင့်ခိုင်းလိုက်သည်။

အလုံပိတ်ထားသော သံသေတ္တာကြီးသည် တဖြည်းဖြည်း ပွင့်လာပြီး ဟိန်းသံတစ်ခု ထွက်လာသည်။ ထို့နောက် ၁၀ ပေ မြင့်ပြီး ပေ ၂၀ ရှည်သော တောဝက်ကြီးတစ်ကောင် ထွက်လာသည်။ တောဝက်ကြီး၏ အစွယ်သည် သူ၏ အပေါ်နှုတ်ခမ်းဆီမှ တိုးထွက်နေသည်။ သူ့ပုံစံသည် ကြောက်ခမန်းလိလိ ဖြစ်သည်။

မြေကြီးသည် သူလမ်းလျှောက်လိုက်တိုင်း သိမ့်သိမ့်တုန်သွားသည်။

စာစဉ် ၁၄

သူသည် ကွန်မန်ဒါအဆင့် သားရဲ ဖြစ်သည်။ ပုံမှန်အားဖြင့် တောင်ဝံပုလွေငှက်များသည် ထိုအဆင့်ရှိသော သားရဲကို တိုက်ခိုက်လေ့ မရှိပေ။ သူတို့ အကောင်ရေနည်းနေမှာ သို့မဟုတ် ဗိုက်ဆာနေမှသာ တိုက်ခိုက်ကြမည် ဖြစ်သည်။

ငှက်တစ်ကောင်က ထအော်လိုက်ပြီး မရေတွက်နိုင်သော ငှက်များသည် လေထဲသို့ ထပျံလိုက်ကြကာ ငှက်အော်သံများ ဆူညံသွားသည်။

ငှက်တစ်ကောင်သည် အော်မြည်ကာ တောင်ပံများကို ခတ်လျက် တောဂက်ဆီသို့ တစ်ဟုန်ထိုး ပျံလိုက်သည်။

စာစဉ် ၁၄

သူ့ပုံစံသည် အချက်ပြလိုက်သလို ဖြစ်ကာ ကျန်သော ငှက်များသည် တောဂက်ကို ဝိုင်းလိုက်ကြသည်။

တောဂက်၏ အသားများ ပွဲထွက်ကာ သနားစရာ အော်သံကို သနားစရာ ကြားနေရသည်။

၁၀ မိနစ်ခန့်ကြာသောအခါ ငှက်များသည် လေထဲသို့ပျံတက်လိုက်ကြသည်။ မြေပြင်တွင်တော့ သွေးများနှင့် အရိုးများသာ အချို့သော အသားစများနှင့် ကျန်ခဲ့တော့သည်။

“ဒါက သူတို့အစွမ်း အကုန်မဟုတ်သေးပါဘူး.. ဒီငှက်တွေက တော်ဂင်ဆေးဝါးကို ဆက်စားနေရမယ်ဆိုရင် သူတို့ရဲ့ ခွန်အားက

ပိုကြီးလာမှာပါ.. ဒီဆေးကို တီထွင်ခဲ့တဲ့သူက ဘယ်သူလဲတော့ မသိပေမယ့် တကယ့်ဉာဏ်ကြီးရှင်ပါပဲ” စစ်တမ်းကောက်သူက လေးစားနေသည့် လေသံဖြင့် ပြောလိုက်သည်။

***

# စာစဉ် ၁၄

## *အပိုင်း ၂၁၁ ချန်ကျန့်မင်*

ဟီးဟီး၊ သေချာတာပေါ့၊ ငါ့မြေးကညာဏ်ကြီးရှင်ဘဲ။ ကျီဟာန့်ဝူက ကောင်းဖန်ကို ဘာစကားမှမပြောဘဲပြုံးကာ ကြည့်နေသည်။

ညပိုင်းသို့ရောက်သည်နှင့် ကောင်းဖန်သည် သူ၏ကိုယ်ပိုင်သားရဲများကို စ၍လေ့ကျင့်တော့သည်။

လေ့ကျင့်ရေးကွင်းလယ်တွင် ဒမ်ဘီနှင့်ဂိုဒီတို့သည် တိုက်ခိုက်ရန်အတွက်ပြင်ဆင်နေကြသည်။ ၎င်း၏အာဟာရပြည့်ဝသောအစားအစာကြောင့် ဂိုဒီ၏အဆင့်သည် ဆယ့်သုံးအထိအောင်မြင်စွာတိုးမြင့်လာခဲ့သည်။

## စာစဉ် ၁၄

အဝါရောင်အမွေးများဖုံးလွှမ်းလျက်, ဂိုဒီသည် ၎င်း၏လမ်းကြောင်းဖြစ်သည့်ကွင်းလယ်ကို ဖြေးညင်းစွာလျှောက်လာပြီး ၎င်း၏အဝါရောင်အမွေးဂျက်ကတ်ကိုဖယ်လိုက်ကာ, ထုံးကျောက်ကဲ့သို့ဖြူသောအသားအရေနှင့် ဖောင်းကားနေပြီး ကောင်းမွန်သော ကြွက်သားစိုင်းများကိုပေါ်လွင်စေသည်၊ သူ့အရေအပြားပေါ်ရှိအပြာရောင်ပုံစံကွက်များ သည်အသက်ဝင်နေသကဲ့သို့အရောင်အသွေးများစီးဝင်ေ ကြေသည်။ ၎င်း၏အတောင်များကို ညင်သာစွာခတ်လိုက်ခြင်းဖြင့် ၎င်း၏ကြွက်သားများနှင့်အရိုးများသည် အားအင်ပြည့်ဝလှသောအသံများထွက်ပေါ်လာတော့သ ည်။

စာစဉ် ၁၄

ဂိုဒီကအသက်ရှူလိုက်ပြီးနောက်, ဘယ်ကမှန်းမသိထွက်လာသည့် သစ်သားလည်ဆွဲကို ထုတ်ကာလည်ပင်းမှာဝတ်ထားလိုက်သည်၊

“ခဏလေး, အဲ့လည်ဆွဲကဘယ်ကရလာတာလဲ?” ကောင်းဖန်က ရုတ်တရက်မေးလိုက်သည်၊ ဒီမှာတစ်ခုခုမှားနေသလိုဘဲ။

“ငါပါ၊ ငါ့အထင်ဂိုဒီရဲ့စိတ်နေစိတ်ထားက သိပ်မဆိုးလှဘူး, ပြီးတော့အဲ့ကောင်က လည်ဆွဲဝတ်ထားရင်ပိုကြည့်ကောင်းမယ်လို့ထင်လို့, သူ့ကိုတစ်ခုပေးထားတာ၊ ဘဲလေးက

ကြည့်ရတာအဲ့တာကိုကြိုက်တယ်ထင်ပါ့” ကျီဟန့်ဝူက ရယ်ကာပြောလိုက်သည်။

ဂိုဒီကယက်ကန်ယက်ကန်ဖြင့်
ရှေ့သို့တစ်လှမ်းတိုးလာပြီး
၎င်း၏ဘယ်ဘက်တောင်ပံကိုဖြန့်လိုက်သည်။
၎င်း၏တောင်ပံထိပ်သည်
ပြေသာစွာဖြင့်အပေါ်သို့ကော့တက်နေသည်။

၎င်း၏ညာဘက်အတောင်ပံကို
၎င်း၏နောက်ဘက်တွင် ထောင့်ဖြတ်ဖြန့်ထားသည်၊
၎င်း၏ခန္ဓာကိုယ်ကိုအနည်းငယ်ကိုင်းလိုက်ကာ,
၎င်းကသူ၏မျက်ခုံးများကိုမျက်မှောင်ကြုတ်၍
ဒမ်ဘီကိုလေးနက်သောအမူအရာဖြင့် ကြည့်လိုက်သည်။

စာစဉ် ၁၄

တကယ်အတည်ကြီးလားဟ!

“ဂတ်!”
ညာဘက်ခြေထောက်ကိုမြေပြင်သို့ချထားစဉ် ဂိုဒီ၏ဘဲကြွက်သားများက တုန်ခါသွားတော့သည်၊ နောက်အခိုက်အတန့်တွင် ၎င်းသည်သေးငယ်သော အဖြူရောင်လေဆင်နှာမောင်းတစ်ခုအဖြစ်သို့ပြောင်းသွားပြီး ဒမ်ဘီဆီသို့ပြေးသွားတော့သည်။

၇၂ဝဒီဂရီလှည့်ပြီးနောက် လေထဲသို့ခုန်ဝင်လိုက်ပြီး ဂိုဒီသည်၎င်း၏ညာတောင်ပံကို ကျစ်ကျစ်ဆုပ်လိုက်ပြီး ဒမ်ဘီကိုထိုးရန်ဆင်းချသွားသည်!

စာစဉ် ၁၄

ဖတ်! ဒမ်ဘီကယင်ရိုက်သလို လက်ဖဝါးဖြင့်ပေါ့ပေါ့ပါးပါးဖြင့် ဂိုဒီအားအဝေးသို့ ရိုက်လိုက်သည်။

ဂိုဒီကနောက်သို့လျင်မြန်သောအရှိန်ဖြင့်ပျံထွက်သွားသည်။

ဂိုဒီ၏ပင်ကိုစွမ်းရည်ဖြစ်သည့် မျက်နှာပြင်စွမ်းရည်သည်အစပျိုးခံရမည့်ဖြစ်နိုင်ခြေအချို့သာရှိပြီး ၎င်းသည်၁၀၀%အောင်မြင်မှုနှုန်းတစ်စုံတစ်ခုမရှိနိုင်ပေ။ ဒီတစ်ကြိမ်မှာ တော့, ၎င်းကရှင်းလင်းစွာဖြင့်အစပျိုးရာနေရာကိုမထိမိပုံရသည်။

စာစဉ် ၁၄

လက်မလျှော့ဘဲ,
ဂိုဒီသည်ခြေဖဝါးအားပွတ်ဆွဲလိုက်ကာ
ဒမ်ဘီဆီသို့ဒေါသထွက်စွာဖြင့်
ယက်ကန်ယက်ယန်အပြေးအလွှားသွားတော့သည်။
နောက်တစ်ကြိမ်
၎င်းကဒမ်ဘီကိုတစ်ချက်ကန်ခံလိုက်ရပြီး
ပျံထွက်သွားစေပြန်သည်။

ဒီဖြစ်စဉ်တစ်ခုလုံးတွင်,
ဒမ်ဘီကအားအများကြီးမသုံးဘဲ
ပျံထွက်သွားစေရန်မျှသာ သုံးလိုက်သည်။

စာစဉ် ၁၄

ထိုကန်ချက်ပြီးသွားပြီးနောက်, ဂိုဒီ၏စွမ်းရည်သည် နောက်ဆုံးတော့အသက်ဝင်လာသည်၊ ခရမ်းရောင်အလင်းတန်းက ဂိုဒီ၏ခန္ဓာကိုယ်မှထွက်လာပြီး အရွယ်အစား အနည်းငယ်ကြီးလာသည်။

အစပိုင်းမှစ၍, ဒမ်ဘီနောက်ဆုတ်နေခဲ့သည်, မဟုတ်လျှင်ခွန်အားအပြည့်ပါသည့် ဒမ်ဘီ၏လက်သီးတစ်ချက်က ဂိုဒီကိုသင်္ချိုင်းဆီသို့ကောင်းကောင်းပို့ပေးနိုင်သည်။

ထို့ကြောင့် ဆယ်မိနစ်ကျော်ကြာတိုက်ခိုက်ပြီးနောက် ဂိုဒီ၏အမြင့်သည်တဖြည်းဖြည်း

စာစဉ် ၁၄

ဒမ်ဘီနှင့်နီးကပ်လာသည်။
ဂိုဒီ၏အကြမ်းခံပြီးသန်မာမှုက
အနည်းငယ်ပေါက်ကွဲလာကာ
ဒမ်ဘီအားဆန့်ကျင်ရန်အကြိမ်အနည်းငယ်လောက်ကြာ
အောင်ထိန်းပေးသည်။

ကောင်းဖန်ကတိတ်တဆိတ်ဖြင့်ခေါင်းယမ်းလိုက်သ
ည်။ ဂိုဒီ၏အဆင့်ကလက်ရှိတွင် အတော်လေးနိမ့်သည်၊
ရန်သူအားဆန့်ကျင်မည်ဆိုလျှင်
ဂိုဒီသည်၎င်း၏စွမ်းရည်များကို အသက်သွင်းရန်
အခွင့်အရေးမရခင်တွင်ပင်ပြီးဆုံးသွားလိမ့်မည်၊
အခြားသောသားရဲများ
ကဒမ်ဘီကဲ့သို့နောက်ဆုတ်ပေးမည်မဟုတ်ပေ။

စာစဉ် ၁၄

အကယ်၍အနာဂါတ်မှာသာ,
ဂိုဒီ၏စွမ်းရည်ကိုမကြာခဏသုံးလာခဲ့ပါက,
အခြားသူများသည် ထိုစွမ်းရည်နှင့်အသားတကျရှိလာပြီး
တန်ပြန်တိုက်ရန်အခွင့်အရေးယူမှုများကို
ရှာဖွေကြလိမ့်မည်။

သေချာတာပေါ့,
ဒါကဂိုဒီ၏အဆင့်သည်အရမ်းနိမ့်တာကြောင့်
အဆင့်မြင့်သော သားရဲတွေက
၎င်းကိုမခြွင်းမချန်ခြေမှုန်းပစ်လိမ့်မည်။

နာရီဝက်ကြာပြီးနောက်၊
ဂိုဒီ၏ခန္ဓာကိုယ်အရွယ်အစားသည် မိုးပျံပူဖောင်းလိုမျိုး
၂၅ပေကျော်မြင့်လာသည်။ ထို့နောက်ကောင်းဖန်က

၎င်း၏ခန္ဓာကိုယ်အရွယ်အစား တိုးလာမှုသည် ၎င်း၏လက်ရှိခန္ဓာကိုယ်အရွယ်အစား၏အချိုးအစားပေါ် အခြေခံပြီး အဆက်မပြတ်တိုးလာခြင်းဖြစ်ကြောင်း သဘောပေါက်လိုက်သည်။

ဥပမာအားဖြင့်, စွမ်းရည်၏ပထမအသက်သွင်းခြင်းသည် ဂိုဒီ၏အစောပိုင်းကိုယ်ထည် အရွယ်အစားကို သတ်မှတ်ထားသောအတိုင်းအတာတစ်ခုဖြင့် တိုးမြင့်ခွင့်ပြုပါက, ဒုတိယအသက်သွင်းခြင်းသည်လည်း အတိုင်းအတာတစ်ခုအနေဖြင့်တိုးလာစေမည် ဖြစ်ပြီး, ၎င်းသည်တတိယမြောက်အသက်သွင်းခြင်းအတွက်လ ည်း အတူတူပင် ဖြစ်လိမ့်မည်။

စာစဉ် ၁၄

ၡင်းသည်သင်္ချာဂဏာန်းဆိုင်ရာတိုးတက်မှုဖြစ်ပြီး ကိန်းဂဏာန်းဆိုင်ရာတစ်ခုတည်းတင် မဟုတ်ဘူး အဓိပ္ပါယ်ရှိစေသည်၊ ၎င်း၏ကြီးထွားမှုကန့်သတ်ချက်တစ်စုံတစ်ရာမရှိဘဲ, ထိုစွမ်းရည်ကအရမ်းကိုများနေလိမ့်မည်။

အဆုံးမှာတော့,ဂိုဒီကတကယ်တော့ တိုက်ခိုက်မှုမှာအရသာတွေ့နေသည်၊ ၎င်းသည် အရင်ကဒီလောက်ကြီးထိမကြီးဘူးပေ၊ ပေ၃ဂရှည်လျားသောဂိုဒီကစူးစမ်းချင်စိတ်ဖြင့် ၎င်း၏ခြေထောက်အောက်ရှိကမ္ဘာကြီးကိုငုံ့ကြည့်လိုက်သည်၊ “ဂတ်!” ဒီကမ္ဘာကြီးက စိတ်ဝင်စားစရာကောင်းသားဘဲ! ငါဆက်ပြီးကြီးလာရင်, ကမ္ဘာကြီးကလည်း သေးသထက်သေးလာလိမ့်မယ်! …

စာစဉ် ၁၄

နောက်တစ်နေ့အတန်းရောက်သောအခါ ကောင်းဖန်ကစာသင်ခန်းထဲသို့အလျင်အမြန် လျှောက်လာသည်။ ကထိကမရောက်သေးပေမယ့် စာသင်ခန်းကပြည့်လုနီးပါးဖြစ်နေပြီဖြစ်သည်၊ ဒီကထိက၏အတန်းကအလွန်ရေပန်းစားလှသည်။

ကောင်းဖန် ဝမ်းနည်းသွားတော့သည်၊ ၎င်းကစိတ်ကြိုက်ဘာသာဖြစ်ပြီး သူ့အရမ်းကြိုက်သည်၊ ဘာထိုင်ခုံမှမကျန်ခဲ့လောက်အောင်ကံမကောင်းဖြစ်နေတာ တော့မလား?

ကောင်းဖန်သည် စာသင်ခန်းကိုဝေ့ဝဲကြည့်ပြီးတဲ့နောက်, နောက်ဆုံးတွင်တော့,

ဘယ်ဘက်ခြမ်းအတန်းနောက်ဘက်ရှိ
ထိုင်ခုံအလွတ်တစ်ခုကိုတွေ့လိုက်ပြီး
ထိုထိုင်ခုံနေရာကိုသွားလိုက်သည်။

ထိုင်ခုံမှာထိုင်ချပြီးထိုင်ခုံဖင်တောင်မပူသေးခင်တွင်
သူ့ဘေးမှတစ်စုံတစ်ယောက်က
အေးစက်စွာပြောလိုက်သည်, "ဒီမှာတစ်ယောက်က
အစကတည်းကထိုင်ပြီးသား, တခြားထိုင်ခုံသွားရှာချည်"

တစ်စုံတစ်ယောက်ကဒီမှာရှိနေပြီးသား?

ကောင်းဖန် ထိုင်ခုံကိုငုံ့ကြည့်လိုက်ပေမယ့်
ဘာမှမရှိပေ၊ တစ်စုံတစ်ယောက်
ပိုင်ဆိုင်သည့်တခြားဘာအရာ, ဘာစာအုပ်မှမရှိပေ။

စာစဉ် ၁၄

ခဏစဉ်းစားပြီးနောက်, ကောင်းဖန်ကထရပ်လိုက်သည်။

ကောင်းဖန်ကနာခံစွာဖြင့် သူ့ခြေရင်းသို့လာရပ်မည်ကိုကြည့်ရင်း ထိုလူကပြုံးလိုက်သည်။

ကောင်းဖန်က ဘာမှမရှိသည့်ထိုင်ခုံကိုစိုက်ကြည့်လိုက်ပြီးနောက် အော်လိုက်သည်, "ထွက်သွားစမ်း!"

ထိုသို့ဖြင့်, သူ၏နောက်ပိုင်းဖြင့်ပြန်ထိုင်ချလိုက်ပြီး အနီရောင်အကျီနှင့်ကောင်လေးကို

ကြည့်၍ပြုံးကာပြောလိုက်သည်, “အိုကေ, အခုဒီမှာဘယ်သူမှမရှိတော့ဘူး”

အနီရောင်ရှပ်အင်္ကျီနှင့်ကောင်လေးက သူ၏လက်သီးကိုကျစ်ကျစ်ပါအောင်ဆုပ်လိုက်ပြီး သူ့မျက်နှာကဖြူဖျော့လာသည်၊ သူ့ပတ်လည်ကလူတွေက သူ့ကိုကြည့်ပြီး ရယ်နေသည်ဟုခံစားလိုက်ရသည်၊ ချန်ကျန့်မင်သည် ဒီလိုမျိုးအရင်ကဘယ်တုန်းကမှ မခံစားဘူးပေ။ သူကလှည့်ကာ ကောင်းဖန်အား စူးစူးဝါးဝါးစိုက်ကြည့်လိုက်သည်၊ “မင်းလိုငရှုပ်လေးကများ, မင်းကငါနဲ့လာကစားနေတာလား?”

စာစဉ် ၁၄

ကောင်းဖန်က တခစ်ခစ်ရယ်လိုက်သည်၊
“ဦးရာလူစနစ်ဘဲ၊ ဒီမှာဘယ်သူမှတခြားသူအတွက်
ထိုင်ခုံကိုဦးပေးထားတာမျိုးမရှိဘူး၊
နောက်ကျလွန်းတဲ့အတွက်လည်း
တခြားသူကိုအပြစ်တင်လို့မရဘူး၊
မင်းတကယ်ကောင်းတဲ့လူနဲ့ကစားချင်ရင်, မင်းရဲ့
ကိုယ်ပိုင်ထိုင်ခုံကို
မင်းသူငယ်ချင်းလာရင်လက်လျှော့လိုက်လေ။”

“!@#*%, ငါမင်းကိုသတ်မယ်!”
ထိုလူကအတော်လေးဒေါသထွက်နေပြီဖြစ်ပြီး,
ရုတ်တရက်အနောက်သို့လှမ်းအော်လိုက်သည်။

စာစဥ် ၁၄

အုတ်အော်သောင်းနင်းဖြစ်နေမှုကအတော်လေးကျ ယ်ပြီး, အတန်းထဲမှလူတော်တော် များများကသူ့ကိုရှင်းလင်းစွာကြားရသည်၊ ကထိကရောက်လာတာတောင်မှ, မကူညီနိုင်ဘဲ, ကြည့်နေရသည်။

လူအများ၏အာရုံစိုက်မှုဖြင့် ထိုရုပ်အကျီအနီနှင့်ကောင်လေးသည် ယုံကြည်မှုတိုးလာပုံရသည်၊ "မင်းကိုသုံးစက္ကန့်ပေးမယ်၊ ထွက်သွားမလား, မဟုတ်ရင် ငါမင်းကိုဒီကျောင်းမှာ အသက်မဆက်နိုင်ဖို့အတွက်သေချာအောင်လုပ်ပေးရမ လား"

စာစဥ် ၁၄

ထိုအချိန်တွင်, ချင်ကျန့်မင်သည် အားနည်းသောတည်ရှိမှုလေးကို သေစေနိုင်သော ဆန္ဒဖြင့်ငုံ့ကြည့်နေသည့် တန်ခိုးကြီးသောနတ်ဘုရားတစ်ပါးကဲ့သို့ခံစားလိုက်ရသည်။

"ရုပ်အင်္ကျီအနီဝတ်ထားတဲ့လူက ချန်ကျန့်မင်မလား?" အတန်းထဲမှတစ်ယောက်က တီးတိုးပြောလိုက်သည်။

"သူ့မိသားစုကကျင်းနန်ကမဟုတ်ဘူးလား? သူ့မိသားစုကအဲ့မှာအတော်လေး အင်အားကြီးတယ်လို့ကြားတယ်"

စာစဉ် ၁၄

သို့ပေမယ့်တစ်ချိန်တည်းမှာပင် ကြားသောကောလဟာလများကိုကြားခဲ့ရသူများသည် ၎င်းတို့၏မျက်နှာများ၌ထူးဆန်းသောအမူအရာများပေါ်လာကြတော့သည်၊ ကောင်းဖန်သည်လည်း အရေးပါသောပုဂ္ဂိုလ်တစ်ဦး၏မြေးဟူသည့်နောက်ခံကိုလည်း တစ်နည်းနည်းဖြင့်သိခဲ့ရသည်။

သာမန်အားဖြင့် ကောင်းဖန်သည် ကျောင်းအတွင်း၌ခပ်လျှိုလျှိုနေသောကြောင့် အများစုကၝင်း၏အကြောင်းကို သိပ်မသိကြပေ၊ ဒါပေမယ့် သိတဲ့သူအနည်းငယ်တောင် ပေါ့ပေါ့တန်တန်ဖြင့်ပြောမထွက်ကြပေ။

စာစဉ် ၁၄

“လူတွေကမင်းကိုကောင်းကောင်းမွန်မွန်ပြောနေတဲ့ အခါ, မင်းကဘာလို့နားမထောင်တာလဲ? ငါ့ကိုသုံးစက္ကန့်ဘဲပေး,အာ?” ကောင်းဖန်က အေးစက်စွာဖြင့်ပြုံးလိုက်ပြီး, ထရပ်လိုက်ကာ, ချန်ကျန့်မင်၏ဆံပင်မှဆွဲလျက် အပြင်ဘက်သို့ထွက်လာသည်။

“လွှတ်စမ်း, ငါ့ကိုလွှတ်စမ်း!” ချန်ကျန့်မင်က အတန်းထဲမှဆွဲထုတ်ခံရမှုကြောင့် အော်တော့သည်၊ ကောင်းဖန်၏ကြီးမားသောလက်များက သူ့ခေါင်းပေါ်တွင်သံများကဲ့သို့စွဲမြဲစွာဆုပ်ကိုင်ထားသည်။

ထိုသို့ဖြင့်, ကောင်းဖန်ကဦးဆောင်ကာ ချန်ကျန့်မင်ကိုအနောက်တံခါးကနေခေါ်သွားတော့သည်၊

စာစဉ် ၁၄

သူတို့ထွက်ခါနီးမှာဘဲ
ကောင်းဖန်ကပြန်၍လှည့်ကြည့်သည်၊
သူကပြုံးရွှင်စွာဖြင့်
စင်မြင့်ပေါ်ရှိကထိကကိုပြောလိုက်သည်, "ကျေးဇူးပြုပြီး
အခန်းထဲကိုသွားနှင့်ပါ, ဆရာ"

အစင်းလေး၊ ဒမ်ဘီ၊
တာ့ဇီနှင့်အခြားသောသူ၏သားရဲများထံမှ
သူ့ဆီသို့ပြန်၍ပို့ပေးသောစွမ်းအားကြောင့်
ကောင်းဖန်၏ကာယကြံ့ခိုင်မှုသည်
ချန်ကျန့်မင်ယှဉ်ပြိုင်နိုင်သည့်အရာမဟုတ်ပေ။

စာစဥ် ၁၄

သူကခွေးတစ်ကောင်ကိုကြိုးနှင့်ဆွဲသလိုမျိုး ကောင်းဖန်က ချန်ကျန်နဲ့မင်ကိုအိမ်သာထဲ ဆွဲခေါ်သွားသည်။

အထဲတွင်တော့, ကောင်းဖန်က ချန်ကျန်နဲ့မင်ကိုကြမ်းပြင်ပေါ်သို့ပစ်ချလိုက်ပြီး မလှုပ်နိုင်အောင်သူ့ရင်ဘတ်အားညာခြေထောက်ဖြင့် နင်းထားလိုက်သည်၊ ကောင်းဖန်ကအောက်သို့ငုံ့ပြီး သူ့ဖုန်းကိုချန်ကျန်နဲ့မင်၏မျက်နှာပေါ်သို့ပစ်ချလိုက်သည်၊ ထို့နောက်ကောင်းဖန်ကအေးစက်စွာပြောလိုက်သည်, “ငါကောင်းဖန်က မင်းကိုအနိုင်ကျင့်နေတယ်လို့တော့ ပြောပေးမှာမဟုတ်ဘူး၊ ဖုန်းကအဲ့မှာ ၊ မင်းသိတဲ့လူတွေအကုန်လုံးအခုချက်ချင်းဆက်လိုက်”

# စာစဉ် ၁၄

***

စာစဉ် ၁၄

စာစဉ် ၁၄

# *အပိုင်း ၂၁၂ ပြဿနာကို ဖြေရှင်းခြင်း*

ကောင်းဖန်က ကောင်းယန်အိုက်(Water Margin ဝတ္ထုထဲက နောက်ခံကိုသုံးပြီး ထောင်လွှားသည့် ဗီလိန်ဇာတ်ကောင်ပါ) မဟုတ်ပေ၊ သူကသူ၏နောက်ခံအချက်အလက်တွေကိုသုံးပြီး သူ၏အတန်းဖော်တွေကိုအနိုင်ကျင့်မည်မဟုတ်ပေ၊ ဒါပေမယ့် သူအနိုင်ကျင့်ခံရရင်တော့ ဒီလိုကိစ္စမျိုးကိုအပြုံးလေးနဲ့လျှော်ချလိုက်တာကတော့ သူ့ပုံစံမဟုတ်ပေ။

ချန်ကျန့်မင်ကအရူးမဟုတ်ပါ၊ ကောင်းဖန်၏အလေးမထားဘဲ ယုံကြည်မှုအပြည့်ရှိနေတာကိုမြင်ကတည်းက, သူ့အတွက်ဖြီးလုံးတွေလုပ်နေတာ

စာစဉ် ၁၄

မဟုတ်ကြောင်းရှင်းလင်းနေပြီဖြစ်သည်၊ ဒါပေမယ့်နောက်ဆုံးတော့,သူကလည်း သွေးဆူနေသောလူငယ် တစ်ယောက်ဖြစ်နေသည်။ အရက်တရားနှင့်ဒေါသတို့သည်မီးတောင်ကဲ့သို့သူ့နှလုံး ထဲ တွင်ပေါက်ကွဲနေပြီဖြစ်သည်။

ကောင်းဖန်ကို အပြင်းအထန်စိုက်ကြည့်ရင်း သူ့မျက်နှာမှာ မုန်လာဥနီကဲ့သို့နီရဲလာပြီ ဖြစ်သည်။

မင်းစောင့်နေလိုက်, ငါမင်းကိုအနိုင်မယူနိုင်ရင်ငါမင်းကိုရှုံးတာဝန်ခံလိုက်မယ် ။ အကယ်၍မဟုတ်ဘဲ ဩဇာအာဏာရှိသလိုလာသရုပ်ဆောင်လို့ကတော့, မင်းမွေးလာရတာကိုနောင်တရအောင်ငါလုပ်ပြမယ်။

စာစဉ် ၁၄

ထို ကောင်း ဆိုတဲ့ကောင်က ဒီလောက်မောက်မာစွာပြုမူနေခြင်းအတွက်သူသည် ထိုနေရာ၌အသိအမှတ်ပြုနိုင်လောက်သည့် နောက်ခံရှိနိုင်သည်၊ ပြီးတော့ကျင်းနန်ရှိ သူ့မိသားစုကလည်း အင်အားအချို့ရှိပေမယ့် ဒီဒေသကိုရောက်ပြီး သူတို့ရဲ့ဩဇာလွှမ်းမိုးမှုကတော့ အချိန်ကြာဦးမည်ဖြစ်သည်၊ ချန်ကျန့်မင်ကတဖြည်းဖြည်းတည်ငြိမ်လာတော့သည်။

ဒီလူကိုကိုင်တွယ်ဖြေရှင်းဖို့ သူ့နယ်ပယ်မှာရှိတဲ့သူ့ဩဇာအာဏာကိုအသုံးချရမယ်။

စာစဉ် ၁၄

ချန်ကျန့်မင်သည်ဖုန်းကိုကောက်ကိုင်လိုက်ကာ ခဏကြာအောင်ကြည့်နေလိုက်ပြီးနောက် မျက်နှာနီမြန်းကာ "မင်း..."

" 'မင်း' ဘာကိုဆိုလိုတာလဲ? မြန်မြန်ဖုန်းခေါ်လိုက်လေ" ကောင်းဖန်ကအေးစက်စွာပြုံးလိုက်ပြီး သူ၏ညာဘက်ခြေထောက်ကိုအားထပ်ထည့်လိုက်ပြီးနေ ာက် ချန်ကျန့်မင်ချောင်းဆိုးစေရန်ပင် ဖိအားပေးလိုက်သည်။

ချန်ကျန့်မင်က သွေးပါးစပ်ကိုကျယ်ကျယ်ဖွင့်လိုက်ပြီး ဒေါသဖြင့်အော်လိုက်သည်, "မင်းငါ့အတွက်ဖုန်းလော့ခ်ဖြည်ပေးရဦးမှာလေ!"

## စာစဉ် ၁၄

ကောင်းဖန်က ကြက်သေသေသွားသည်။ ကြည့်ရတာ သူ့ဖုန်းလျှို့ဝှက်နံပါတ်ကိုရိုက်ထည့်ပေးဖို့ မေ့သွားတာဖြစ်မည်။

သူကလည်းချောင်းကိုရှင်းလိုက်ပြီး, ချန်ကျန့်မင်၏မျက်နှာအား နောက်တစ်ချက်ရိုက်လိုက်သည်၊ "မင်းကဖုန်းတောင်လေ့မဖြည်တတ်ဘူးလား! မင်းဘာကောင်းတာရှိလဲ? မင်းကိုယ်ပိုင်ဖုန်းကိုသုံးလေ!"

မခြွင်းမချန်ကိုမှားယွင်းနေသောကြောင့်,ချန်ကျန့်မင် ကတိတ်တဆိတ်ကျိန်ဆဲလိုက်ပြီး သူ့ဖုန်းကိုထုတ်လိုက်သည်။

စာစဉ် ၁၄

သူ့ဖုန်းကိုပွတ်လိုက်ပြီးနောက်, ယွိကျိုးမြို့ရှိကုမ္ပဏီတွင် သူ့မိသားစုနှင့်အတူတူအလုပ်လုပ်သည့်သူဌေးကိုအရင်ဆုံးဖုန်းဆက်လိုက်သည်။ အိမ်မှထွက်လာပြီးနောက် သူ့အဖေကထိုနံပါတ်ကိုပေးကာ, သဲကြီးမဲကြီးအခြေအနေသို့ပြန်ရောက်သွားခဲ့သည်။

ဖုန်းမကိုင်ခင်၌ဖုန်းကသုံးကြိမ်လောက်မြည်နေသည်။

“ကျိုးရှမ်ဟူပါ, ဘာကိစ္စများလဲမသိဘူး?”

“ဦးလေးကျိုး, ကျွန်တော်ချန်ကျန့်မင်ပါ၊ ကျွန်တော့်အဖေကချင်ဆန်းမောက်၊

ကျွန်တော်ဦးလေးဖုန်းကိုယွိကျိုးမလာခင်သူ့ဆီကရခဲ့တ
ာ” ချန်ကျန့်မင်က
သနားစရာကောင်းစွာဖြင့်ပြောလိုက်သည်။

တစ်ဖက်တွင်ခဏမျှတိတ်ဆိတ်သွားပြီးနောက်,
တချို့အတွေးများဖြင့်ထိုသူကပြောလိုက်သည်, “အိုး,
ရှောင်ချန်လား ယွိကျိုးရောက်ပြီးနောက်ပိုင်း
ဘာလို့ဦးလေးကျိုးကို ဖုန်းခေါ်ဖို့အရမ်းကြာနေရတာလဲ?
ဦးလေး ဒီညစားသောက်ပွဲစီစဉ်ထားလိုက်မယ်။
ညစာအတွက်ဒီကိုလာချင်လား?”

ချန်ကျန့်မင်က သူ၏လည်ချောင်းကိုရှင်းလိုက်သည်၊
“အကယ်၍ဦးလေးစိတ်မရှိဘူးဆိုရင်, ဦးလေးကျိုး
ကျွန်တော်ညစာလာစားဖို့ပြင်လိုက်လို့ရပါတယ်၊”

စာစဉ် ၁၄

“ဟားဟား သေချာတာပေါ့၊
ငါ့ရဲ့အတွင်းရေးမှူးကိုလိပ်စာမင်းဆီပို့ပေးလိုက်မယ်”

“ဦးလေးကျိုး,
ကျွန်တော်အခုနည်းနည်းပြဿနာတက်နေလို့၊
ကျွန်တော် ကောင်းဖန်လို့ခေါ်တဲ့သူနဲ့
အငြင်းပွားစရာလေးဖြစ်နေတာ…”

“ကောင်းဖန်?”

“အင်း ဟုတ်တယ်။ ဦးလေးကျိုးသူ့ကိုသိလား?”
ချန်ကျန့်မင်၏နှလုံးသားထဲတွင်
အနည်းငယ်တုံ့ဆိုင်းမှုကိုခံစားလိုက်ရသည်။

စာစဉ် ၁၄

“အကယ်၍ငါမှတ်မိတာမမှားဘူးဆိုရင်,မင်းအဖေပြောတာ မင်းကယွိကျိုးတက္ကသိုလ်မှာ ကျောင်းတက်နေတယ်လို့ပြောတယ်မလား?”

“အင်း,ဟုတ်တယ်” ချန်ကျန့်မင်က ဦးလေးကျိုး၏အသံ အနည်းငယ်ပြောင်းသွားသလို ခံစားလိုက်ရသည်၊ ဖြစ်နိုင်တာ, သူ ‘ကောင်း’မျိုးရိုးနဲ့လူကိုသိနေတာလား?

“အိုး, မင်းအစောပိုင်းကဘာပြောလိုက်တာလဲ?”

စာစဉ် ၁၄

ချန်ကျန့်မင် စိတ်မသက်မသာဖြစ်နေကာပြောလိုက်သည်, "ကျွန်တော်သူနဲ့ အငြင်းပွားစရာလေးဖြစ်..."

"မဟုတ်ဘူး, အဲ့တာမဟုတ်ဘူး၊ အဲ့မတိုင်ခင်ဟာ။"

ခဏလောက်ရပ်သွားပြီးနောက်ချန်ကျန့်မင်ကပြောလိုက်သည်, "ဦးလေးကျိုးစိတ်မရှိဘူးဆိုရင် ဒီနေ့ညစာအတွက်ပြင်လိုက်လို့ရပါတယ်လား?"

"အမ်း, တကယ်တော့ ဒီနေ့ညစာစားပွဲအတွက် သိပ်ပြီးအဆင်မပြေလောက်တော့ဘူး၊ နောက်ထပ်ရက်ပြောင်းပြီးစီစဉ်လိုက်ရအောင်" ထိုသို့ဖြင့် ဖုန်းလိုင်းပြတ်တောက်သွားပြီး,

အလုပ်များနေပါသည်ဆိုသော
အသံတစ်ခုသာကျန်နေတော့သည်...

ဖုန်းလိုင်းခေါ်ဆိုမှုပြီးသွားသောအခြားတစ်ဖက်တွင်, ချန်ကျန့်မင်ကစိတ်ရှုပ်ထွေးသွားသည့်မျက်နှာဖြင့် ကြောင်အစွာဖုန်းစရင်ကိုစိုက်ကြည့်နေမိသည်။

ချန်ကျန့်မင်သည် သူ့နှလုံးက အပြင်းအထန်ခုန်ပေါက်နေသည်ဟု ခံစားလိုက်ရသည်။ သူယွိကျိုးက လူအနည်းငယ်ကိုသိပေမယ့် သူတို့ကဆိုးသွမ်းသောလူများသာဖြစ်သည်၊ စစ်မှန်သောစွမ်းအားရှိသည်မှာ ကျိုးရှွမ်ဟူဖြစ်သည်၊ သူ့အဖေက ကျိုးရှွမ်ဟူနှင့်နေ့တိုင်းစကားပြောလျှင် သူစကားတွေကအရမ်းလေးစားပုံပေါက်သည်။

## စာစဉ် ၁၄

တစ်ဖက်လူက သူ့နာမည်ကိုကြားရုံနှင့်ဖုန်းချလိုက်ရင် ကောင်းဖန်ကဘယ်လိုလူမျိုးလဲ? တစ်ချိန်တည်းမှာပင်, ချန်ကျန့်မင်၏နှလုံးသားက ခုန်ပေါက်သွားတော့သည်၊ သူသည် တခြားသူမျိုးကိုဖိနှိပ်ရန်အတွက် သူ၏ကိုယ်ပိုင်နောက်ခံအားအလွန်အမင်းကိုအသုံးပြုခဲ့သည်။

အတိတ်တုန်းက၊ သူ၏မြို့ဟောင်းကိုပြန်ရောက်တိုင်း ထိုနည်းလမ်းကအကြိမ်တိုင်းလိုလိုအလုပ်ဖြစ်ခဲ့သည်။ အိမ်ပြန်ရောက်တော့ သူနေထိုင်ခဲ့သည့်အခြေစိုက်မြို့က အလယ်အလတ်အဆင့်အတန်းဖြစ်နေပြီး သူ့မိသားစုကတစ်မြို့လုံး၏ကုန်စည်စီးဆင်းမှုကို

စာစဉ် ၁၄

အခြေခံအားဖြင့်ချုပ်ကိုင်ထားပြီး

ထိုမှသားရဲများ၏ရောင်းဝယ်ဖောက်ကားမှုလည်းရှိသည်၊

သူ၏မိသားစုသည်

တရားဝင်နှင့်မှောင်ခိုဈေးကွက်လုပ်ဖော်ကိုင်ဖက်များနှင့်

လည်းအဆက်အဆံရှိသည်။

သူ့အထက်တန်းကျောင်းတက်တုန်းကတော့

သူလုပ်ချင်တာမှန်သမျှလုပ်ဖို့

သူ့မိသားစု၏အခွင့်အာဏာကိုအားကိုးပြီး

စိန်ခေါ်ထားသည့်လူတစ်ယောက်ဖြစ်သည်၊

ယွိကျိုးတက္ကသိုလ်သို့မရောက်မီ

သူ့အဖေကသူ့ကိုဒီမှာပြဿနာမဖြစ်စေရန်ပြောခဲ့သည်၊

တက္ကသိုလ်ရောက်ပြီးမှ

သူ၏ဒေါသကိုစ၍ထိန်းချုပ်နိုင်ခဲ့သည်။

စာစဉ် ၁၄

ထိုအခိုက်အတန့်မှာတင်, ချန်ကျန့်မင်၏ဖုန်းကရုတ်တရက်မြည်လာသည်၊ ဖုန်းတွင် ရေးထားသောနာမည်ကတော့ “ညီအကိုမောက်” ဖြစ်သည်။

ဖုန်းကိုကိုင်လိုက်တော့, သူ့အဖေ၏အသံအက်အက်ကိုကြားလိုက်ရသည်၊ “မင်းကျောင်းမှာပြဿနာရှာနေတာလား?”

“မလုပ်ပါဘူး….”ချန်ကျန့်မင်ကပုံမှန်အတိုင်းပြောေ ေမယ့် စကားတစ်ဝက်ကို မျိုချလိုက်သည်၊ “…အရမ်းပြဿနာဖြစ်နေတယ်။

## စာစဉ် ၁၄

“မင်းပြဿနာရှာတဲ့ကျောင်းသားနာမည်က ကောင်းဖန်လို့ခေါ်တာလား?” တစ်ဖက်တွင် သူ့အဖေ၏အသံကပိုပြီးနက်နဲလာသလိုဖြစ်လာသည်။

“ဟုတ်တယ်” ငြီးငြူသည့်အသံဖြင့်ချန်ကျန့်မင်ကပြောလိုက်သည်၊ ကျွန်တော်ကပြဿနာ ရှာတာမဟုတ်တော့ဘူးဗျ, သူကကျွန်တော့်အပေါ်မှာ အခုခြေလှမ်းထားတာ။

“အခု ချက်ချင်းတောင်းပန်လိုက်၊ ငါချက်ချင်းယွိကျိုးကိုလာခဲ့မယ်၊” သူ့အဖေ၏အသံကအနည်းငယ်အားနည်းနေပုံပေါက်သည်၊ “မင်းအသက်ကာဇတောင်ရောက်နေပြီ၊

စာစဥ် ၁၄

မင်းလုပ်ရပ်တွေရဲ့အကျိုးဆက်တွေကို
ပိုသတိထားသင့်တယ်”

အများအားဖြင့်
အပေါ်စီးကပြုမူပြောဆိုတတ်သောချန်ကျန့်မင်က
တိတ်ဆိတ်နေသည်၊
ဒါကသူ့အဖေသူ့ကိုဒီလိုမျိုးပြောလာတာ
ပထမဆုံးအကြိမ်ဖြစ်သည်၊ အရင်တုန်းက
သူအမှားလုပ်မိတဲ့အခါတိုင်းသူ့အဖေကသူ့ကို တုတ်တို့
ခါးပါတ်တို့နှင့်တင်ပါးကို
ကောင်းကောင်းရိုက်၍ဆုံးမတတ်သည်။ ရုတ်တရက်
သူ့အဖေကအသက်ငါးဆယ်ပြည့်တော့မည်ဆိုတာကို
နားလည်လိုက်သည်။

စာစဉ် ၁၄

ဖုန်းကိုချပြီးနောက်, ချန်ကျန့်မင်က သူ့နှုတ်ခမ်းကိုကိုက်လိုက်ပြီးပြောလိုက်သည်, "ငါတောင်း–တောင်းပန်ပါတယ်"

ကောင်းဖန်ကပြုံးလိုက်သည်၊ "အနာဂါတ်မှာ, !@#*%မင်းဒီလိုပေါ့ပေါ့တန်တန်စကားတွေ ပြောဦးမှာလား?"

သူ့အဖေက သူ့ကိုတောင်းပန်ဖို့ပြောထားပြီးသားဖြစ်သည်၊ သူ့နောက်ခံရှိသည့် လူတစ်ယောက်အတွက်ဘယ်သူမဆိုလုပ်ပိုင်ခွင့်ဖြင့်ခြိမ်းခြောက်နိုင်သည်ကို ကောင်းကောင်းသိသည်၊

စာစဉ် ၁၄

ချန်ကျန့်မင်က
လျှင်မြန်စွာဖြင့်သူ့ခေါင်းကိုယမ်းလိုက်သည်။

ကြောက်ရွံ့နေသောငှက်ကလေးတစ်ကောင်လို တိတ်ဆိတ်နေသောချန်ကျန့်မင်ကို တွေ့သောအခါ, ကောင်းဖန်က ဆက်ဖို့အတွက်စိတ်မဝင်စားတော့ပေ။ အရိုးသားဆုံးပြောရလျှင် ကောင်းဖန်သည် ရက်စက်ပြီးကြောက်ဖို့ကောင်းတဲ့စရိုက်မရှိပေ။ အစောပိုင်းချန်ကျန့်မင်လုပ်ခဲ့တဲ့အပြုအမူတွေက ကောင်းဖန်၏နာကျင်ရသောအပိုင်းကို ထိမိသွားသောကြောင့်ဖြစ်သည်။

ကောင်းဖန်သည်သူ၏ညာဖက်ခြေထောက်ကိုမြှောက်လိုက်ပြီး အိမ်သာထဲမှထွက်လိုက်သည်၊

စာစဉ် ၁၄

“ကောင်းပြီလေ၊
မင်းရဲ့အမှားတွေကိုနားလည်သွားတဲ့အတွက် ဒီကိစ္စကို
ဖြေရှင်းပြီးပြီလို့မှတ်လိုက်တော့”

ကိစ္စရပ်တွေကို တစ်ချက်တည်းဖြေရှင်းလိုက်တာ
အကောင်းဆုံးဖြစ်သည်၊ ၎င်းကိုကြည့်ခြင်းအားဖြင့်
ချန်ကျန့်မင်သည်
သူ့အတွက်ဒုက္ခပေးတော့မည်မဟုတ်ပေ၊
ဒီလိုပြဿနာတွေကိုတစ်ကြိမ်တည်းနဲ့
ရှင်းရှင်းလင်းလင်းဖြေရှင်းရမည်ဖြစ်သည်။
သားဖြစ်သူက သူ့အဖေနဲ့ပတ်သတ်တဲ့ကိစ္စမျိုးဆိုရင်
စိတ်အနှောက်အယှက်ဖြစ်ဖို့ ကောင်းလိမ့်မည်။

စာစဉ် ၁၄

အခန်းထဲသို့ပြန်ရောက်သောအခါ, ကောင်းဖန်ဝင်လာစဉ်၌ဆွေးနွေးနေသောအသံများက ရုတ်တရက်ရပ်တန့်သွားသည်။ လူတိုင်းနီးပါးက ကောင်းဖန်ကိုစိတ်ရှုပ်ထွေးစွာဖြင့် စိုက်ကြည့်နေကြသည်၊ ကောင်းဖန်သည် ရှေ့ဆုံးတန်းတွင်ရင်းနှီးသောမျက်နှာနှစ်ခုဖြစ်သည့် ကျွင်းမော့ယီနှင့်မြင်းမြီးကေမိန်းကလေးကိုတွေ့လိုက်ရသည်။

ကျွင်းမော့ယီကတော့ခါတိုင်းလိုတင်းမာနေသောပုံဖြစ်နေပြီး သူ့ကိုအေးဆေးစွာဖြင့် စိုက်ကြည့်နေသည်။

တစ်ဖက်ရှိမြင်းမြီးကေမိန်းကလေး၏မျက်လုံးများက သူ့ကိုရှောင်နေပုံရသည်။

စာစဉ် ၁၄

ချန်ကျန့်မင်သည် သားရဲလေ့ကျင့်သူမေဂျာတွင် အာဏာအရှိဆုံးမဟုတ်သော်လည်း သူသည် အလွန်တက်ကြွပြီး ကျောင်းသားလှုပ်ရှားမှုများတွင်ပါဝင်သည်၊ ထို့အပြင် သူသည် မကြာခဏလူအများအား အစားအသောက်ပိုင်းတွင် သဘောထားကြီးစွာ ကျွေးမွေးတတ်ပြီး နောက်ခံရှိသူဖြစ်ကြောင်းရှင်းလင်းလှသည်။

အတန်းထဲရှိလူတစ်ချို့က ကောင်းဖန်ကို “အမှားပြုလုပ်၍မရသူ”ဟူ၍တိတ်တဆိတ် တံဆိပ်ခတ်လိုက်ကြသည်။

စာစဉ် ၁၄

ကောင်းဖန်ကဘယ်သူဆိုတာကိုသိတဲ့လူအနည်းစုအတွက် သူတို့ ချန်ကျန့်မင်ကို တိတ်တဆိတ်ဆုတောင်းပေးလိုက်ကြသည်။

ထိုနေ့ညတွင်ကျောင်းပြီးလို့ စားသောက်ဆိုင်၏သီးသန့်ခန်းမှာ လူအုပ်လိုက်ကြီးထိုင်နေကြသည်။ ထိုသူတို့သည် သားရဲလေ့ကျင့်သူမေဂျာ၏လက်ရှိအသုတ်အတွက် ကျောင်းသားကော်မတီအဖွဲ့ဝင်များဖြစ်ကြသည်။

***

# စာစဉ် ၁၄

စာစဉ် ၁၄

## *အပိုင်း ၂၁၃ အရိုးစုခွံဘုရင်*

“အကိုချန်
အဲ့ကောင်းမျိုးရိုးနဲ့လူကဘယ်လိုနောက်ခံမျိုးရှိနေတာလဲ
?” ညစာစားပွဲမှ တစ်ယောက်က
စူးစမ်းစွာဖြင့်မေးလိုက်သည်။

“ငါလည်းသေချာမသိဘူး။” ထို့နောက်ပိုင်း
ချန်ကျန့်မင်သည်
အဝတ်အစားအသစ်တစ်ခုလဲပြီးဖြစ်ကာ
သူ့အခန်းသို့ရေချိုးရန်ပြန်ခဲ့သည်၊
နောက်ဆုံးတော့,အိမ်သာရဲ့ကြမ်းပြင် မှာလှဲနေရတာက
သက်တောင့်သက်သာဖြစ်တဲ့
အတွေ့အကြုံတော့မဟုတ်ဘူး။

စာစဉ် ၁၄

“အရမ်းမောက်မာတာဘဲ၊ အကိုချန် နည်းနည်းကျယ်ကျယ်လေးစကားပြောမိရုံလေးကို, ပြီးတော့ သူကသန်မာလို့ရုပ်ပိုင်းဆိုင်ရာမှာအရင်လုပ်တာဘဲ” ချန်ကျန့်မင်ဘေးကလူက ဒေါသထွက်စွာဖြင့်ပြောသည်။

“ကောင်းပြီ, အဆင်ပြေတယ်၊ ဒီကိစ္စကပြီးသွားခဲ့ပြီ” ချန်ကျန့်မင်က ခပ်ပြုံးပြုံးဖြင့် ပြောလိုက်သည်။

“အကိုချန် အကိုကကျွန်တော်တို့ကိုညစာမကြာခဏကျွေးတယ်၊ ကျောင်းပြီးလို့ရှိရင်

သူ့ကိုသင်ခန်းစာပေးဖို့တစ်ရက်ရက်လောက်ရှာလိုက်ရမလား?"

"ဒါကအရင်ကကိစ္စတွေဖြစ်နေပြီဘဲ၊ မင်းတို့ကောင်တွေ ငါ့ကိုကူညီပေးမယ်ဆိုလို့ ငါဝမ်းသာပါတယ်၊ ဒါပေမယ့် ငါတို့ကြားကဒီကိစ္စကိုပြေလည်အောင်ညှိထားပြီးသားဖြစ်သွားပြီ" ချန်ကျန့်မင်က ဒါဟာရိုးရိုးရှင်းရှင်းအရေးမပါတဲ့အရာတစ်ခုလိုမျိုး ပေါ့ပေါ့ပါးပါးပြောလိုက်သည်။

"ပုံမှန်အားဖြင့်, ကောင်းဖန်က ကိစ္စတွေအားလုံးကိုသူ့ဘာသာသူဘဲလုပ်တာ, ပြီးတော့ တခြားသူတွေနဲ့လည်း

အဆက်အသွယ်လုပ်တာကျွန်တော်တို့မမြင်ဖူးဘူး၊ သူကလူထူးလူဆန်းဘဲ”

“ဆိုလိုတာက မင်းနားမလည်ဘူးပေါ့၊ ကောင်းဖန်က ချန်အန်းကလေ”

“သူကချန်အန်းကလား?”
ချန်ကျန့်မင်ကအံ့သြသွားသည်။

“ဟုတ်တယ်, သူကချန်အန်းမြို့
သားရဲလှေ့ကျင့်သူအရာရှိလောင်းတက္ကသိုလ်ဝင်ခွင့်မှာ
အဆင့်၁, ပြီးတော့
ဟွားရှားနယ်ပယ်ပြိုင်ပွဲမှာအဆင့်၁၁လေ”
စာမေးပွဲရလဒ်များကိုကြည့်ပြီး

ကောင်းဖန်၏ရလဒ်တွေကိုသိသော သားရဲလေ့ကျင့်သူ ကျောင်းသားတစ်ယောက်ကပြောလိုက်သည်။

“ဒါဆိုသူက လူငယ်လေ့ကျင့်ရေးချန်ပီယံဆုအတွက် အရည်အချင်းမပြည့်မှီဘူးလို့ ဆိုလိုတာပေါ့?” ကျောင်းသားတစ်ယောက်ကစူးစမ်းစွာဖြင့်ပြောလိုက်သည်။

“မင်းရဲ့အချက်အလက်တွေကခေတ်နောက်ကျနေပြီ၊ သူကအကြောင်းတစ်ချို့ကြောင့် ပြိုင်ပွဲကနေထွက်ခဲ့တာကြာပြီလေ”

စာစဉ် ၁၄

“ဒါကအရမ်းသနားစရာကောင်းတာဘဲ” တစ်ယောက်က နှစ်ထောင်းအားရဖြစ်ကာဖြင့် ထွေ့ငေါ့သောစကားလုံးများကိုပြောလိုက်သည်။

တခြားသူများကလည်းရယ်မောကြသည်။

ချန်ကျန့်မင်က သူ့နေရာမှာသူထိုင်နေပြီး, တိတ်ဆိတ်စွာနားထောင်နေရင်း ဆွေးနွေးမှုများကို လျစ်လျူရှုထားပုံရသည်။

သူ့မှာဖြစ်ခဲ့တဲ့အရာကကောင်းတယ်လို့ သူခံစားမိသည်၊ ဒီကိစ္စဖြစ်ပြီး, သူပိုပြီးရင့်ကျက်လာသည်၊ အကယ်၍ကောင်းဖန်ကြောင့်မဟုတ်ရင်,

သူကအရင်လိုငါစွဲကြီးပြီး
မောက်မာနေဦးမည်မှာသေချာသလောက်ရှိသည်။

ချန်ကျန့်မင်၏ဖုန်းက
ရုတ်တရက်မြည်လာတော့သည်၊
သူကဖုန်းကိုကိုင်လိုက်ပြီး “ဟယ်လို,အဖေ၊ အင်း
ကျောင်းနားလေးမှာ၊ အဖေကကျောင်းတောင်ရောက်နေ
ပြီလား?” ချန်ကျန့်မင်က အံ့ဩစွာဖြင့်ပြောလိုက်သည်၊
သူ့အဖေကမကြာခင်ရောက်မယ်လို့သူမျှော်လင့်မထားမိေ
ေ။

ထို့နောက်
ချန်ကျန့်မင်၏အမူအရာမှာပြောင်းလဲသွားတော့သ်၊
သူကကျန်သောသူများကိုတောင်းပန်လိုက်သည်,

စာစဉ် ၁၄

“ငါသွားစရာလေးရှိနေလို့,
ဒါကြောင့်ငါအရင်သွားနှင့်ပြီနော်၊ စားလိုက်ကြပါဦး”

ထိုနှင့်ပင်
တံခါးကိုအမြန်တွန်းဖွင့်ကာသီးသန့်ခန်းထဲမှထွက်သွားေ
ေ့သည်။

“ရှောင်ဖန် ဝမ်ဇိုင်းရွှေလရောက်ပြီ”
ဒီတစ်ကြိမ်တော့, အဘိုးကြီးကျီက ကောင်းဖန်အား
ပစ္စည်းကိုခန့်မှန်းခိုင်းခြင်းမရှိပေ။

ထင်ရှားသည်မှာ,
ကောင်းဖန်၏လျင်မြန်သောဉာဏ်သည်
သူ့အားအလွန်ပြင်းထန်သော ခံစားချက်ကိုပေးသည်။

## စာစဉ် ၁၄

“ဒီပစ္စည်းက ဒမ်ဘီအတွက်မလား?” အဘိုးကျီက စူးစမ်းစွာဖြင့်မေးလိုက်သည်။

နောက်ဆုံးတော့, ယင်ခတ်သစ်ကတိုးပစ္စည်းတွေက ရှားပါးသွားပြီဖြစ်ကာ, စမ်းသပ်မှုလုပ်ငန်းစဉ်များအတွက်လည်း အသုံးပြုခဲ့သည်။

“ဟုတ်တယ်၊ ကျွန်တော်ဒမ်ဘီကိုဒဏ္ဍာရီလာအဆင့်အထိမြှင့်တင်ဖို့ပြင်နေတာ” ပစ္စည်းပါသောသေတ္တာလေးကိုရရှိပြီးနောက် ကောင်းဖန်ကပြောလိုက်သည်။

စာစဉ် ၁၄

ကောင်းဖန်သည်လွှန်ခဲ့တဲ့လက ဒမ်ဘီ၏အဆင့်ကို ထူးခြားအဆင့်အတန်းသို့ပြန်၍ ရောက်စေခဲ့သည်။

ထို့နောက် ဒမ်ဘီသည် မတိုင်ခင်က ထူးခြားအဆင့်သို့ရောက်နှင့်ပြီးဖြစ်တောကြောင့် ၎င်း၏အဆင့်ကိုပြန်၍ရယူရန်အတွက် ပစ္စည်းများသည်အတော်လေးရိုးရှင်းလှသည်။

ဒမ်ဘီ၏နောက်ထပ်ဆင့်ကဲဖြစ်စဉ်အတွက် လိုအပ်သောအဆင့်များသည် ယခင်ဆင့်ကဲဖြစ်စဉ်နှင့်အတော်လေးကွာခြားလှသည်။ အတူကွဲပြားသောလမ်းကြောင်း

နှစ်ခုကိုလုံးဝရှောက်သွားသည်လို့တောင်
ပြောလို့ရသည်။

အုံ့မှိုင်းနေသောတောအုပ်သည်
တောင်တန်း၏အခြေတွင်တည်ရှိပြီး,
၎င်း၏နောက်တွင်တည်ငြိမ်နေသောရေကန်ရှိသည်။

တောတောင်၏အလယ်ရှိ
ကျယ်ပြန့်သောကွင်းပြင်တစ်ခုတွင်
ကောင်းဖန်သည်မြေပြင်ပေါ်၌
ဖုတ်ကောင်အရိုးများကိုနေရာချလိုက်သည်။
သူကရိုးရာအစဉ်အလာအား
ဆင့်ခေါ်သည့်စက်ဝိုင်းပုံစံတစ်ခုကို ဖန်တီးသလိုမျိုး

အရိုးများကိုတိကျသောအချိုးဖြင့် နေရာချထားသည့်ပုံစံအတိုင်းလိုက်လုပ်လိုက်သည်။

“ဒီမှာ, ပြီးတော့ဒီမှာ…”ကောင်းဖန်က ခြောက်သွေ့သောမြေပြင်တွင် သူ့လက်ထဲက စုတ်တံဖြင့်ဆွဲခြစ်ရင်းသူ့ကိုယ်သူတီးတိုးပြောလိုက်သည်၊ သွေးနီရောင်အရည်များသည် မြေဆီလွှာအတွင်းသို့စိမ့်ဝင်သွားသည်။

လရောင်၏အောက်တွင်, အရည်များဖြင့် ဖန်တီးထားသည့်အတိုင်းအမှတ်များက အနက်ရောင်လိုင်းအတိုင်းပေါ်နေသည်။

စာစဉ် ၁၄

ဒီနေ့မတိုင်ခင်ရက်များက ကောင်းဖန်သည် ဒီဟာကို အကြိမ်ပေါင်းများစွာ လေ့ကျင့်ခဲ့ပြီးဖြစ်သည်၊ နောက်ဆုံးအဆင့်ပစ္စည်းသာကျန်နေပြီး, အစောပိုင်းအဆင့်များကို ကောင်းဖန်ကလေ့ကျင့်ပြီးသားဖြစ်သည်။

နာရီဝက်လောက်ပြင်ဆင်ချိန်ကြာပြီးနောက်, အန္တာရယ်ပြုမည့်လက္ခဏာရှိပြီးထူးဆန်းသောယဇ်ပလ္လင်ပုံစံက မြေပြင်ပေါ်တွင်ပေါ်လာတော့သည်။

ယဇ်ပလ္လင်ပြင်ဆင်မှု၏တစ်ဖက်တစ်ချက်စီတွင်, မြေကြီးပေါ်၌အဖြူရောင်အရိုးများဖြင့် စိုက်ချထားသဖြင့်,မြင်ကွင်းက

## စာစဉ် ၁၄

ကိုးကွယ်မှုဆိုင်ရာရိုးလာဓလေ့ပုံစံလိုမျိုး
ပေါ်လာတော့သည်။

“ဒမ်ဘီ,
ယဇ်ပလ္လင်ရဲ့အလယ်ကိုဂရုတစိုက်နဲ့လျှောက်သွားလိုက်”
ကောင်းဖန်က ဒမ်ဘီကိုအမိန့်ပေးလိုက်သည်။

တုန့်ဆိုင်းမှုအရိပ်အယောင်မျိုးတစ်ခုမှမရှိဘဲ,
ဒမ်ဘီက ကြီးမားသောခြေလှမ်းများဖြင့်
လျှောက်လာလိုက်သည်၊
ယဇ်ပလ္လင်၏အလယ်သို့ခြေချပြီးနောက် မြေကြီးက
သဲရှင်တွေလိုမျိုး ရုတ်တရက်ပြိုကျလာသည်။
ဒီမြင်ကွင်းကအတော်လေးထူးခြားပြီး,

မြေပြင်သည်ကျုံကျနေသော်လည်း
သဲနုန်းနှင့်တူညီသည့်ဟာမရှိသည်မှာသေချာသည်။

ထိုအချိန်တွင်ယဇ်ပလ္လင်သည်
အသက်ဝင်လာပုံရသည်၊ ယဇ်ပလ္လင်တစ်ဝိုက်ရှိအရိုး
တစ်ခုစီသည်
တစ္ဆေမီးတောက်ဖြူများဖြင့်လောင်ကျွမ်းသွားတော့သည်
။

"အခုအချိန်ကျပြီ"
ကောင်းဖန်ကအသက်ကိုပြင်းပြင်းရှူသွင်းလိုက်ပြီး
သေတ္တာကိုဖွင့်ပြီး
အတွင်းထဲရှိဝမ်ဇိုင်းရွှေလကိုထုတ်ယူလိုက်သည်။

## စာစဉ် ၁၄

ဒါကလက်သီးဆုပ်အရွယ်ထက်ပင်မကြီးသောထူးဆန်းသော ရွှေ၏အပိုင်းအစတစ်ခုဖြစ်ပြီး, ၎င်းကိုကျပန်းရှိသောပုံစံများဖြင့် ဖုံးအုပ်ထားသည်။

ရွှေ၏မျက်နှာပြင်ပေါ်တွင် အစိမ်းရောင်ကြေးနီသံချေးများဖြင့်ဖုံးအုပ်ထားသလိုမျိုး ညှို့မှိုင်းနေသည်။

ဝမ်ဇိုင်းရွှေလသည်သေတ္တာထဲမှထွက်လာသည်နှင့် တစ်ပြိုင်နက် လှုပ်ရှားနေသော ယဇ်ပလ္လင်ထံမှ ညည်းညူသည့်အသံထွက်ပေါ်လာသည်၊ တိတ်ဆိတ်သော ညကောင်းကင်ယံအောက်တွင် နက်နဲပြီးကစဉ့်ကလျားဖြစ်နေသော တီးတိုးသံများက လေထဲတွင်ပျံ့နှံ့နေတော့သည်။

စာစဥ် ၁၄

ကောင်းဖန်ကရှေ့သို့နှစ်လှမ်းလောက်တိုးလိုက်သည်နှင့်, သူ့ခန္ဓာကိုယ်မှထူးဆန်းသော တောက်ပမှုကစ၍ထွက်ပေါ်လာသည်၊ သူသည်အမည်မသိစွမ်းအင်ရင်းမြစ်တစ်ခုမှ တိုက်ခိုက်ခြင်းခံနေရပြီး ပျက်စီးမှုအားလုံးကို ဒမ်ဘီဆီသို့လွှဲပြောင်းပေးနေသည်မှာ ထင်ရှားလှသည်။

ထိုတိုက်ခိုက်မှုစွမ်းအင်က ဒမ်ဘီကိုခြိမ်းခြောက်နိုင်စွမ်းမရှိပေ။

ကောင်းဖန်သည်ဒမ်ဘီ၏ပါးစပ်ကိုဖွင့်လိုက်ပြီး ဝမ်ဇိုင်းရွှေလကိုပါးစပ်ထဲသို့ထည့်လိုက်သည်။

စာစဉ် ၁၄

ဒမ်ဘီသည်နောက်ဆုံးတွင်
သူ၏ခန္ဓာကိုယ်တစ်ခုလုံးမြေကြီးအောက်၌
နစ်မြုပ်သွားသည်အထိ ဆက်လက်နစ်မြုပ်နေခဲ့သည်၊
ကျန်ရစ်ခဲ့သမျှသည်
မြေကြီးအစိုင်အခဲလေးများသာဖြစ်သည်။

ယဇ်ပလ္လင်အတွင်းရှိမြေကြီးများသည်
ဆက်၍အဖြူရောင်အလင်းများကို အပြင်ဘက်သို့
ထုတ်လွှတ်နေသည်။
ထူးဆန်းသောအဖြူရောင်အလင်းများသည် လေထဲတွင်
အဖြူရောင်အမှုန်အမွှားလေးများဖြစ်မသွားခင်အထိ
ဆက်၍ဖြန့်ကျက်နေသည်။

ဆအဖြူရောင်အလင်းလုံးများအရေအတွက်များလာသ
ည်နှင့်အမျှ အပြင်ဘက်တွင်
ရွေ့လျားနေသောအရှိန်ကလည်းတိုးလာပြီး
ထိုဧရိယာတစ်ဝိုက်တွင်အဖြူရောင် အလင်းများဖြင့်
ပြန့်ကျဲကာဖုံးအုပ်ထားတော့သည်။

အဝေးမှ, မြေကွက်သည်မီးလောင်သွားပြီး,
ညအမှောင်ထဲတွင်အတော်လေးမျက်စိ ဖမ်းစားနေသည်။

အဖြူရောင်မီးတောက်များအတွင်းတွင်,
မှုန်ဝါးနေသောအရိပ်ပုံစံကပေါ်လာသည်။

ကောင်းဖန်ကမျက်တောင်ခတ်လိုက်ပြီး
တစ်ချက်ကြည့်လိုက်သည်၊ ထိုသည်က,နက်ရှိုင်းသော,

အရိပ်ဖြစ်သည်၊ အရိပ်သည်ဖောက်မြင်ရပြီး ၎င်း၏ ပုံသဏ္ဍာန်တစ်ခုချင်းစီတိုင်းသည်တမူထူးခြားလှသည်။

အရိပ်တွင်သူတို့၏ကိုယ်ပိုင်အသိဉာဏ်ရှိပြီးရိုးရှင်းေ ေပုံစံရှိကာ, သူတို့ကကျပန်း ဟန်ပန်များဖြင့်မီးတောက်အတွင်းတွင်ပျံဝဲနေသည်။

ဒီဖြစ်စဥ်တစ်ခုလုံးကနာရီဝက်သာကြာလိုက်သည်၊ ထို့နောက်မီးနောက်များက အလယ်သို့ပြန်ဆုတ်သွားတော့သည်၊ သို့ပေမယ့်,မှေးမှိန် ရမယ့်အစား, ယဇ်ပလ္လင်သည်အဖြူရောင်အလင်းတန်းများကိုထုတ်လွှ တ်မှုသည်ရိုးရှင်းစွာပင် ရပ်တန့်သွားတော့သည်။

စာစဉ် ၁၄

နောက်ဆုံးတွင်, ထိုဧရိယာသည်တစ်ဖန်ပြန်၍တိတ်ဆိတ်သွားပြန်သည်။

တိတ်ဆိတ်သောညအမှောင်ထဲရှိ, လရောင်၏အောက်တွင်, အဖြူရောင်အရိုးများသည် ခပ်မှိန်မှိန်ရောင်ပြန်တောက်နေသည်။

ရှား–

အနက်ရောင်နှင့်ကြီးထွားသန်မာသောအရိုးလက်က မြေကြီးထဲမှဆန့်ထွက်လာသည်၊ ထူထဲသောအရိုးဆစ်သည် အင်အားအပြည့်ဖြစ်နေပုံရသည်။

ထို့နောက်,

နောက်ထပ်လက်တစ်ဖက်သည်လည်းမြေကြီးထဲမှထွက်လာသည်။

နောက်တော့,ကြီးမားသည့်ခန္ဓာကိုယ်တစ်ခုလုံးက ဖြေးညင်းစွာဖြင့် မြေကြီးထဲမှပေါ်လာတော့သည်။

လူဝံ၏ပုံစံသည်လူနှင့်တူပြီးသားဖြစ်သည်၊ အကယ်၍ရိုးခွံဖုတ်ကောင်လူဝံနှင့်ဆင့်တူသည်ဟုဆိုလျှင် ဒမ်ဘီ၏ဆင့်ကဲပြောင်းလဲလာသောပုံစံသည် လူနှင့်ပို၍ဆင်တူလာ သည်၊ တစ်ခုတည်းသောခြားနားချက်မှာလက်နှစ်ဖက်သည် လူသားတွေထက်ပိုရှည် ပြီးပိုထူသည်။

စာစဉ် ၁၄

ငင်း၏ပုခုံးသည်ထူထဲပြီးကွေးနေသော အရိုးနှစ်ချောင်းသည် ပုခုံးအရိုးများ၏အစွန်းမှ နောက်သို့ထောင့်ဖြတ်ဆန့်ထွက်နေကာ လုံးဝမပိတ်သောလက်စွပ်တစ်ကွင်းလိုဖြစ်နေသည်။

အရိုး၏အရောင်များက ခဲငွေရောင်မှ, နက်မှောင်သောအရောင်အဖြစ်သို့ပြောင်းသွားသည်၊ ထိုအစား ဒမ်ဘီ၏အရွယ်အစားကြီးထွားမှုက အနည်းငယ်ကျုံ့သွားပြီး ယခုတွင်ဆယ့်သုံးပေအမြင့်ပတ်လည်လောက်သာရှိတော့သည်။

ဒမ်ဘီ၏ရင်ဘတ်ရိုနံရိုးများသည် ၁၀ချောင်းမှ၃၆ချောင်းအထိတိုးလာပြီး

တင်းကြပ်စွာဖြင့်ထုပ်ထားသလိုဖြစ်သွားသည်၊ ရင်ဘတ်ခေါင်းပေါက်ထဲတွင်, သွေးကြောမျှင်များဖြင့်ပြုလုပ်ထားသောနှလုံးသည်စည်း ချက်မှန်မှန်ခုန်နေသည်။

မျက်လုံးအိမ်အတွင်းထဲတွင် အဖြူရောင်မီးတောက်ကတောက်ပနေသည်။

သူ့ခေါင်းကိုနိမ့်လိုက်ပြီး ဒမ်ဘီကသူ၏ညာလက်ကို ဖြေးညင်းစွာဖြန့်ကြည့်လိုက်သည်။ အဖြူရောင်မီးတောက်ကဖြေးညင်းစွာဖြင့် သူ၏လက်ဖဝါးအတွင်းမှပေါ်ထွက်လာသည်။

ငင်း၏လက်ကိုရုတ်တရက်ဖွေယမ်းလိုက်တော့,သူ့လက်အတွင်းရှိမှုးတောက်သည် သူ့ခြေထောက်အောက်ရှိမြေကြီးထဲသို့ဝင်သွားသည်။

မြေကြီးကစ၍ခပ်အုပ်အုပ်မြည်ဟီးလာသည်၊ အဖြူရောင်အရိုးများကတစ်ကိုက်မြင့်ပြီး နှစ်ကိုက်လောက်ရှည်သော အရိုးဝံပုလွေထွက်မလာခင်အထိမြေကြီးမှတူးထွက်လာသည်။

အရိုးဝံပုလွေ၏မျက်အိမ်အတွင်းရှိမီးတောက်သည်လည်း အဖြူရောင်ပင်ဖြစ်သည်၊ ငင်းကနာခံစွာဖြင့် ဒမ်ဘီ၏ခြေရင်း၌ဝပ်တွားနေပြီး

စာစဉ် ၁၄

ငှင်း၏ဒူးကိုကွေးထားကာဒမ်ဘီ၏
ရှေ့တွင်ဝမ်းလျားမှောက်ထားသည်။

ကောင်းဖန်၏မျက်လုံးရှေ့တွင်,
စာလုံးအတန်းလိုက်က တောက်ပစွာပေါ်လာသည်၊
ဆင့်ကဲဖြစ်စဉ်အောင်မြင်ခြင်း – [အရိုးစုခွံဘုရင်]

***

စာစဉ် ၁၄

# *အပိုင်း ၂၁၄  စိတ်ကောက်သွားလေသော တခ္ဇီ*

[မကောင်းဆိုးဝါးအမည်]–အရိုးခွံစုဘုရင်

[မကောင်းဆိုးဝါးအဆင့်]–အဆင့်၃၈

[မကောင်းဆိုးဝါးအဆင့်အတန်း]–
ဒဏ္ဍာရီလာအဆင့်အတန်း

[မကောင်းဆိုးဝါးကျွမ်းကျင်မှုများ]–
အရိုးသန်မာမှုအဆင့်၂, မသေဆုံးနိုင်သောထိန်းချုပ်မှု
အဆင့်၁

[ထူးခြားသောသွင်ပြင်လက္ခဏာများ]–
သွေးကြောမျှင်နှလုံး (အကျိုးသက်ရောက်မှု၁–
မတုန်လှုပ်သောအကျိုးသက်ရောက်မှုများ,
တိကျသောသွေးချည်မျှင်ကြိုးပမာဏကို
အသုံးပြု၍သွေးကြောမျှင်နှလုံးပုံစံကိုဖွဲ့စည်းသည်၊

သွေးကြောမျှင်နှလုံးကိုပိုင်ဆိုင်သော
အခါရုပ်ပိုင်းဆိုင်ရာစွမ်းရည်အားလုံး၏အရည်အသွေးမျာ
းကိုတိုးမြှင့်လာစေသည်၊
တုန်လှုပ်မှုမရှိသောအကျိုးသက်ရောက်မှုသည်သွေးကြေ
ာမျှင်နှလုံးပျက်စီးသွားသောအခါ
တွင်ဆုံးရှုံးသွားမည်ဖြစ်သည်၊ သက်ရောက်မှု၂-
သွေးကြောမျှင်နှလုံးကိုအသက်ဝင်စေခြင်း
ဖြင့်အခြားသူများ၏နှလုံးခုန်မှုကိုထိန်းချုပ်ရန်အတွက်နှ
လုံးကိုပွဲတင်ထွက်၍လုပ်နိုင်သည်)

မသေဆုံးသောမီးတောက် (သက်ရောက်မှု၁-
အသက်ဝင်သောအကျိုးသက်ရောက်မှု-
မသေဆုံးနိုင်သောမီးတောက်ကိုအလောင်းကောင်အတွင်
းသို့ထည့်သွင်းခြင်းဖြင့်၎င်းက ပြန်၍ရှင်သန်လာပြီး
၎င်းကိုမသေဆုံးသောအရိုးစုအမျိုးအစားအဖြစ်သို့ပြောင်
းလဲပေးမည် ဖြစ်ပြီး

စာစဉ် ၁၄

သက်ရှိထင်ရှားရှိစဉ်ကမည်မျှသန်မာပြီးအချိုးကျသော်
လည်း
ပြန်၍ရှင်သန်ထမြောက်လာသူအလောင်းကောင်များသ
ည်အရိုးစုခွံဘုရင်၏
အဆင့်ထက်တော့မကျော်လွန်နိုင်ပေ၊
အကျိုးသက်ရောက်မှု၂–
မသေဆုံးသောမီးတောက်မှ ရှင်သန်ထမြောက်လာသော
အလောင်းကောင်များသည်ဆက်လက်ကြီးထွားနိုင်
သော်လည်း
အရိုးစုခွံဘုရင်၏အဆင့်ထက်မကျော်လွန်နိုင်ပေ၊
အရိုးစုခွံဘုရင်သည်
ရှင်သန်ထမြောက်လာသောအလောင်းကောင်များကိုၚင်း
၏ကိုယ်ပိုင်ကြီးထွားမှုအတွက် စုပ်ယူနိုင်သည်၊)

[မကောင်းဆိုးဝါးအားနည်းချက်]–အလင်းအမျိုးအစား

စာစဉ် ၁၄

[စိတ်ကူးယဉ်ဆန်အဆင့်အတန်းသို့မြှင့်တင်ရန်လိုအပ်ချ
က်များ]–….

ဒီတစ်ကြိမ်,
ဒမ်ဘီ၏အဆင့်များတိုးမြင့်ခြင်းကကောင်းမွန်လှသည်၊
ဆင့်ကဲဖြစ်စဉ်
မတိုင်ခင်က,ဒမ်ဘီ၏အဆင့်သည်အဆင့်၂၆သာဖြစ်သည်
၊ ဒီတစ်ကြိမ်တွင်,
အဆင့်မြှင့်တင်ခြင်းအပြင်၎င်း၏အဆင့်မှာလည်းအဆင့်
လေးဆင့်အထိတိုးမြင့်လာခဲ့သည်၊

ထိုဆင့်ကဲဖြစ်စဉ်လမ်းကြောင်းမှဒမ်ဘီသည်စွမ်းရည်အ
သစ်တစ်ခုကိုလည်းရရှိခဲ့သည်၊  မသေဆုံးနိုင်သောမီးတေ
ာက်သည် ၎င်း၏ကန့်သတ်ချက်များရှိရုံမှလွဲ၍
ဆင့်ခေါ်နိုင်သော စွမ်းရည်ရှိပုံရသည်။
အလောင်းကောင်ကိုလိုအပ်ပြီး
အလောင်းမရှိလျှင်စွမ်းရည်က အသုံးမဝင်ပေ။

စာစဉ် ၁၄

သိုသော်မသေဆုံးနိုင်တဲ့မီးတောက်၏ဒုတိယစွမ်းရည်မှာ ကောင်းဖန်အတွေးထဲ၌ နက်ရှိုင်းစွာရှိနေခဲ့သည်၊ ရှင်သန်ထမြောက်လာသောအလောင်ကောင်တွေ၏ စွမ်းရည်ကိုသူ့ကိုယ်ပိုင်အသုံးပြုဖို့ပြန်ပြီးစုပ်နိုင်တယ်, အာ?

တကယ်ကို “ဘုရင်”ဆိုသည့်အတိုင်းပင်ရှင်သန်တာဖြစ်သည်။

အသစ်ပြောင်းလဲလာသောဒမ်ဘီသည်ယိုင်တိုင်တိုင်ဖြင့်စူးစမ်းလိုစိတ်ကြောင့်ခြေလှမ်းလာ ခဲ့သည်၊ ရုတ်တရက်စွမ်းအင်၏ပေါက်ကွဲမှုကိုအပြည့်အဝကျင့်သားရသေးပုံမပေါ်ပေ။

“ဒမ်ဘီ, ငါ့နောက်ကလိုက်ခဲ့”
ကောင်းဖန်ကပြောလိုက်သည်၊

စာစဉ် ၁၄

မပြောင်းလဲမှီတွင်တာ့ဇီ၏နှုတ်သီးလေးများသည်အင်အာ
းအပြည့်သုံးလျှင်
ဒမ်ဘီ၏အရိုးများပေါ်၌အမှတ်အသားတစ်ခုလောက်သာ
ကျန်ရစ်ခဲ့သည်၊ ဆင့်ကဲဖြစ်စဉ် ပြီးဆုံးပြီးနောက်,
ကောင်းဖန်သည်ဒမ်ဘီ၏ခုခံမှုကတိုးမြှင့်ကောင်းမွန်လာ
သည်ကိုသေချာ
မသိသောကြောင့်၎င်းကိုစမ်းသပ်ရန်အတွက်အကောင်း
ဆုံးနည်းလမ်းမှာ…

“တာ့ဇီ,
ဒမ်ဘီကိုတင်းတင်းကြပ်ကြပ်နဲ့ကောင်းမွန်တဲ့ကိုက်ရာေ
ပေးလိုက်စမ်းပါ”
ကောင်းဖန်ကအမိန့်ပေးလိုက်သည်။

ဒမ်ဘီကအခုမှတိုးမြင့်ထားသောကြောင့်တာ့ဇီကသူ့ကို
မှတ်မိပုံမပေါ်ပေ၊ တာ့ဇီသည်

စာစဉ် ၁၄

ဒမ်ဘီထံမှရင်းနှီးသောရနံ့ကိုဖျတ်ခနဲရလိုက်ရုံမျှသာဖြစ်သည်၊

ဒမ်ဘီကိုသံသယဖြင့်ကြည့်ကာတာ့ဇီကဖြေးညင်းစွာနှင့်တွားသွားလာသည်၊ ဒမ်ဘီ၏ ခန္ဓာကိုယ်မှအရှိန်အဝါတစ်မျိုးမျိုးဖျတ်ခနဲထွက်လာသည်၊ ထိုအရှိန်အဝါသည် တာ့ဇီကိုအလွန်စိတ်မသက်မသာဖြစ်စေပြီး တစ်ချိန်တည်းမှာပင်၎င်း၏နှလုံးသား အောက်ခြေ၌ကြောက်ရွံ့မှုတစ်ခုဖြစ်ပေါ်လာသည်။

ထို့နောက်တာ့ဇီကရုတ်တရက်အသိပြန်ဝင်လာသည်၊ ငါ,ဂရုဏာရှင်လွတ်မြောက်ရေး သမားဇီက, ကြောက်စရာလား?!

စိတ်ဆိုးစွာဖြင့်, တာ့ဇီကဒမ်ဘီဆီသို့တွားသွားသွားလိုက်ကာ,

စာစဉ် ၁၄

ငင်းကပါးစပ်ကိုကျယ်ကျယ် ဖွင့်လိုက်ပြီး ပြင်းထန်စွာဖြင့်ဒမ်ဘီ၏ပေါင်ကိုကိုက်ချလိုက်သည်၊

ကချား!

ဆန်စေ့တစ်စေ့အရွယ်ရှိသောငင်းနှုတ်သီး၏အပိုင်းအစေ ေးသည်ပွဲ့ထွက်သွားပေမယ့်, ဒမ်ဘီ၏အဖြူရောင်အရိုးများကတော့ထိခိုက်ခြင်းမရှိပေ။

တာ့ဇီကခဏလောက်ရပ်လိုက်ပြီးနောက် လှည့်ကာပြေးတော့သည်၊ ကောင်းဖန်က ဘယ်လိုဘဲအော်ပါစေ, တာ့ဇီကတော၏အနက်ဆုံးအပိုင်းထဲသို့တည့်တည့်ဆက်ပြေးတော့ သည်၊

"တာ့ဇီ, ပြန်လာခဲ့!"
ကောင်းဖန်ကဆက်၍အော်နေသည်။

တာ့ဇီထွက်ပြေးတာကိုကြည့်ပြီး,ကောင်းဖန်အကူအညီမဲ့သလိုခံစားလိုက်ရသည်၊ တာ့ဇီအတွက်ခက်ခဲမယ်ဆိုတာလည်းသူသိသည်။

သူ၏ပထမဆုံးကိုယ်ပိုင်သားရဲဖြစ်နေတာတောင်မှ,တာ့ဇီ၏စွမ်းရည်များသည်တခြားသားရဲများထက်သပ်ပြီးတိုးတက်လာခြင်းမရှိဘဲ, နေးကွေးလာခဲ့သည်။

ထူးခြားအဆင့်အတန်းအစင်းလေး, ထူးခြားအဆင့်အတန်းဖလိမ်မီ, ဒဏ္ဍာရီလာအဆင့်အတန်းဒမ်ဘီနှင့်ဒဏ္ဍာရီလာအဆင့်အတန်းဂိုဒီတို့ဖြစ်လာကြသည်၊ ဆီလီတစ်ယောက်တည်းသာတာ့ဇီနှင့်အဆင့်အတန်းတူတူဖြစ်နေပြီး, ပြီးပြည့်စုံသောအဆင့်အတန်းတွင်ရှိနေခြင်းဖြစ်သည်။ဒါပေမယ့်,တာ့ဇီကသိန်မာလိုစိတ်မရှိသလို

စာစဥ် ၁၄

နေ့တိုင်းဖျော်ရည်သောက်ရင်းပျော်ရွှင်နေတဲ့ဆီလီလိုမျိုးလည်းကြည်နူးနေခြင်းမရှိပေ၊

တဘ့ဇီကကောင်းဖန်အနားတွင်နေ့တိုင်းရှိနေကာ, သူ့ကိုကာကွယ်နိုင်စေရန်မည်သည့်အရာထက်မဆိုပိုမိုအားကောင်းလာရန်ဆန္ဒရှိခဲ့သည်၊

ဒါပေမယ့်တဘ့ဇီရုတ်တရက်တစ်နေ့တွင်ကောင်းဖန်၏တခြားသားရဲများကသန်မာသထက်သန်မာလာသည်ကိုနားလည်လာသည်၊ ၎င်း၏ကောင်းဖန်ကိုကာကွယ်သည့်သူ၏ဇာတ်ကောင်နေရာသည်ကြည့်ရတာကြာရှည်သိပ်ပြီးအရေးပါပုံမပေါ်တော့ပေ၊ လုပ်ရမှာကသူတို့ကိုအားပေးဖို့တကောက်ကောက်လိုက်ကာ ‘666’လို့အော်ပြီးကြွေးကြော်နေရမည်ဖြစ်သည်၊ဒါကတဘ့ဇီကိုကြောက်ရွံ့ပြီးစိတ်မချရသလိုခံစားရစေသည်၊

စာစဉ် ၁၄

ဒါကကောင်းဖန်၏ဘက်လိုက်မှုတွေဘာတွေနှင့်ဘာမှမဆိုင်ပေ၊ ရှားပါးသောဆင့်ကဲဖြစ်စဉ်ပစ္စည်းများကိုသူလက်လှမ်းမှီနိုင်သည့်အရာများအပေါ်ကိုအခြေခံပြီး သူ၏ကိုယ်ပိုင်သားရဲများကိုဆင့်ကဲပြောင်းလဲပေးခဲ့ခြင်းသာဖြစ်ကာ ထိုအရာကလည်း သူထိန်းချုပ်နိုင်သည့်အရာမျိုးမဟုတ်ပေ။

ဂိုဒီ သို့မဟုတ် အစင်လေးအတွက်သုံးသောပစ္စည်းများ သို့မဟုတ် တခြားသောပစ္စည်းများကိုတာ့ဇီ၏ဆင့်ကဲဖြစ်စဉ်အတွက်အသုံးပြုနိုင်ခဲ့ပါကကော ာင်းဖန်သည်တုံ့ဆိုင်းနေမည် မဟုတ်သော်လည်း အမှန်ကထိုကိစ္စများသည် တကယ်ကံကောင်းမှုနှင့်လည်းသက်ဆိုင် သည်။

"ငါ, ငါတာ့ဇီကိုသွားရှာလိုက်မယ်"

ဒမ်ဘီကဒူးကွေးလိုက်ပြီး အောက်သို့ငုံ့ကာ

စာစဥ် ၁၄

မြေပြင်ပေါ်ရှိအညစ်အကြေးများကိုညင်သာစွာသုတ်သင်
လိုက်ပြီးဆန်စေ့အရွယ်ရှိသော
ခရမ်းရောင်ဖျော့ဖျော့နှုတ်သီးပိုင်းလေးကိုဂရုတစိုက်ကေ
ာက်ယူလိုက်သည်၊သူ့လက်သီးကို
ညင်သာစွာပိတ်လိုက်ပြီးတာ့ဇီရှေ့ကသွားသည့်ဦးတည်ချ
က်ဆီသို့ကြီးမားသော
ခြေလှမ်းကြီးများကိုလှမ်းလိုက်သည်။

ကောင်းဖန်မှာသားရဲအများအပြားရှိလိမ့်မည်,
ဒါပေမယ့်ကမ္ဘာပေါ်ရှိသားရဲ
တစ်ကောင်ချင်းစီထဲ၌ကောင်းဖန်တွင်တော့တစ်ခုတည်း
သာရှိသည်။

တာ့ဇီသည်ဒေါသထွက်စွာဖြင့်မြေပြင်ပေါ်တွင်ဆောင့်ေ
ြ
ြောင့်ထိုင်ကာမြေကြီးထဲ၌
မြှုပ်မနေခင်သစ်ပင်အောက်တွင်အပေါက်တစ်ခုကိုတူး
လိုက်သည်။ ဒမ်ဘီက

စာစဉ် ၁၄

သူ့နောက်ကမကြာခင်ပေါ်လာကာတိတ်တဆိတ်ကြည့်ေ
ေရင်းတာ့ဇီသည်မြေကြီးထဲတွင်
သူ့ကိုယ်သူမြှုပ်ထားသည့်အတွက်သေးငယ်သောခေါင်းေ
ေးနှင့်ဦးမှျင်နှစ်ချောင်းက လေထဲတွင်ပေါ်နေသည်။

ဟိန်းသံ…ဒမ်ဘီသည်နူးညံ့စွာဖြင့်တာ့ဇီ၏ခေါင်းကိုပုတ်
ပေးလိုက်သည်၊ သူ၏မျက်အိမ်
ထဲရှိအဖြူရောင်မီးတောက်များသည်ညင်သာစွာတောင်
ပနေပြီး မီးတောက်လေးတစ်လုံး
သည်လွင့်ထွက်လာကာတာ့ဇီ၏ခေါင်းထဲသို့ဝင်ရောက်လ
ာပြီးတာ့ဇီနှင့်ဒမ်ဘီ၏စိတ်ကို
ယာယီချိတ်ဆက်လိုက်သည်။

"တာ့ဇီ" ဒမ်ဘီကခေါ်လိုက်သည်။

တာ့ီဇ၏ခေါင်းသည်ဒမ်ဘီကိုကြည့်ဖို့လှည့်လိုက်သော်လ
ည်း ဘာမှပြန်မပြောပေ။

စာစဉ် ၁၄

“ငါတို့ကသူငယ်ချင်းတွေဘဲ”

ဒမ်ဘီကသူ့ညာလက်ကိုဆန့်လိုက်ကာပြောလိုက်သည်။

တာ့ဇီကထိုအချိန်ထိဒမ်ဘီကိုဘာမှပြန်မပြောပေ။

“မင်းဒါကိုအခုလေးတင်ကျနေခဲ့တာ”

ဒမ်ဘီကသူ့လက်ကိုမြှောက်ကာဖွင့်ပြလိုက်သည်။

သူ၏လက်ဝါးထဲတွင်သေးငယ်ပြီးဆန်စေ့အရွယ်ရှိသောခ ရမ်းရောင်အပိုင်းအစလေးရှိ နေသည်။

တာ့ဇီကထိုအရာကိုကြည့်ရင်းမျက်ရည်ကျလုမတတ်ပင်ြ ြစ်နေသည်၊ ငါမင်းကိုကိုက်လို့ အဲ့တာကျသွားတာ, ငါ့ရှေ့သွားတွေပြန်ပေး!

“ကြည့်” ဒမ်ဘီကအောက်ကိုငုံ့လိုက်ကာ

သူ့ပေါင်ပေါ်ရှိနေရာကိုညွှန်ပြလိုက်သည်၊

တာ့ဇီကကိုက်ထားသည့်နေရာဖြစ်သည်၊

ပကတိမျက်စိဖြင့်ပင်မြင်သာထင်ရှားသည့်
ပါးလွှာသောအက်ကွဲကြောင်းလေးရှိနေသည်။

တာ့ဇီကအေးစက်စွာဖြင့်နှာမှုတ်လိုက်သည်၊
“ငါ့ကိုက်တာကြောင့်ဖြစ်တဲ့ဒဏ်ရာနဲ့မတူဘူး, လူလိမ်”

ဒမ်ဘီကသူ့အရိုးတွေကိုမလုံမလဲဖြင့်ပွတ်လိုက်သည်၊
“ငါနောက်တစ်ကြိမ်မှတ်ထားပါ့ မယ်”

“သခင်ကမင်းကိုအကြိုက်ဆုံးပါ”
ဒမ်ဘီကဆောင့်ကြောင့်ထိုင်နေပြီး တာ့ဇီ၏ခေါင်းကို
ပုတ်ပေးနေသည်၊ “ငါတို့မင်းကိုလိုအပ်တယ်လေ”

တာ့ဇီကစိတ်ကောက်နေသေးပြီး တိတ်ဆိတ်နေသည်၊
ထို့နောက်ဒမ်ဘီကထ၍ထွက်သွား
သလိုခံစားလိုက်ရသည်၊

ဟမ့်, မင်းကငါ့ကိုလိုအပ်တယ်ပြောပြီး
နောက်ခဏမှာတင်မင်းကထွက်သွားပြီ, လူလိမ်ကောင်!

ဆယ်မိနစ်လောက်ကြာပြီးနောက်တာ့ဇီနောက်ကခြေသံကိုကြားလိုက်ရသည်၊ "မင်းဘာအတွက်ပြန်လာတာလဲ၊ မင်းပြန်လာရင်တောင်, ငါ..."

မှိန်ဖျော့ဖျော့အနံ့လေးကတာ့ဇီ၏နှာခေါင်းထဲသို့ရောက်လာသည်။

ဒမ်ဘီ၏ဘယ်လက်ထဲတွင်ကြက်ကင်တစ်ဝက်ရှိနေသည်၊ ဒမ်ဘီကကြက်ကင်၏ခြေထောက်နှစ်ချောင်းကိုတာ့ဇီ၏ခေါင်းပေါ်တွင်ထားလိုက်သည်။

တာ့ဇီ၏အမြင်ကိုကြက်ကင်ကလုံးဝစုပ်ယူသွားပြီးတာ့ဇီသည်တဖျတ်ဖျတ်လက်ကာ ကြည့်နေသည်။

"ငါမင်းကိုခွင့်လွှတ်တယ်"

## စာစဉ် ၁၄

ထိုသို့ဖြင့်, တာ့ဇီသည်မြေပြင်ပေါ်သို့ထွက်လာပြီး ကြက်ကင်ကိုယူလိုက်ကာအကိုက်ကြီး ကြီးကိုက်၍အငမ်းမရစားတော့သည်၊ တာ့ဇီကစားလိုက်ပြီးသည်နှင့်အော်ဟစ်လိုက်သည်, “မင်းတို့အားလုံးထက်ငါကသေချာပေါက်သန်မာလာစေရမယ်”

“သေချာတာပေါ့” ဒမ်ဘီကတီးတိုးပြောလိုက်သည်။

“တစ်နေ့မှာငါက ဂရုဏာရှင်လွတ်မြောက်ရေးသမားဇီဖြစ်လာရမယ်!” တာ့ဇီက သူ့ကိုယ်သူအခိုင်အမာယုံကြည်နေသည်၊

ဂရုဏာရှင်လွတ်မြောက်ရေးသမားဇီ? ဒမ်ဘီကစိတ်ရှုပ်သွားသည်၊ အဲ့တာဘာလဲ။

“အဲ့တာကပျံတောင်ပျံနိုင်ပြီး အထူးစွမ်းရည်တွေရှိတဲ့ကင်းခြေများ!”

စာစဉ် ၁၄

တာ့ဇီ၏မျက်လုံးများ

သည်ပြင်းပြသည့်ဆန္ဒများဖြင့်ပြည့်နေသည်၊

ကင်းခြေများကတကယ်ကို

ထူးခြားတဲ့စွမ်းရည်တွေရှိတယ်၊

"မင်းကအဲ့လိုမျိုးစွမ်းအားကြီးတဲ့လူဖြစ်လာမှာ"

ဒမ်ဘီကသူ့ခေါင်းကိုငြိမ့်လိုက်သည်။

"ဟမ့်!"

တာ့ဇီကဂုဏ်ယူစွာဖြင့်သူ့ခေါင်းကိုမော့လိုက်သည်။

ဒမ်ဘီ၏နှစ်သိမ့်မှုခံရပြီးနောက်,တာ့ဇီသည်နောက်ဆုံးေ

ေ့သူ့ပါးစပ်၌အဆီများကျ၍ ပြန်ရောက်လာသည်၊

ကောင်းဖန်ကတာ့ဇီ၏ဆင့်ကဲဖြစ်စဉ်အတွက်

ပစ္စည်းတွေရှာဖို့နောက်တစ်နေ့တောထဲသွားမယ်လို့ပြော

ကာနှစ်သိမ့်လိုက်သည်၊

စာစဉ် ၁၄

ထို့နောက်တွင်မှ,
မနာလိုဖြစ်နေသောကောင်းခြေများသည်ကျေနပ်စွာလဲလျေ
ာင်းကာ အိပ်ပျော်သွားတော့သည်။

စာစဉ် ၁၄

## *အပိုင်း ၂၁၅ တစ္ဆေဂျဖာလူကာပုတ်သင်*

နောက်တစ်နေ့မနက်တွင်ကောင်းဖန်သည်အိပ်ရာထဲတွင်ရှိနေသေးသော်လည်း တာ့ဇီသည်ကောင်းဖန်၏ကုတင်ပေါ်သို့စိတ်အားထက်သန်စွာဖြင့်တက်လာခဲ့ပြီး ကောင်းဖန်၏အပေါ်၌ပြားကပ်အောင်နေနေကာသူ၏ခန္ဓာကိုယ်တစ်ခုလုံးနှင့် သူ၏ဦးမျှင်များကိုငုံ့လိုက်၍ကောင်းဖန်၏မျက်နှာအားပွတ်သတ်နေသည်။

တာ့ဇီ၏အဆက်မပြတ်နှောက်ယှက်နေမှုကြောင့် နိုးလာသောအခါကောင်းဖန်ကမျက်လုံးများကိုဖွင့်၍မှုန်ကုပ်ကုပ်ဖြင့်ကြည့်လိုက်သည်၊ သူ့မျက်နှာရှေ့တွင်နှုတ်သီးနှစ်ချောင်းနှင့် လာဟပ်နေသည်ကိုမြင်လိုက်ရသည်၊

စာစဉ် ၁၄

“ကောင်းပြီ, ကောင်းပြီ,ဆိုးပေနေတာတော်လိုက်တော့”
ကောင်းဖန်တဲ့ဇီကိုဘေးဘက်သို့
တွန်းထုတ်ဖို့ကြိုးစားလိုက်ပေမယ့်,
တဲ့ဇီကအရမ်းလေးလွန်းသည်။ သူကြိုးစားပြီး
ဖယ်ကြည့်တာတောင်မှတဲ့ဇီကိုရွှေ့သွားအောင်ပြုလုပ်၍
မရပေ။

“တကယ်လို့မင်းငါ့ကိုဆက်ပြီးဖျစ်ညှစ်နေဦးမယ်ဆိုရင်,
မင်းဒီနေ့အပြင်ထွက်ဖို့အတွက်ကို မေ့လိုက်တော့”

သူ့သခင်၏စကားများကိုကြားလိုက်တော့,
နောက်ဆုံးတဲ့ဇီသည်နာခံစွာဖြင့်အိပ်ရာပေါ်မှ
လျှောဆင်းသွားတော့သည်။

အိပ်ရာမှထ၍, သန့်ရှင်းပြီးနောက်,
ကောင်းဖန်ကသူ့ခေါင်းကိုယမ်းလိုက်ပြီးရှုံ့မဲ့ကာပြုံး
လိုက်သည်။အခုအချိန်တွင်အစိုးရကစိတ်ဝိညာဉ်တောင်နှ
င့်စတင်ညှိနှိုင်းနေပြီဖြစ်သော်

လည်းအခြေအနေမှာကောင်းမွန်ခြင်းမရှိသေးပေ၊ တောရိုင်းထဲတွင်တော့ခုထိ အန္တရာယ်ရှိနေဆဲဖြစ်သည်၊ အဘိုးထံသို့သွားရသည့်အကြောင်းအရင်းကိုဦးစွာရှင်းပြ၍,ပထမတော့ သူ့ကတုံ့ဆိုင်းနေပြီးနောက် သူ့ခေါင်းကိုညိတ်လိုက်သည်၊

“ဒါဆိုလည်းမြန်မြန်သွားပြီး မြန်မြန်ပြန်လာခဲ့နော်၊ အပြင်မှာအကြာကြီးနေမနေနဲ့၊ စိတ်ဝိညာဉ်တောင်နဲ့အခြေအနေက လက်ရှိမှာတည်ငြိမ်နေပေမယ့်အဲ့သားရဲတွေရဲ့စကားက ဘယ်တော့မှမယုံရဘူး၊ သားရဲတွေက သူတို့ရဲ့စကားလုံးတွေအရဘယ်တော့မှနောက်ပြန်မဆုတ်ဘူးလို့ ကြားဖူးတယ်၊ သူတို့ရဲ့လုပ်ရပ်တွေအတွက်အကြောင်းပြချက်တွေကအများအားဖြင့် သူတို့ရဲ့စိတ်နေစိတ်ထားပေါ်မှာမူတည်နေတာ”

## စာစဉ် ၁၄၄

"ဒါ့အပြင်,
မင်းကပစ္စည်းတွေကိုရှာနေတာကြောင့်,ကိုယ်ပိုင်သားရဲ
အများကြီးကိုယူမသွား နဲ့,
မဟုတ်ရင်မင်းရဲ့ကိုင်တွယ်ထိန်းကျောင်းနိုင်စွမ်းအတွက်
အကျိုးသက်ရောက်လာလိမ့် မယ်"

ကောင်းဖန်ကသူနားလည်ကြောင်းခေါင်းညိတ်ပြလိုက်သ
ည်၊ ဒီတစ်ကြိမ်တွင်, သူကတာ့ဇီနှင့်ဒမ်ဘီအပြင်,
ဖလိမ်မီနှင့်ဆီလီတို့ကိုဘဲယူလာဖို့ပြင်ဆင်ထားတာဖြစ်
သည်၊
ဒီခရီးစဉ်အတွက်ကိုယ်ပိုင်သားရဲလေးကောင်သာပါဝင်မ
ည်ဖြစ်သည်၊

ဒမ်ဘီ၏အဆင့်နှင့်အဆင့်အတန်းသည်သူ၏ကိုယ်ပိုင်သ
ားရဲများကြားတွင်အကောင်းဆုံး
ဖြစ်ပြီးဖလိမ်မီသည်လည်းမျိုးစိတ်စွမ်းရည်ကြောင့်
၎င်း၏ကြီးထွားမှုသည်အလွန် လျင်မြန်လှသည်၊

စာစဉ် ၁၄

လွန်ခဲ့သည့်ရက်အနည်းငယ်ကအဆင့် ၂၈သို့ရောက်ရှိခဲ့သည်၊ သားရဲတွေကိုလူတွေခွဲခြားထားပုံအရဆိုလျှင် ဖလိမ်မီသည် အလယ်အလတ်အုပ်ချုပ်သူ အဆင့်သားရဲဖြစ်နှင့်ပြီးဖြစ်သည်။

ဆီလီ၏အရွယ်အစားမှာသေးတာကြောင့် ၎င်းကိုယူဆောင်လာခြင်းမှာအခက်အခဲမရှိပေ။ သို့သော်အရေးကြီးဆုံးမှာ ဆီလီအားသူ့ဘေး၌ထားခြင်းသည်အလွန်အဆင်ပြေပြီး သယ်ဆောင်ရလွယ်ကူသောသိုလှောင်သည့်နေရာလပ်တစ်ခုရှိခြင်းကြောင့်ဖြစ်သည်။

ကောင်းဖန်သည်ဆီလီ၏သယ်ဆောင်ရလွယ်ကူသောနေရာလပ် သက်ရှိအရာများပါ သယ်ဆောင်နိုင်သည့်တစ်နေ့ဖြစ်လာစေရန်မျှော်လင့်သည်၊ ဒါမှသူ၏သယ်ဆောင်ရလွယ် သောလွင့်မျောနေသောကိုယ်ပိုင်ခံတပ်ရှိမည်ဖြစ်သည်၊

စာစဉ် ၁၄

ကိုယ်ပိုင်နေရာလပ်ကိုဖွင့်လိုက် သည်နှင့် သူ၏ကိုယ်ပိုင်သားရဲများကိုလွှတ်ပေးနိုင်သည်၊ထို့အပြင်, ဆီလီသည်ရေ, ကုန်းမြေနှင့် ကောင်းကင်တို့တွင်လည်းသွားလာနိုင်သည်၊

ထိုသို့စဉ်းစားကြည့်ရင်း, ကောင်းဖန်ကသူ့ခေါင်းပေါ်မှအနားယူနေသည့်ဆီလီကို လက်လှမ်း၍ခေါင်းကိုပွတ်လိုက်သည်။

အမ်း, ပိုပြီးချောမွေ့လာတာဘဲ၊ အကယ်၍ငါသာနေ့တိုင်းပွတ်ပေးရင်,အနေးနဲ့အမြန် , ဒီကောင်ပိုပြီးတောက်ပလာမှာဘဲ။

“တစ်ချိန်တည်းမှာဘဲ, အဘိုးကြီးလျှိုလည်းအားနေတာဘဲ၊ ဒီခရီးစဉ်မှာမင်းနဲ့အတူ လိုက်ခိုင်းလိုက်လေ” ကျီဟာန့်ဝူကအနည်းငယ်စိတ်ပူနေသေးသည်၊

နည်းနည်းပိုစဉ်းစားပြီး
မှကောင်းဖန်အားပြောလိုက်သည်၊

ထိုသို့ဖြင့်, ဦးလေးလျို့ဆီသို့ဖုန်းဆက်လိုက်သည်၊
အချိန်တိုအတွင်းမှာပင်, အနက်ရောင်
အရိပ်နှစ်ခုကကောင်းကင်ပေါ်မှလျင်မြန်သောအရှိန်ဖြင့်
ပျံဝဲလာသည်ကိုတွေ့လိုက်သည်၊ နောက်ဆုံးတော့,
သူတို့ကတည်ငြိမ်စွာဖြင့်ရေကန်ဘေးသို့ဆင်းသက်လိုက်
သည်။

ကေရာဇ်အဆင့်ရောင်ခြည်စက်ဝန်းနှစ်ခုသည်၎င်း၏ခြေ
ထောက်အောက်တွင်လည်နေ သည်၊

[မကောင်းဆိုးဝါးအမည်]–တစ္ဆေဂျဖာလူကာပုတ်သင်

[မကောင်းဆိုးဝါးအဆင့်]–အဆင့်၄၁(ကေရာဇ်အဆင့်)

[မကောင်းဆိုးဝါးအဆင့်အတန်း]–အထူးအဆင့်အတန်း

[မကောင်းဆိုးဝါးကျွမ်းကျင်မှုများ]–
မာကျောသောအခွံအဆင့်၃, မြင့်တင်ထားသောအမြင်ရှေ့လျှားအားအဆင့်၁

[ထူးခြားသောသွင်ပြင်လက္ခဏာများ]–
အရိပ်ဖြင့်သတ်ဖြတ်ခြင်း (သက်ရောက်မှု၁, တုန်လှုပ်မှုမရှိသောသက်ရောက်မှု– အသံတိတ်ဆိတ်နေသောအခါ,၎င်းသည်ပတ်ဝန်းကျင်နှင့်အရောင်အသွေး,ခန္ဓာကိုယ်အပူချိန်နှစ်မျိုးစလုံးနှင့်လိုက်ရောညီထွေဖြစ်စေသည်၊ သက်ရောက်မှု၂, တုန်လှုပ်မှုမရှိသောသက်ရောက်မှု– ၎င်း၏ထူးခြားသောအသားရေသည် တုန်ခါမှုများကိုစုပ်ယူနိုင်ပြီး, ရှာဖွေလို့မရနိုင်သည်အထိတိတ်တဆိတ်လှုပ်ရှားသည်)

အရိပ်ဂျဖာလူကာသည်ပြီးပြည့်စုံသောအသွင်ပြင်ကူးပြေ ာင်းမှုကိုကြုံတွေ့ခဲ့သည်၊

စာစဉ် ၁၄

ၿငင်း၏အမည်ကိုအရိပ်ဂျဖာလူကာပုတ်သင်မှ
တစ္ဆေဂျဖာလူကာပုတ်သင်အဖြစ်သို့
ပြောင်းလဲရုံတင်မက
ၿငင်း၏ခန္ဓာကိုယ်သည်လည်းကြီးမားသောပြောင်းလဲမှုပြ
ြီးဖြစ်ခဲ့ သည်။

မူလကၿငင်းသည်ပတ်ဝန်းကျင်နှင့်တသားတည်းဖြစ်အော
င်ကူးယူသည့်ပုတ်သင်ဖြစ်နေ၍
အရွယ်အစားအကြိမ်များစွာကြီးထွားလာခြင်းကိုဖုံးကွယ်
ထားသလိုဖြစ်နေသည်၊
ယခုအချိန်တွင်တော့ၿငင်း၏ကိုယ်ထည်သည်အနည်းဆုံးရှ
စ်ဆတိုးလာပြီး ၿငင်း၏အလျား,
အနံနှင့်အရပ်သည်နှစ်ဆတိုးလာသည်ဟုယူဆရသည်။

ၿငင်း၏ရောင်စုံအကြေးခွံများသည်ပတ်ဝန်းကျင်နှင့်အတူ
အရောင်ပြောင်းလဲသွားပြီး
ၿငင်း၏အသွင်အပြင်ကိုမှုန်ဝါးသွားစေသည်၊

၎င်း၏ဦးခေါင်းနှင့်ခန္ဓာကိုယ်အရွယ်အစား၏ အချိုးသည်လည်းအရင်ကထက်များစွာလျော့ကျသွားပုံရပြီး ၎င်း၏အဝါရောင်မျက်လုံးများ သည်၎င်း၏သူငယ်အိမ်ထဲတွင်ဒေါင်လိုက်ရှိနေသည်။

တစ္ဆေဂျဖာလူကာပုတ်သင်နှင့်ပတ်သတ်ပြီး မျက်စိအဖမ်းစားဆုံးမှာ, နံရိုးမှ၎င်း၏ တင်ပါးဆုံရိုးအထိနေရာမှအပြင်သို့ဆန့်ထွက်နေသည့် အတောင်ပံတစ်စုံပင်ဖြစ်သည်။

အတောင်ပံများသည်ခန္ဓာကိုယ်နှင့်ဆက်သွယ်ထားသည့် ဧရိယာတွင် ပုစဉ်းရင်ကွဲကောင် ၏အတောင်ပံကဲ့သို့ပါးလွှာသောအမြှေးပါးလည်းရှိသည်။ အတောင်ပံများကကြီးမားသော မျက်နှာပြင်ရှိပြီး ၎င်း၏ကိုယ်ထည်တစ်ခုလုံး၏နှစ်ဆအရွယ်ခန့်ရှိသည်။

တစ္ဆေဂျဖာလူကာပုတ်သင်သည်မရွေ့လျားဘဲကြမ်းပြင် တွင်တိတ်ဆိတ်စွာလဲလျောင်းနေ

ပါကထိုအတောင်ပံများသည်အတွင်းထဲသို့ခေါက်ကာသေ
သပ်စွာဖြင့်၎င်း၏ခန္ဓာကိုယ်ဘေး တွင်သိမ်းထားသည်၊
၎င်းအကြေးခွံများ၏ဖုံးကွယ်သည့်သက်ရောက်မှုနှင့်အ
တူဖြစ်နေ သောကြောင့်,
တစ်ခြားသူများ၏တစ္ဆေဂျဖာလူကာပုတ်သင်၏ခန္ဓာကို
ယ်ဘေးဘက်တို့
တွင်ဖောင်းနေသောအဖုအထစ်နှစ်ခုရှိနေသည်ကိုမှုန်ဝါးဝ
ါးသတိပြုမိနိုင်သော်လည်း
၎င်းသည်အမှန်တကယ်တောင်ပံတစ်စုံဖြစ်ကြောင်းပြော
ရန်ခက်ခဲလှသည်။

ကောင်းဖန်ကဒီသတ္တဝါကိုပုံဖော်ရရင်ဖြင့်,
တစ္ဆေဂျဖာလူကာပုတ်သင်သည်အနောက်တိုင်း
ဒဏ္ဍာရီများထဲမှရောမနဂါးကြီးနှင့်တူသည်လို့ပြောနိုင်သ
ည်။

တခြားသောကေရာဇ်အဆင့်သားရဲကတော့ သွေးမျက်လုံးလင်းတဖြစ်သည်၊ ၎င်း၏အဆင့် ကတော့အစောပိုင်းနှစ်လကတည်းကမပြောင်းလဲသေး ဘဲအဆင့်၄၂တွင်သာရှိသော်လည်း ၎င်း၏ခန္ဓာကိုယ်သည်ကောင်းဖန်နောက်ဆုံးတစ်ကြိမ်မြ င်ရတုန်းကနှင့်ယှဉ်လိုက်လျှင် ပိုပြီးအနာများရှိလာသည်၊ တချို့သောအနာများကသေးငယ်ပြီး, တခြားအရာများကတော့ ကြီးသည်, တစ်ချို့အနာတွေကကုစားပြီးနောက်ပြန်ပိတ်နေပြီဖြစ် သည်၊ ၎င်းကဖိနှိပ်မှုနှင့် ကြောက်စရာကောင်းသောအရှိန်အဝါကိုပေးသည်။

ကောင်းဖန်သည် ထိုသွေးမျက်လုံးလင်းတကကေရာဇ်အဆင့်ကိုထိုးဖောက် နိုင်ရန်အတွက် စိတ်ကြွစေသောလေ့ကျင့်မှုများဖြင့်ပြုလုပ်ပေးခဲ့ရသည်

ဟုဦးလေးလျှိုပြောတာကို သတိရမိသွားသည်၊ငင်း၏အဆင့်အတန်းက ဖြစ်နိုင်လျှင်သာမန်အဆင့်၏အနိမ့်ဆုံး၌ ဖြစ်နိုင်ပြီး, ၎င်းကအခြေတည်သောရုပ်ပိုင်းဆိုင်ရာသန်မာမှုသည်မြှင့်တင်ရန် ခက်ခဲလှသည်။

ထိုကဲ့သို့သောအမျိုးအစားအတွက်, သွေးမျက်လုံးလင်းတသည်ငင်း၏လက်ရှိအဆင့်သို့ ရောက်ရှိသွားသည့်အံ့ဖွယ်ကိစ္စတစ်ခုနီးပါးဖြစ်ခဲ့သည်။

တစ်ခါကြည့်ပြီးသည်နှင့်, ဂိုဒီ၏အာရုံသည်သွေးမျက်လုံးလင်းတထံမှဖမ်းစားခံလိုက်ရပြီး ၎င်း၏မျက်လုံးများကလက်လာတော့သည်၊ ထိုငှက်ကြီးသည်သူ့ကိုယ်တိုင်နှင့်တူညီသော ခံစားမှုမျိုးကိုပေးနေသည်ဟုခံစားရသည်။

ဂိုဒီကလျင်မြန်စွာဖြင့်ယက်ကန်ယက်ကန်လျှောက်သွား ပြီး စူးစမ်းစွာဖြင့်သွေးမျက်လုံး လင်းတကိုစိုက်ကြည့်နေသည်။

လင်းတ၏မူလကမှိတ်ထားသောမျက်လုံးများသည် ပွင့်သွားပြီးဂိုဒီကိုအေးစက်သော အကြည့်ဖြင့်ကြည့်လိုက်သည်၊ ထို့နောက်မျက်ခုံးများလည်းအနည်းငယ်တွန့်ကျုံးလာ သည်။

လေထုသည်မိုးခြိမ်းသံကဲ့သို့အက်ကွဲသွားကာနောက်အခို က်အတန့်တွင်ဂိုဒီ၏ အဝါရောင်ငှက်မွေးအကျီသည်ရုတ်တရက်ဆွဲဖယ်ခံလိုက် ရပြီးငင်း၏အဝတ်မပါသော ကိုယ်တုံးလုံးပုံစံကိုပေါ်လွင်လာစေသည်။

“ဂတ်!” ဂိုဒီ၏မျက်လုံးများကပြူးကျယ်စွာပွင့်လာပြီး ချက်ချင်းပင်ငင်း၏ခြေချောင်းများ ကိုစိလိုက်ကာ,

သွေးမျက်လုံးလင်းတကိုတုန်လှုပ်ကာကြောက်ရွံ့သောအကြည့်ဖြင့် ကြည့်နေသည်။

“ဦးလေးလျို, အဲ့ကိုအရင်သွားကြရအောင်၊
အကယ်၍ကျွန်တော်တို့ဘာမှရှာမတွေ့ရင်,
ကျွန်တော်တို့ဒီနေရာ, ဒီနေရာ....ပြီးတော့
ဒီနေရာတွေကိုသွားနိုင်တယ်”

ထို့သို့ဖြင့်,
ဦးလေးလျိုသည်ကောင်းဖန်အားသွေးမျက်လုံးလင်းတကိုစီးစေသည်။
လင်းတ၏နောက်ကျောရှိအမွေးများရှိတာကြောင့်
တစ္ဆေဂျဖာလူကာပုတ်သင်၏
အကြေးခွံများထက်တော့စီးရတာပို၍သက်တောင့်သက်သာရှိသည်။

ထို့နောက်တွင်တစ္ဆေဂျဖာလူကာပုတ်သင်၏ချွန်ထက်နေသောလက်သည်းများက

စာစဉ် ၁၄

ဒမ်ဘီ၏ပုခုံးအရိုးကိုကုပ်ထားပြီးလေထဲသို့မတင်လိုက်သည်၊ နောက်အခိုက်အတန့်တွင် သားရဲနှစ်ကောင်သည်ကောင်းကင်သို့တက်နေပြီဖြစ်သည်။

"အား, ခဏလေး!ဦးလေးလျို, ကျွန်တော်တခြားသားရဲတွေကိုမစုရသေးဘူး!!!" ကောင်းဖန်၏အော်သံနှင့်အတူလေထုထဲတွင်အော်သံကစွဲကျန်နေသည်။

"ငါတို့ကသွားကစားကြမှာမဟုတ်ဘူးလေ၊ သားရဲတွေကိုယူလာပြီးဘာလုပ်မှာလဲ? ငါတို့မြန်မြန်သွားပြီးမြန်မြန်ပြန်လာရမယ်"

ဆီလီကကောင်းဖန်၏ခေါင်းပေါ်၌ရှိနေဆဲဖြစ်ပြီး ၎င်း၏ဘဝဲလက်များသည်လေထဲတွင် ပျံဝဲနေသည်၊ ၎င်းကစိတ်လှုပ်ရှားစွာဖြင့် 'ပုချီ, ပုချီ'ဆိုသောအသံကိုပြုလုပ်နေသည်။

## စာစဉ် ၁၄

ဧကရာဇ်အဆင့်သားရဲနှစ်ကောင်အရှိန်အဝါကိုအာရုံခံမိ‌ေ
ောကြောင့် ပုံးသန်းနေသော
သားရဲများသည်ကတိုက်ကရိုက်ဖြင့်လမ်းကြောင်းပြောင်း
ကြသောကြောင့် သူတို့၏ ခရီးလမ်းကချောမွေ့နေသည်။

နာရီဝက်ကြာပြီးနောက်,
သားရဲနှစ်ကောင်သည်ကောင်းကင်ပေါ်မှဆင်းသက်‌တေ
ာ့သည်၊

“ဒါကပထမဆုံးနေရာဖြစ်နိုင်တယ်”
ဦးလေးလျိုကGPSရှာဖွေရေးပစ္စည်းကိုထုတ်လိုက်ပြီး,
၎င်းကိုအကြိမ်အနည်းငယ်လောက်နှိပ်လိုက်ကာ,
သူတို့၏ပတ်ဝန်းကျင်နှင့်နှိုင်းယှဉ်လိုက် သည်။

ကောင်းဖန်၏မျက်နှာကအအေးကြောင့်ခရမ်းရောင်ပြော
င်းနေပြီဖြစ်သည်၊ သူကတုန်ယင်
နေသောလက်ကိုထုတ်လိုက်ပြီး
သွေးမျက်လုံးလင်းတ၏နောက်ကျောသို့လျှိုသွင်းလိုက်ပြီ

စာစဉ် ၁၄

း နောက်

သူတို့အောက်သို့ဆင်းပြီးနောက်အကြိမ်များစွာနှာချေ
ေ့သည်။

ကောင်းဖန်ကဦးလေးလျို၏လက်ထဲကGPSတည်နေရာ
ကိုကြည့်ပြီးပြောလိုက်သည်၊ "ကျွန်တော်တို့ကဒီမှာ"။
ကောင်းဖန်သည်ရုတ်တရက်အံ့သြသွားတော့သည်၊
သူကထိုနေရာသို့ရောက်ရန်အတွက်ရက်အနည်းငယ်ကြ
ာအောင် တောထဲတွင်ခက်ခဲ
ကြမ်းတမ်းစွာပြေးလွှားခဲ့ရပုံကိုသတိရမိသွားသည်၊
ဦးလေးလျိုကတော့ နာရီဝက်သာ
ပျံသန်းလာလိုက်ရသည်။

စာစဉ် ၁၄

# *အပိုင်း ၂၁၆ မသေဆုံးနိုင်သော မီးတောက်*

သူတို့သည်ယွိကျိုးမြို့အပြင်ဘက်တောင်ထူထပ်သောနေ
ရာရှိရှားပါးသောရေကန်လေး
ဆီသို့ရောက်နေကြတာဖြစ်သည်၊

ကောင်းဖန်၏စိတ်အဝင်စားဆုံးအကြောင်းရင်းကတော့,
ဒီရေကန်အနီးတွင်
တစ်စုံတစ်ယောက်ကအလင်းမီးပိုးဖလံများကိုရှာတွေ့ခဲ့
သည်ဆိုသောအကြောင်းဖြစ်သည်၊

အလင်းမီးပိုးဖလံများသည်အတော်လေးသိမ်မွေ့သောအ
င်းဆက်ဖြစ်ပြီး ၎င်းတို့ကသာမန်
အားဖြင့်ပန်းဝတ်မှုန်များနှင့်အချို့သောအပင်အမြစ်များ
တွင်ကျက်စားလေ့ရှိကြသည်၊

စာစဉ် ၁၄

၎င်းတို့သည်တစ်ကောင်ချင်းအားနည်းမှုကိုအစားထိုးရန်အတွက် အုပ်စုလိုက်သွားလာကြ သည်။

အလင်းမီးပိုးဖလံများစိုစွတ်ပြီးမှောင်မိုက်သောပတ်ဝန်းကျင်၌နေထိုင်သည်ကိုနှစ်သက်ကြ ပြီး၎င်းတို့၏ခန္ဓာကိုယ်အတွင်းမှလျှပ်စီးဓာတ်အားပုံမှန်ဖြည့်တင်းရန်လိုအပ်သောကြောင့် တတ်နိုင်သမျှလျှပ်စီအရင်းမြစ်ပေါများသောနေရာနှင့်နီးစပ်စွာနေကြသည်။

တိတ်ဆိတ်ခြင်းကရေကန်တွင်ဖြစ်ပေါ်နေသည်၊ အင်းဆက်များတောင်မျက်မှောက်တွင် ကေရာဇ်အဆင့်သားရဲများရှိသောကြောင့် အော်ပင်မအော်ရဲပေ။

အရိပ်ဂျဖာလူကာပုတ်သင်သည်လေးတွဲ့စွာဖြင့်ရေကန်ထဲသို့လျှောဝင်သွားသည်၊ ၎င်း၏ ကျောရိုးအလွှာတစ်ခုတည်းကိုသာရေပြင်၏မျက်နှာပြင်

စာစဉ် ၁၄

တွင်မြင်တွေ့ရသည်၊ကြည့်ရတာ
၎င်းကပတ်ဝန်းကျင်အသစ်ကိုကြိုက်ပုံရသည်။

“ကျွန်တော်တာ့ဇီတစ်ကောင်တည်းကိုသာခေါ်လာသင့်တယ်ဆိုတာသိသင့်တယ်၊ တာ့ဇီကလည်းလျှပ်စီးအမျိုးအစားသားရဲဆိုတော့တခြားလျှပ်စီးအမျိုးအစားသားရဲတွေရှိနေတဲ့အပေါ်ကိုပိုပြီးတုံ့ပြန်လိမ့်မယ်”
ကောင်းဖန်ကသူ့ကိုယ်သူရေရွတ်လိုက်သည်၊

လက်ရှိတွင်တာ့ဇီသည်ရွေးချယ်ရန်ဆင့်ကဲဖြစ်စဉ်လမ်းကြောင်း၁၆ခုရှိသည်၊
၎င်းတို့တစ်ခုစီသည်မတူညီသောပါဝင်ပစ္စည်းလိုအပ်သည်။

ကောင်းဖန်ကထိုထဲမှတစ်ချို့သောပစ္စည်းများကိုရှာဖွေရန်အတွက်နေရာအနည်းငယ်ကို ရွေးချယ်လိုက်သည်။

ခဏလောက်စဉ်းစားပြီးနောက်,
ဒမ်ဘီကရေကန်အစွန်းသို့လျှောက်သွားလိုက်ပြီး
၎င်း၏လက်ကိုရေထဲတွင်ယမ်းလိုက်သည်၊
ပူပြင်းသောအဖြူရောင်မီးတောက်ကသူ၏
လက်ဖဝါးထဲမှထွက်လာကာရေပေါ်သို့တက်လာစေပြီးစ
၍ပွက်ပွက်ဆူလာစေသည်။

ကောင်းဖန်သည်ငါးဖြူအရိုးစုများရေထဲမှခုန်ထွက်လာသ
ည်ကိုတွေ့လိုက်ရသည်။

ဒမ်ဘီက၎င်း၏လက်များကိုပြန့်ကားလိုက်ပြီး
ဖိချလိုက်သည်၊

တက်ကြွနေသောအရိုးစုများသည်ချက်ချင်းပင်တည်ငြိမ်
သွားတော့သည်၊ ၎င်းတို့သည်
ဒမ်ဘီကိုတိတ်ဆိတ်စွာစိုက်ကြည့်နေစဉ်၎င်းတို့၏ဘာမှမ
ရှိသောမျက်အိမ်များထဲတွင်
အဖြူရောင်မီးတောက်များလောင်ကျွမ်းနေသည်။

ထို့နောက်ဒမ်ဘီကသူ၏သခင်ထံသို့လှည့်ကြည့်ကာပြော
လိုက်သည်။
“သခင်,သူတို့ကမင်းရှာလိုသမျှကိုတွေ့အောင်ရှာဖို့ကူညီေ
ေးနိုင်တယ်”

ကောင်းဖန်ကသူ့ရှေ့မှမြင်ကွင်းကိုတအံ့တဩဖြင့်စိုက်ကြ
ည့်နေသည်၊ဒမ်ဘီကအစုလိုက်
ပြန်လည်ရှင်သန်ခြင်းနည်းလမ်းကိုသုံး၍သူ၏သတိထား
နေမှုကိုဖမ်းစားသွားသည်။

“သူတို့ကိုရေကန်အောက်ခြေမှာဝိညာဉ်စွမ်းအင်မြင့်မားတဲ့
တစ်ခုခုကိုယူလာခိုင်းလိုက်” ကောင်းဖန်က,
ဆီလီ၏ကိုယ်ပိုင်နေရာလပ်ကိုကိုင်ဆိုင်ထားသောကြော
င့်
သူတို့ဘယ်အရာမဆိုရှာဖွေနိုင်သည်ကိုယုံကြည်မှုအပြည့်
ရှိကာအမိန့်ပေးလိုက်သည်။

## စာစဉ် ၁၄

ဒမ်ဘီကခေါင်းညိတ်လိုက်သည်၊ အသက်ဝင်လာသောငါးများသည်ဒမ်ဘီ၏ စကားဖြင့်မဖော်ပြသောအမိန့်ကိုလက်ခံလိုက်ကြပြီးရေ ကန်ထဲသို့ပြန်ငုပ်သွားကြသည်။

ခဏလောက်ကြာပြီးနောက်, တချို့သောငါးများကရေမျက်နှာပြင်ပေါ်တွင် ထူးဆန်းသောပုံနှင့်အပင်များနှင့်ကျောက်တုံးများကိုသူ တို့၏ပါးစပ်ထဲတွင်ထည့်ထားကာ ပြန်ပေါ်လာကြသည်။

“အမ်?”

ကောင်းဖန်ကငါးများထဲမှတစ်ကောက်ကသူ့အတွက်ယူ လာသည့်ကျောက်တုံး တစ်ခုကိုကောက်ယူလိုက်သည်၊ ၎င်းကခဲရောင်ရှိပြီးသူ၏လက်မလောက်ပင်မကြီးပေ၊ အပြင်ဘက်တွင်, ၎င်းကတခြားသောကျောက်တုံးများနှင့်တူသည်၊ သို့သော်,

ငင်း၏တစ်ဖက်၌ထူးဆန်းသောအပြာရောင်အမှတ်ရာတစ်ခုကိုဖော်ပြရန်အတွက်
တဖြည်းဖြည်းကျယ်နေသောအက်ကွဲကြောင်းရှိသည်၊

[ပစ္စည်းအမည်]–ရေဝိဥာဉ်ကျောက်(သန့်စင်မှုနိမ့်ခြင်း)

[ပစ္စည်းဖော်ပြချက်]–
မြင့်မားသောအဆင့်ရေဒြပ်စင်စွမ်းအင်ပါဝင်သည်၊
ရေအောက်
ကြမ်းပြင်ထဲတွင်ကျောက်သွေးကြောများအလွယ်တကူပေါ်လာသည်၊ ကျယ်ပြန့်စွာဖြင့်အမျိုးမျိုးသုံးစွဲနိုင်သည်။

အခြားသောငါးအနည်းငယ်ကလည်းသူ့အတွက်ရေဝိဥာဉ်ကျောက်အပိုင်းအစများ ယူလာကြသည်။

ကောင်းဖန်ကငင်းတို့ကိုကောက်ယူလိုက်ပြီးရေကန်၏အောက်ခြေတွင်ရေဝိဥာဉ်ကျောက်
သွေးကြောတစ်ခုရှိနိုင်သည်ဟုတွေးလိုက်သည်၊

စာစဉ် ၁၄

ကျောက်တုံးများ၏သန့်စင်မှုနိမ့်သော အဆင့်သည်မကြာသေးခင်ကပင်သွေးကြောတစ်ခုပေါ်လာတာဖြစ်သည်။

အများစုသောဝိညာဉ်ကျောက်တုံးများသည်အသုံးများလှသည်။ဥပမာအားဖြင့် ဝိညာဉ်ကျောက်တုံးကဲ့သို့တူညီသောဒြပ်စင်ရှိသည့်သားရဲများသည်၎င်းတို့၏ကိုယ်ပိုင်ဆင့်ကဲဖြစ်စဉ်များကိုအရှိန်မြင့်တင်နိုင်ရန်အတွက် ရေခဲအိမ်ကဲ့သို့သောအဆောက်အအုံလေးများကိုဆောက်လုပ်ကြသည်။

သို့သော်,ထိုနည်းလမ်းသည်များစွာသောလူများအတွက်ရှေးကျလွန်းသည်၊ ဝိညာဉ်ကျောက်တုံးများကိုပို၍ထိရောက်စွာအသုံးပြုရန်နည်းလမ်းများထွက်ပေါ်လာစေရန်အတွက်မရေမတွက်နိုင်သောလက်တွေ့စမ်းသပ်ချက်များပြုလုပ်ခဲ့သည်။

စာစဉ် ၁၄

တာ့ဇီ၏ဆင့်ကဲဖြစ်စဉ်အတွက်ပါဝင်ပစ္စည်းများကို ဘယ်ငါးမှရှာမတွေ့ပေမယ့် ရေကန်အတွင်းရှိရေဝိညာဉ်ကျောက်တုံးများ၏သွေးကြောကိုရှာဖွေတွေ့ရှိမှုသည် ၎င်းအတွက်လုံလောက်သည်ထက်ပိုပါသည်။

သို့သော်လည်း ဒီရေကန်သည်ယွိကျိုးမြို့မှ မိုင်ရာဂဏန်းလောက်အကွာအဝေးတွင်ရှိ သည်။ ရေဝိညာဉ်ကျောက်တုံးသွေးကြောကိုတူးဖော်ခြင်းသည်ရိုးရှင်းသောကိစ္စတော့ မဟုတ်ပေ။

ဦးလေးလျိုသည် ဒမ်ဘီ၏အစုလိုက်ပြန်လည်အသက်သွင်းခြင်းစွမ်းရည်ဖြင့်အညို့ခံလိုက် ရသည်။ “ဒီအရိုးစုက တခြားသားရဲတွေကိုပြန်ပြီးအသက်ဝင်စေတာလား?”

“ဟုတ်တယ်,ဒါကဒမ်ဘီရဲ့စွမ်းရည်အသစ်ပါ”

စာစဉ် ၁၄

ဦးလေးလျိုသည်စူးစမ်းစွာဖြင့်ဒမ်ဘီကိုကြည့်လိုက်သည်၊ "ဒါကအတော်လေးကို အသုံးဝင်တဲ့စွမ်းရည်ဘဲ, ဒါပေမယ့်ဒါကအနီးကပ်တိုက်ခိုက်ရေးဆင့်ကဲဖြစ်စဉ်လမ်းကြောင်းပေါ်ရောက်နေပြီမဟုတ်ဘူးလား? ဘာလို့ဆင့်ခေါ်တဲ့အမျိုးအစားကို ရလာတာလဲ? မင်းသားရဲတွေကိုစွမ်းရည်တွေအစုံလိုက်ရောနှောပြီးရှိနေစေတာက သိပ်ကောင်းတဲ့အကြံတော့မဟုတ်ဘူးနော်"

ကောင်းဖန်ကဦးလေးလျိုကိုဘယ်လိုရှင်းပြရမှန်းမသိဖြစ်နေသည်၊ သူ၏သားရဲများထဲမှ တစ်ကောင်ကိုဒဏ္ဍာရီလာအဆင့်သို့ရောက်စေခြင်းသည် တစ်သက်တွင်တစ်ကြိမ်သာ ရသည့်အခွင့်အရေးဖြစ်တာကြောင့်ကောင်းဖန်သည်မည်သို့မည်သို့ဖြစ်ပျက်ခဲ့သည်ကို ဇီဇာကြောင်မည့်အခြေအနေတွင်ရှိမနေပါ။

ဒဏ္ဍာရီလာဆန်ဆန်သားရဲတစ်ကောင်အနေဖြင့်, ဒမ်ဘီ၏စွမ်းအားသည်လည်းဒဏ္ဍာရီ အဆင့်ဝင်ရှိသည်။ကောင်းဖန်သိသလောက်, သူ၏မသေဆုံးနိုင်သောမီးတောက်စွမ်းရည် မှာကန့်သတ်ချက်မရှိပေ၊ ၎င်းလိုချင်လျှင် ဇွန်ဘီအုပ်လိုက်တောင်ခေါ်လာနိုင်သည်။

သို့သော်ထိုသို့ပြုလုပ်ရန်အတွက်ဒမ်ဘီသည်ပြည့်စုံသော များပြားသောအရိုးစုများရှိရန် လိုအပ်သည်၊ ပြီးတော့,ဒမ်ဘီ၏ဝိဉာဉ်အသက်သွင်းခြင်းသည်အဆင့်သ ည်၎င်း၏ကိုယ်ပိုင် ထက်တော့မမြင့်မားနိုင်သည်၊

ဘေးပတ်လည်သို့ခဏလောက်ကြည့်လိုက်ရင်း,နောက်ဆုံးတော့ရေကန်နှင့်ပေ၁၀၀အကွာ အဝေးတွင်ရှိသောလျှပ်စီးမေပယ်တောအုပ်ကိုတွေ့လိုက် သည်၊

စာစဉ် ၁၄

လှျပ်စီးမေပယ်သစ်ပင်များသည်လှျပ်စီးများကိုသိုလှောင်နိုင်စွမ်းရှိကြသည်၊ ဤသည်မှာ အနီးနားတွင်အလင်းမီးပိုးဖလံများပေါ်လာရခြင်းအကြေ ာင်းအရင်းဖြစ်နိုင်လိမ့်မည်။

“ဒီမှာမဟုတ်ဘူး, နောက်တစ်နေရာသွားကြရအောင်” ကောင်းဖန်ကဦးလေးလျိုကို ပြောလိုက်သည်။

တစ်ချိန်လုံးရေကန်၏အစွန်းတွင်ရပ်နေသည့်ဒမ်ဘီကသူ၏ဘယ်လက်ကိုရေကန်ဆီသို့ ချိန်လိုက်သည်၊ ရုတ်တရက်ရေကန်ထဲကသိပ်သည်းသောငါးအရိုးအလွှာများသည် ရေကန်မျက်နှာပြင်ပေါ်လာပြီး,ပေါက်ကွဲလာကာ, ဒမ်ဘီ၏ဖွင့်ထားသောလက်ဖဝါးထံသို့ မသေဆုံးနိုင်သောမီးတောက်များကိုထုတ်လွှတ်လာကြသည်။

နှစ်ပေမြင့်သောတိုင်တစ်ခုက ဒမ်ဘီ၏လက်ဖဝါးပေါ်တွင်ပေါ်လာပြီးၚင်း၏အရိုးအတွင်းသို့ ဝင်လာကြသည်၊ ၚင်းကအခုတွင်အရင်ကထက်ပိုပြီးအားကောင်းလာပုံရသည်။

ထိုအချိန်တွင်ကောင်းဖန်သည်ထောင်ပေါင်းများစွာသောဝိဉာဉ်များ၏ကွဲအက်နေသော အော်ဟစ်သံများကိုလေထဲတွင်ကြားလိုက်ရသလိုတွေးမိလိုက်သည်။

ဒမ်ဘီ၏မျက်လုံးအိမ်ထဲတွင်ရှိသောမီးတောက်များသည်တဖြည်းဖြည်းဖြင့်ၚင်း၏ ကျန်ရှိသောခန္ဓာကိုယ်အတွင်းသို့စိမ့်ဝင်သွားကြပြီး အရိုးများကိုပို၍ပင် ခိုင်မာလာစေသည်…

ထိုနေ့အတွက်အမှတ်အသားပြုထားသည့်နယ်မြေလေးခုကိုရှာဖွေပြီးနောက်

ကောင်းဖန်သည်တာ့ဇီ၏ဆင့်ကဲဖြစ်စဉ်အတွက်လိုအပ်ေ ေပါဝင်ပစ္စည်းများကို ရှာမတွေ့ခဲ့ပေ။

သို့သော်,
သူသည်ဒမ်ဘီပိုပြီးသန်မာလာစေရန်အတွက်အမြန်နည်း လမ်းကိုရှာဖွေ တွေ့ရှိခဲ့သည်။

နယ်မြေလေးခုလုံးတွင်ဒမ်ဘီသည်သူ၏ရှာဖွေမှုတွင်ကေ ာင်းဖန်ကိုကူညီရန်အတွက်
အရိုးစုအဖွဲ့လိုက်ကိုပြန်လည်ရှင်သန်စေခဲ့သည်၊
ထို့နောက်၎င်းတို့နှင့်ပြုလုပ်သောအခါ
တွင်အရိုးစုများမှမသေဆုံးနိုင်သောမီးတောက်များကိုစုပ် ယူမည်ဖြစ်သည်။

ထိုအရိုးစုများတွင်ဒမ်ဘီ၏ဇီဝဖြစ်ပျက်မှုအတွက်မရှိမဖြစ် လိုအပ်သော အာဟာရဓာတ်များ ပါဝင်နိုင်သည်,
သို့မဟုတ်ရှင်သန်ထမြောက်လာသောအရိုးစုများသည်၎

င်းတို့၏လှုပ်ရှား မှုများအတွက်
ရှင်သန်ထမြောက်ဖို့အတွက်အရိုးစုများလိုအပ်သည်။

ဒမ်ဘီသည်မသေဆုံးနိုင်သောမီးတောက်များကိုစုပ်ယူလို
က်တိုင်း ၎င်း၏အရှိန်အဝါသည်
ပိုပြီးအားအင်ပြည့်ကြီးထွားလာသည်၊

သူ၏ရှာဖွေမှုအပြီးတွင်,ကောင်းဖန်သည်ဒမ်ဘီအဆင့်သ
ည်၃၁သို့ရောက်ရှိသွားသည်ကို
တွေ့လိုက်ရသည့်အတွက်အံ့ဩသွားတော့သည်။

စာစဥ် ၁၄

## အပိုင်း ၂၁၇ အပေးအယူလုပ်မယ်

ဒမ်ဘီ၏မည်မျှပင်လျှင်မြန်စွာအဆင့်ထိုးတက်သွားမှုကို ြ
ြည့်ရင်း, ကောင်းဖန်
ရုတ်တရက်ငင်းကိုအဆင့်မြှင့်တင်ရန်အတွက်အကြံတစ်
ခုရလိုက်သည်၊

အဲ့ဒါကိုငါဖယ်ထုတ်နိုင်ရင်ဒမ်ဘီကနောက်ထပ်အဆင့်နှစ်
ဆင့်ကိုမြန်မြန်ဆန်ဆန်နဲ့ တက်နိုင်လိမ့်မယ်…

“ငါတို့အခုထွက်သွားတာကောင်းလိမ့်မယ်၊
ဒီနေရာကစိတ်ဝိညာဉ်တောင်နေတဲ့နေရာ…
အခုအချိန်မှာ,
ငါတို့လူသားတွေကအဲ့လိုအမျိုးအစားတွေနဲ့သေချာပေါ
က်ကောင်းကောင်း
မွန်မွန်အချိန်ကာလရှိမှာတော့မဟုတ်ဘူး၊
ငါတို့သူတို့နဲ့ဝေးဝေးနေနိုင်ရင်အကောင်းဆုံးဘဲ

...သေစမ်း”

ဦးလေးလျှိုကသူ့အသက်ရှူရပ်သွားရင်းပင်ကျိန်ဆဲလိုက်သည်။

အသံနိမ့်နိမ့်လေး၏အဝေးသို့ပဲ့တင်ထပ်သွားတော့သည်၊ မြင်းတစ်အုပ်သည်၎င်းတို့ဆီသို့ ဆောင့်နင်းကာပြေးလာသလိုမျိုး, မြေကြီးကပြင်းထန်စွာတုန်ခါလာတော့သည်၊

ကောင်းဖန်ကငုံ့ကြည့်လိုက်တော့ မြေပေါ်ရှိကျောက်စရစ်ခဲများသည်သူ့ခြေထောက်ပတ်လည်တွင်တုန်ခါနေသည်ကိုတွေ့လိုက်ရသည်၊

“သွားကြစို့!” ဦးလေးလျှိုကလျင်မြန်စွာပြောလိုက်သည်။

သွေးမျက်လုံးလင်းတသည်၎င်း၏အတောင်ပံများကိုဖြန့်ထုတ်လိုက်ပြီး ၎င်း၏ခန္ဓာကိုယ် အားနိမ့်လိုက်ကာ ကောင်းဖန်ကို၎င်း၏နောက်ကျောတွင်တက်စေသည်၊

စာစဉ် ၁၄

အရိပ်ဂျဖာလူကာကဒမ်ဘီကိုမလိုက်ပြီး,ဦးလေးလျိုကို သူ့နောက်ကျောခွ၌တင်လိုက်သည်။ အတူတူ, ၎င်းတို့ကလေထဲတွင်ပျံတက်လိုက်ကြသည်။

အောက်ကိုငုံ့ကြည့်လိုက်တော့, ကောင်းဖန်ကကောင်းကင်တွင်ဖုန်များက တိမ်တွေထဲမှ ပေါ်ထွက်နေသည်ကိုတွေ့လိုက်ရသည်။ တိမ်တိုက်တွေကနေတစ်ဆင့် သူတို့ဆီသို့ ဦးတည်ရွေ့လျားနေသော ကြီးမားသည့်ရုပ်သဏ္ဍာန်တစ်ခုပေါ်လာသည်။

ကောင်းဖန်ကပုံမှန်ထက်ပို၍အသက်ပြင်းပြင်းရှူသွင်းလိုက်သည်။

ပေ၃၀၀မြင့်သောစိတ်ဝိညာဉ်တောင်ကြီးသည်သူတို့ဆီသို့ မနားမနေရွေ့လာနေသည့် မြင်ကွင်းသည် သူ့အတွက်ဘာကိုမှပင်ပြင်ဆင်ချိန်မရလိုက်ပေ။

စိတ်ပျော့ညံ့သူများသာဆိုလျှင် ၎င်းကိုမြင်သည်နှင့်ချက်ချင်းကြောက်လန့်သွားကြလောက်သည်။

"လူ....တွေ..." ၎င်းကပြောလိုက်သည်, ၎င်း၏အသံကမြေကြီး၏အနက်ရှိုင်းဆုံးအထိတိုင်အောင်တုန်ခါသွားစေသည်၊ ၎င်း၏အသံသည်မရှင်းလင်းမပြတ်သားသောကြောင့်ကောင်းဖန်က၎င်းကိုတွေးဆကြည့်နေသည်။

စိတ်ဝိညာဉ်တောင်ကသူပြောခဲ့သည့်စကားကိုထပ်ခါတလဲလဲပြောနေသောအခါမှသာ ကောင်းဖန်ကထိုအခိုက်အတန့်တွင်သူတို့ကိုစကားပြောနေမှန်းသဘောပေါက်သွားတော့သည်။

"ဦးလေးလျို, စိတ်ဝိညာဉ်တောင်ကကျွန်တော်တို့ကိုခေါ်နေတယ်လို့ထင်တယ်" ကောင်းဖန်က အော်လိုက်သည်။

“မင်းဘာပြောလိုက်တာလဲ?”
ဦးလေးလျှိုကပြန်အော်လိုက်သည်၊
ကောင်းဖန်၏အသံက လေထဲတွင်နစ်မြှုပ်နေသည်။

“စိတ်ဝိဉာဉ်တောင်က ကျွန်တော်တို့ကိုခေါ်နေတယ်လို့!”
ကောင်းဖန်ကသူတို့နောက်တွင်
ရှိနေသောစိတ်ဝိဉာဉ်တောင်ကိုညွှန်ပြကာပြောလိုက်သ
ည်။

“စိတ်အေးအေးထား, အဲ့ကောင်ငါတို့ကိုမဖမ်းနိုင်ပါဘူး!”
ဦးလေးလျှိုက သူ့ရင်ဘတ်ကို
ယုံကြည်မှုအပြည့်ဖြင့်ပုတ်ကာပြောလိုက်သည်။

“ကျွန်တော်ပြောတာအဲ့လိုမဟုတ်ဘူး၊
ကျွန်တော်ပြောတာက, အဲ့ကောင်ကကျွန်တော်တို့ကို
ခေါ်နေတယ်လို့!” ကောင်းဖန်ကအော်လိုက်သည်၊
ဘယ်လိုတောင်ကြားဖို့ခက်ခဲနေတာလဲ, ဦးလေး?!”

စာစဉ် ၁၄

“စိတ်မပူနဲ့, အဲ့ကောင်မပျံနိုင်ဘူး!”
ဦးလေးလျို့ကပြုံးဖြဲဖြဲလုပ်ကာပြောလိုက်သည်။

ကောင်းဖန်ကခဏလောက်တိတ်ဆိတ်သွားတော့သည်၊
“ဦးလေးလျို့, နားမကြားဘူးလားဗျာ?”
သူကအော်လိုက်သည်။

“မင်းဘာလို့ငါ့ကိုနားကန်းလို့ခေါ်တာလဲ?”
ဦးလေးလျို့ကစိတ်ပျက်ကာပြောလိုက်သည်၊

ကောင်းဖန်ကအန်ကယ်လျို့အားရှင်းရှင်းလင်းလင်းကြား
စေရန်အရိပ်ဂျဖာလူကာပုတ်သင်
နားသို့ပျံသန်းလာချိန်ထိ
စကားဆက်မပြောရန်ဆုံးဖြတ်လိုက်သည်။

“ငါသိတယ်, မင်းပြောတဲ့
စိတ်ဝိညာဉ်တောင်တွေကငါ့တို့ကိုခေါ်နေတယ်ဆိုတာ၊
ဟုတ်တယ်,ငါလည်းကြားတယ်”,ဦးလေးလျို့ကပြောလို

က်သည်၊ “ငါမင်းကိုတစ်ခုပြော မယ်၊ မင်းကငယ်သေးတယ်၊ ဒီကမ္ဘာကြီးအကြောင်းကိုသင်ယူဖို့အများကြီးရှိသေးတယ်၊ ဒီသတ္တဝါတွေကမယုံရဘူး၊ ပထမဆုံး, သူတို့ရဲ့စကားချိုချိုလေးတွေနဲ့လှည့်စားလိမ့်မယ်, ပြီးတော့မင်းတို့ကိုစားဖို့လုပ်လိမ့်မယ်”

ကောင်းဖန်ကခဏလောက်တုံ့ဆိုင်းသွားသည်၊ “ကျွန်တော်တို့ဘာလို့အောက်ဆင်းပြီး သူတို့ဘာပြောလဲဆိုတာနားမထောင်တာလဲ? အဲ့တာနဲ့စကားပြောဖို့လုံလုံလောက်လောက် နီးနီးလေးပျံလို့ရတယ်လေ”

သူတို့နောက်ကစိတ်ဝိဉာဉ်တောင်တန်းဆီကမကြားနိုင်ေ ောက်တဲ့အထိ အဝေးသို့ပျံသန်း လာနေကြသည်။

“ဒါဆိုလည်းကောင်းပြီ, ဒါပေမယ့်ငါမင်းကိုပြောလိုက်မယ်နော်,

စာစဉ် ၁၄

စိတ်ဝိဉာဉ်တောင်တွေက
ကျောက်တုံးတွေနဲ့လုပ်ထားတာဖြစ်နိုင်တယ်,
ဒါပေမယ့်သူတို့အားလုံးကပုပ်နေတဲ့ အမြုတေတွေနဲ့”
ဦးလေးလျိုကပြောလိုက်သည်။

ကောင်းဖန်ကစိတ်မရှည်စွာဖြင့်ခေါင်းညိတ်လိုက်သည်၊
“ဟုတ်တယ်, ဦးလေးမှန်တယ်၊
အဲ့ဒီစိတ်ဝိဉာဉ်တောင်တွေကအမြဲတမ်းမကောင်းဘူး!”

ဦးလေးလျိုကတင်းမာနေသောအပြုံးဖြင့်သူ့ကိုစိုက်ကြည့်
နေသည်၊ မင်းကနည်းနည်း ငတုံး...

ကောင်းဖန်နှင့်အခြားသူများအဝေးသို့ပျောက်ကွယ်သွား
သည်ကိုမြင်လိုက်သောအခါ ၎င်း၏
ခေါင်းကင့်သွားကာစိတ်ပျက်လက်ပျက်ဖြစ်သွားတော့သ
ည်။

စာစဉ် ၁၄

"ဟော့, အကောင်ကြီး, မင်းငါတို့ဆီကတစ်ခုခုလိုချင်လို့လား?" ကောင်းဖန်က သွေးမျက်လုံးနောက်ကျောမှအော်လိုက်သည်။

စိတ်ဝိညာဉ်တောင်ကရင်း၏လမ်းကြောင်းခွဲရပ်သွားပြီး လှည့်လာသည်၊

"လူသား, မင်းနဲ့ငါအပေးအယူလုပ်ချင်တယ်…"

…

ဆယ်မိုင်အကွာတွင်လူသားသုံးယောက်သည်တောင်ချော ်ခင်းတစ်ခုအနီးတွင် အနားယူနေကြသည်။

"စိတ်ဝိညာဉ်တောင်ထွက်သွားပြီလား?" အနက်ရောင်စွပ်ကျယ်လက်ပြတ်နှင့်လူက စိတ်ပူစွာဖြင့်မေးလိုက်သည်။

"အေး, သူကမြောက်ပိုင်းကတောင်ကြားတွေထဲမှာရှိနေရမှာပါ၊

ဘာလို့ရုတ်တရက် ဒီမှာပေါ်လာတာလဲ?

ငါတို့ကိုသူရှာတွေ့တော့မလို့,”

ထိုလူ၏ဘေးကလူငယ်ကပြော

လိုက်သည်။လူငယ်ကဆံပင်တိုနှင့်ဖျတ်လက်တက်ကြွ

ေသမျက်လုံးများရှိသည်။

သူ့နောက်ကျောတွင်ပုံဖျက်ထားသောကျောပိုးအိတ်တစ်

ခုကိုလွယ်ထားပြီး,

၎င်း၏ဘယ်လက်တွင်အသားတုံးတစ်တုံးရှိသည်၊သူကအ

ပိုင်းတစ်ပိုင်းကိုဆွဲဖြဲလိုက်ပြီး

သူ့နားကဝံပုလွေနီကိုကျွေးလိုက်သည်၊

ဝံပုလွေကပျော်ရွှင်စွာဖြင့်အလောတကြီးစားလိုက် သည်။

“မဟုတ်ဘူး, သူကငါတို့ကိုသေချာပေါက်ရှာတွေ့မှာ၊

အဲ့ကောင်ကရိုးရိုးတန်းတန်းဘဲ

ငါတို့ကိုလျစ်လျူရှုသွားတာ”

အဝါရောင်ဂျက်ကတ်,အနက်ရောင်အားကစားဘောင်းဘီဖြင့် အမျိုးသမီးကပြောလိုက်သည်၊

“ဘာလို့အဲ့လောက်တောင်သေချာနေတာလဲ?” အနက်ရောင်စွပ်ကျယ်နှင့်လူကမျက်မှောင်ကြုတ်ကာမေးလိုက်သည်၊

“စိတ်ဝိညာဉ်တောင်မှာမျက်လုံး ဒါမှမဟုတ်နှာခေါင်းအဲ့တာတွေမပါဘူး, သူတို့ကပတ်ဝန်းကျင်မှာရှိတဲ့သက်ရှိပုံရိပ်အားလုံးကိုအာရုံခံနိုင်ဖို့သူတို့ရဲ့ဦးနှောက်လှိုင်းတွေအပေါ်ကိုမှီခိုတယ်လို့ငါ့အကိုကပြောပြဖူးတယ်” အမျိုးသမီးကပြောလိုက်သည်။

“ဆိုတော့, မင်းပြောတဲ့ပုံအရအဲ့ကောင်ဆီကနေဘာမှပုန်းရှောင်မနေနိုင်ဘူးပေါ့?”

စာစဉ် ၁၄

"ကောင်းပြီ, အပြင်မှာသားရဲတွေအများကြီးရှိတယ်၊ အဲ့ဒီထဲကတစ်ကောင်ကသူ့အာရုံတွေကိုလှည့်စားနိုင်တဲ့စွမ်းရည်ရှိလို့ဘဲဖြစ်ရမယ်" လူငယ်ကသူ့ပေါင်ကိုပုတ်လိုက်ပြီး မတ်တပ်ရပ်လိုက်သည်၊ "သွားစို့, ငါတို့မင်းအမဲလိုက်တာကိုကူပေးရမှာမလား_"

ရုတ်တရက်သူတို့၏ခေါင်းပေါ်ရှိမပြတ်သားသောမြည်ဟီးသည့်အသံက သူ့ကို အနှောက်အယှက်ဖြစ်သွားစေသည်၊ "ငါတို့နည်းနည်းလောက်ထပ်စောင့်သင့်တယ်"

စိတ်ဝိညာဉ်တောင်သည်သူတို့ရှေ့ရှိတောင်တန်းကိုဖြတ်၍သွားခြင်းဖြစ်သ်ည၊ ကြီးမားသောငှက်နှင့်တူသည့်သတ္တဝါကြီးနှစ်ကောင်သည်ယခုအခါတွင်ရင်းအထက်၌ပျံဝဲနေကြသည်။

## စာစဉ် ၁၄

အရိုပ်ဂျဖာလူကာပုတ်သင်သည်စုတ်ပြဲနေသောတောင်ပံတစ်စုံကဲ့သို့ရှိပြီးငင်းက
အစိမ်းရောင်အရှိန်အဝါဖြင့်ပြည့်နေသည်။
သွေးမျက်လုံးလင်းတသည်ငင်း၏ဘေးတွင်ရှိပြီး
အကာအကွယ်သည်တက်ကြွလှုပ်ရှားသောအဖြူရောင်
အရှိန်အဝါရှိသည်။

သူတို့သုံးယောက်သည်ကေရာဇ်အဆင့်သားရဲနှစ်ကောင်ကို အသက်ပင်ရဲရဲမရှူနိုင်စွာဖြင့် ကြည့်နေပြီး,
သူတို့၏လှုပ်ရှားမှုကငင်းတို့ကိုဒေါသဖြစ်စေမှာကြောက်ေေသည်။

“သူတို့ထဲကတစ်ကောင်ကခြေသည်းနဲ့တစ်ခုခုကိုကုပ်ထားသေးတယ်”

“သူ့အစာဘဲဖြစ်ရမယ်”

စာစဉ် ၁၄

“ပျံနေတဲ့သားရဲပေါ်မှာတစ်ယောက်ယောက်ရှိနေတယ်” စွပ်ကျယ်အနက်နှင့်လူက သူ့မျက်လုံးကိုပွတ်ကာ,သူမြင်သည့်အရာကိုမယုံနိုင်စွာဖြင့်ကြည့်ကာပြောလိုက်သည်။

စာစဥ် ၁၄

## *အပိုင်း ၂၁၈ အာခမေဒယ်လိုသင်းခွေချပ်*

"သူတို့ကကေရာဇ်အဆင့်သားရဲတွေလား?!"

"သူကယ္ဓိကျိုးကထိပ်တန်းသားရဲလေ့ကျင့်သူတွေထဲက တစ်ယောက်ဖြစ်လိမ့်မယ်၊ မင်ကောမှာလည်းကောင်းမွန်တဲ့ကေရာဇ်အဆင့်သားရဲရှိတယ်မဟုတ်ဘူးလား?"

စွပ်ကျယ်နက်နှင့်လူကပြောလိုက်သည်။

"တခြားသူတွေရဲ့သားရဲတွေကိုတက်မက်နေဖို့မလိုပါဘူး၊ ဒီမှာရှိတဲ့ ပေါက်ယွင့်က တစ်နေ့နေ့မှာကေရာဇ်အဆင့်သားရဲအထိမြင့်တင်နိုင်လိ့မ့်မယ်လို့ငါယုံတယ်"

မျက်မှောင်ကြုတ်ကာဖြင့်လူငယ်လေးကခိုင်မာစွာဖြင့်သူ၏အနီရောင်ဝံပုလွေကိုပုတ်ကာ ပြောလိုက်သည်။

စာစဉ် ၁၄

အရိုပ်ဂျဖာလူကာပုတ်သင်သည်ရုတ်တရက်လေထုထဲသို့ အော်ဟစ်သံထုတ်လွှင့်လိုက်ရာ, ဝံပုလွေနီသည်တုန်တုန်ယင်ယင်ဖြင့်ဖင်ထိုင်ကျသွားတေ ာ့သည်။

ကောင်းဖန်သည်သူ၏မျက်နှာကိုလေပြင်းများတိုက်ခိုက်နေသောကြောင့် သူ၏လက်များကို သွေးမျက်လုံးလင်းတ၏လည်ပင်းတွင်ရစ်ပတ်ထားလိုက်သည်၊ စိတ်ဝိညာဉ်တောင်ကသူ့ဆုလာဘ်အတွက်ကမ်းလှမ်းလာတုန်းကဆိုလျှင်သူ့ကံကိုပင် မယုံနိုင်ခဲ့ပေ။

ဆုလာဘ်ကိစ္စကတော့, တာ့ဇီကိုအတောင်ခြောက်ခုမိုးကြိုးကင်းခြေများအဖြစ်သို့ ဆင့်ကဲမြှင့်တင်ခြင်းဖြစ်သည်၊ ၎င်း၏ပြောင်းလဲမှုပုံစံသည်၎င်းကိုပျံသန်းစေနိုင်ပြီး, လေထဲတွင်အစွမ်းကုန်ရွေ့လျားစေကာပျံသန်းနိုင်သည်။

သို့သော်,

စိတ်ဝိညာဉ်တောင်၏ကမ်းလှမ်းချက်တစ်ခုဖြင့်သတ်မှတ်လာသည်၊

၎င်းကကောင်းဖန်နှင့်ဦးလေးလျှိုကိုပြန်လာစေပြီး

သူ့အတွက်တစ်ခုခုကိုလုပ်ပေးစေချင် တာဖြစ်သည်။

စိတ်ဝိညာဉ်တောင်သည်အခြားသားရဲများထက်ပိုပြီးဉာဏ်ကောင်းသည်။ ၎င်းက

ကောင်းဖန်နှင့်ဦးလေးလျှိုကိုရွေးချယ်ရခြင်းအကြောင်းအရင်းမှာ, ၎င်းသည်လူသား

အများစုကစေ့စပ်စွာဖြင့်ညှိနှိုင်းဆွေးနွေးနိုင်စွမ်းရှိကြောင်းကိုသိတာကြောင့်ဖြစ်သည်။

လူသားများသည်ရုပ်ပိုင်းဆိုင်ရာအားနည်းသော်လည်းအစွမ်းထက်သောသားရဲများကို

ထိန်းကျောင်းနိုင်ကြသည်၊

စိတ်ဝိညာဉ်တောင်သည်၎င်းမျှော်မှန်းထားသောထိုက်တန်

စာစဥ် ၁၄

သည့်
သားရဲလေ့ကျင့်သူထံသာချဉ်းကပ်ရမည်ဖြစ်သည်၊ဆိုလို
သည်မှာ ထိုသူတို့၏ကွပ်ကဲမှု
အောက်တွင်စွမ်းအားပြည့်ဝသည့်ကိုယ်ပိုင်သားရဲရှိသော
သားရဲလေ့ကျင့်သူဖြစ်သည်။

“လူသားတွေ…ဒီမှာ”
စိတ်ဝိဉာဉ်တောင်ကအပြင်းအထန်မြည်ဟီးနေသည်၊
“သူ့တို့ရဲ့ သွေးနဲ့ငါ့ကိုရေချိုးပေး,
မင်းတို့ပြောထားတဲ့ဟာကိုငါလုပ်ပေးမယ်”

စိတ်ဝိဉာဉ်တောင်သည်ရပ်တန့်သွားသည်၊
ရှေ့တွင်မြေကြီး၌ကျယ်တဲ့ခေါင်းပေါက်တစ်ခု ရှိသည်၊
ခေါင်းပေါက်အလယ်တွင်ကြီးမားသောအပေါက်ရှိသည်၊
လုံးဝန်းသောခေါင်းလေး
ကထိုနှစ်ထဲကတစ်ခုထံမှပြူတစ်ပြူတစ်ထွက်လာပြီးေ
ေထုကိုနှာတစ်ရှုံ့ရှုံ့လုပ်လိုက်ပြီး နောက်,

အလျင်အမြန်ဖြင့်လူးလွန့်ကာ, ၎င်းကတစ်ခုခုကိုလေထဲတွင်ပုပ်နေသည့်အနံ့ရသကဲ့သို့ပြန်ဝင်သွားသည်၊

[မကောင်းဆိုးဝါးအမည်]–အာမေဒယ်လိုသင်းခွေချပ်

[မကောင်းဆိုးဝါးအဆင့်]–အဆင့်၃၂(ကွန်မန်ဒါအဆင့်)

[မကောင်းဆိုးဝါးအဆင့်အတန်း]–သာမန်အဆင့်အတန်း

[မကောင်းဆိုးဝါးစွမ်းရည်]–မြေကြီး/ရွှေ

[မကောင်းဆိုးဝါးကျွမ်းကျင်မှု]–မြေတွင်းသွားခြင်းအဆင့်၂

[မကောင်းဆိုးဝါးအားနည်းချက်]–မီး

သင်းခွေချပ်တွေကစိတ်ဝိညာဉ်တောင်တွေကအကျပ်ရိုက်စေလို့လား?။ ကောင်းဖန်က တွေးလိုက်သည်။

ဒဏ္ဍာရီများအရ, အာမေဒယ်လိုသင်းခွေချပ်များသည် မြေကြီးအောက်တွင်လွတ်လပ်စွာ သွားလာနိုင်ကြသည်၊

သင်းခွေချပ်များကဆင့်ကဲပြောင်းလဲပြီး ထိုစွမ်းရည်၏ ပိုမိုအစွမ်းထက်သောအမျိုးအစားကိုရရှိခဲ့ကြသည်။

သို့သော်,ကောင်းဖန်က

ဧကရာဇ်အဆင့်စိတ်ဝိဉာဉ်တောင်ကိုဧကရာဇ်အဆင့်သင်းခွေချပ် တစ်ကောင်က

အဆင်မပြေဖြစ်စေသည်ဆိုတာကိုမယုံကြည်နိုင်ဖြစ်နေသည်။

“သူတို့ကအများကြီးရှိတယ်….အောက်ထဲမှာ”

စိတ်ဝိဉာဉ်တောင်ကဖြေးညင်းစွာပြော လိုက်သည်။

“သူတို့ကိုမှုတ်ထုတ်လိုက်”

ဦးလေးလျိုကသွေးမျက်လုံးလင်းတကိုအမိန့်ပေးလိုက်သည်။

စာစဉ် ၁၄

လင်းတသည်
ပြင်းထန်သောလေပြင်းများတိုက်ခိုက်သွားသည့်အထိ
စ၍၎င်း၏အတောင်များကိုခတ်လိုက်သည်။

လှိုင်းဂယက်ထနေသောအသံများနှင့်
အစိမ်းရောင်အလင်းတောက်များ, လေကမြေကြီးကို
ထုရိုက်စေကာ
ဖုန်မှုန့်များအားလေထဲသို့တက်လာစေသည်။

ပေါက်ကွဲသံများကြားတွင်နာကျင်မှုကြောင့်အော်သံများ
အားကြားနေရသည်။

အလင်းပြိုးပြိုးပျက်ပျက်အောက်တွင်
သွေးမျက်လုံးလင်းတကထိုးသုတ်ရန်အောက်သို့
ဆင်းချလိုက်သည်၊
၎င်းကမြေပြင်နှင့်နီးကပ်စွာပျံသန်းလာပြီး,
၎င်းကဒမ်ဘီကိုလွှတ်ချပေး လိုက်ကာ,

စာစဉ် ၁၄

၎င်း၏ခြေသည်းများကိုမီးခိုးငွေ့များထဲသို့နစ်မြုပ်လိုက်သည်။

သွေးမျက်လုံးလင်းတသည်၎င်း၏ခြေသည်းများတွင်သင်းခွေချပ်တစ်ကောင်၏
အော်ဟစ်သံနှင့်အတူမီးခိုးထဲမှထွက်လာသည်။
၎င်းသည်သူ၏သားကောင်ကိုခြေသည်း
များဖြင့်ပိုမိုနစ်ရှိုင်းစွာကုပ်ထားပြီး၎င်း၏ခန္ဓာကိုယ်ကိုဆုတ်ဖြဲပစ်ကာ ၎င်း၏သွေးများနှင့်
အစိတ်အပိုင်းများကိုကောင်းကင်မှပြုတ်ကျစေသည်။

သင်းခွေချပ်၏အသွေးနှင့်အသားတို့သည်စိတ်ဝိညာဉ်ေ
ောင်ပေါ်သို့ကျသွားသည်၊ ထို့နောက်
၎င်း၏အနက်ရောင်ကျောက်အခွံဖြင့်စုပ်ယူလိုက်သည်၊
ရုတ်ခြည်းကျေနပ်သွား သောကြောင့်
နက်ရှိုင်းသောကျေနပ်သည့်အသံတစ်ခုထွက်လာတော့သည်။

“အိုကေ,
မင်းအတွက်သူတို့ထဲကတစ်ကောင်ကိုသတ်ပေးပြီးပြီ၊
အခုငါတို့ရဲ့ဆုလာဘ်က
ဘာလဲဆိုတာပြောပေးလို့ရမလား?”
ဦးလေးလျိုကမေးလိုက်သည်၊

စိတ်ဝိညာဉ်တောင်ကမလှုပ်ပေ၊
“မလုံလောက်ဘူး…တစ်ကောင်ကမလုံလောက်ဘူး…”

“ဘယ်မှာလဲသာပြောပါ,
ပြီးရင်ငါတို့မင်းကိုသင်းခွေချပ်ပိုပြီးဖမ်းပေးမယ်”
ဦးလေးလျိုက အေးစက်စွာဖြင့်ပြောလိုက်သည်။

စိတ်ဝိညာဉ်တောင်ကခဏလောက်တုံ့ဆိုင်းသွားသည်၊
နောက်ဆုံးတော့သူကအလွယ်တကူ
ပြောလိုက်တော့သည်၊ “အရှေ့ပိုင်းမှာ”။
ဦးလေးလျိုကပိုပြီးတိကျတဲ့အဖြေကိုချော့တောင်း

ဖို့ကြိုးစားပေမယ့်သူ့ကြိုးစားမှုကအချည်းနှီးသာဖြစ်သ
ည်၊

မြေကြီးအောက်တွင်ပုန်းအောင်းနေသောသင်းခွေချပ်မျာ
းသည်သွေးမျက်လုံးလင်းတ၏
တိုက်ခိုက်မှုကြောင့်အားလုံးထိတ်လန့်သွားကြတော့သ
ည်၊ အချို့ကသူတို့၏တွင်းများမှ
ထွက်ပြေးကြပြီးအချို့ကစိတ်ဝိညာဉ်တောင်၏ခြေရင်းနား
မှပင်သုတ်သုတ်ပြာပြာဖြင့် ပြေးသွားကြသည်။

၎င်းတို့၏အမြီးများကိုလွှဲယမ်းရင်းနှင့်,
သင်းခွေချပ်များသည်၎င်းတို့၏ရှေ့မှမြေကြီးကိုခွဲ
လိုက်ပြီးအစုလိုက်မြေပြင်ပေါ်ရှိအနက်ရောင်ကျောက်တုံ
းကိုရှောင်တိမ်း၍
စိတ်ဝိညာဉ်တောင်သည်၎င်း၏ခြေရင်းအောက်တွင်ရှိသေ
ာ၎င်းတို့ကိုလွှင့်ပစ်လိုက်သည်၊ (ဒီအပိုဒ်မသေချာ)

စာစဉ် ၁၄

“လေးကောင်လိုသေးတယ်,
ငါနောက်ထပ်လေးကောင်လိုသေးတယ်”
စိတ်ဝိဉာဉ်တောင်ကအော်လိုက်သည်။

သွေးမျက်လုံးလင်းတ၏နောက်ကျော၌ဦးလေးလျှိုနေရာယူပြီးသွားတဲ့နောက်,
အရိပ်ဂျဖာလူကာပုတ်သင်သည်အပေါက်တစ်ခုဆီသို့တဟုန်ထိုးပျံသန်းသွားလိုက်ပြီး,
၎င်းအတွင်းသို့သူ၏ခန္ဓာကိုယ်ကိုညှပ်သပ်ဝင်လိုက်သည်၊
ခဏလောက်ကြာပြီးနောက်,
ထိတ်လန့်တုန်လှုပ်၍စူးရှိသောအော်သံများကမြေအောက်မှထွက်ပေါ်လာတော့သည်၊
အရိပ်ဂျဖာလူကာပုတ်သင်သည်သေလုမြောပါးဖြစ်နေ
ေသင်းခွေချပ်တစ်ကောင်
နှင့်အတူတွင်းထဲမှတွားသွားထွက်လာသည်။

စာစဉ် ၁၄

ထို့နောက်,
၎င်းသည်နောက်ထပ်သင်းခွေချပ်သုံးကောင်ကိုထိုအပေါ
က်ထဲမှ သွက်လက်စွာ ဖြင့်ဆွဲထုတ်နိုင်ခဲ့သည်။
စိတ်ဝိညာဉ်တောင်ပေါ်ရှိကျောက်တုံးများသည်၎င်းရှေ့တွ
င်လဲလျောင်းနေသောသင်းခွေချပ်
အလောင်းများကိုလောဘကြီးစွာစိုက်ကြည့်ရင်းစိတ်လှုပ်
ရှားစွာဖြင့်ရွှေ့ပြောင်းနေကြ သည်။
“မင်းရှာနေတဲ့ပစ္စည်းကအရှေ့ပိုင်းတောင်ငါးတောင်ခြား
တဲ့ချောက်ကမ်းပါးမှာ”
စိတ်ဝိညာဉ်တောင်ကစိတ်မရှည်စွာဖြင့်ပြောလိုက်သည်။
“ငါ့အထင်တော့,
သင်းခွေချပ်အလောင်းတစ်ခုကိုကိုင်ထားသင့်တယ်,
ဒါကလှည့်စားမှု တစ်ခုလည်းဖြစ်နေနိုင်တာဘဲ”
ဦးလေးလျိုကပြောလိုက်သည်၊
သူသည်အရိပ်ဂျဖာလူကာ

ပုတ်သင်ကိုငင်း၏ပါးစပ်ထဲ၌သင်းခွေချပ်အသေတစ်ကေ
ာင်ကိုကိုက်စေ၍
လေထဲသို့ပျံသန်းစေကာသွေးမျက်လုံးလင်းတအားကော
င်းဖန်၏ဆုလာဘ်ထံသို့သွားရန် အချက်ပြလိုက်သည်။

“ငါတို့စိတ်ဝိညာဉ်တောင်တွေကဘယ်တော့မှမလိမ်ဘူး!”
စိတ်ဝိညာဉ်တောင်က ဟိန်းဟောက်လိုက်သည်။

၁ဂမိနစ်ကြာပြီးနောက်,
သွေးမျက်လုံးလင်းတသည်ငင်း၏ခြေသည်းများဖြင့်သစ်
ပင်ကို
အမြစ်မှဆွဲနှုတ်လာကာပြန်လည်ရောက်ရှိလာသည်။
သစ်ပင်ကတစ်ခုလုံးအနက်ရောင် ဖြစ်သည်၊ သို့သော်,
ငင်း၏အမြစ်များကနှင်းကဲ့သို့ဖြူနေပြီး,
လျှပ်စီးများကငင်းတို့ကနေ
တဖြောက်ဖြောက်မြည်နေသည်။

စာစဥ် ၁၄

ကောင်းဖန်ကလင်းတ၏နောက်ကနေဦးလေးလျိုအားအ ဆင်ပြေကြောင်းခေါင်းညိတ်ပြ၍ အချက်ပြလိုက်သည်။

ထိုအရာကိုမြင်တော့,ဦးလေးလျိုကအရိပ်ဂျဖာလူကာကို စိတ်ဝိညာဉ်တောင်ပေါ်သို့ နောက်ဆုံးကျန်သောသင်းခွေချပ်အားပစ်ချပေးဖို့အမိန့်ေ ေးလိုက်သည်။

"အခုကေရာဇ်အဆင့်စိတ်ဝိညာဉ်တောင်ကဘာလို့သင်းခွေ ချပ်အသားကိုတောင့်တနေတာလဲ?။"
ဦးလေးလျိုကမေးလိုက်သည်။
"ဘယ်သူသိမှာလဲ?
စိတ်ဝိညာဉ်တောင်တွေဆင့်ကဲပြောင်းလဲဖို့အတွက် သူတို့ရဲ့ခန္ဓာကိုယ်
ထဲမှာကူညီပေးနိုင်တဲ့တစ်စုံတစ်ရာရှိကောင်းရှိနေနိုင်တာ ဘဲ၊ ဒါမှမဟုတ် သူကကျွန်တော်တို့ကို
မြေကြီးထဲမှာမြှုပ်ထားသမျှအရာအားလုံးကိုပိုင်ဆိုင်နိုင်ေ

ဖေို့
သင်းခွေချပ်တွေကိုဖယ်ထုတ်ပစ်ဖို့လိုလားတာလည်းဖြစ်နိုင်တာဘဲ” ကောင်းဖန်က ပြောလိုက်သည်။

ဦးလေးလျိုကကောင်းဖန်ကိုမျက်ခုံးပင့်ကာကြည့်လိုက်သည်။ “ဒါဆိုင်ါတို့ကဘာလို့ ကိုယ်တိုင်မယူခဲ့ရတာလဲ?”

“ဒါတွေကခန့်မှန်းချက်သက်သက်ပါဘဲဗျာ၊ ဒါ့အပြင်ကျွန်တော်တို့ဒီကိုလာဖို့အတွက် ရခဲ့တယ်လေ၊ ဒီခရီးကိုလာရတာအလဟာသဖြစ်တယ်လို့တော့ကျွန်တော်မပြောပါဘူး”

# စာစဉ် ၁၄

## အပိုင်း ၂၁၉ သားသတ်ရုံ

နာရီဝက်အကြာတွင်,ကောင်းဖန်နှင့်ဦးလေးလျိုသည်နေ
ာက်ဆုံးတွင်အိမ်ယာသို့ ပြန်၍ရောက်ရှိလာကြသည်။
သွေးမျက်လုံးလင်းတသည်မြက်ခင်းပေါ်သို့တည်ငြိမ်စွာပြ
ြင့် ဆင်းသက်လာသည်၊
ဦးလေးလျိုနှင့်ဒမ်ဘီတို့ကိုမြေပြင်ပေါ်သို့ချပေးပြီးနောက်
အရိပ်ဂျဖာလူကာပုတ်သင်သည်ရေထဲတွင်ရေကူးချင်စိ
တ်ပေါက်နေသလိုမျိုးရေကန်ကို
တစ်ချက်ကြည့်လိုက်သည်၊
သို့သော်လည်းအကြောင်းတစ်ခုကြောင့်မလုပ်ဖို့ဆုံးဖြတ်
လိုက်
ပြီးမျက်လုံးကိုမှိတ်ားကာအမြီးကိုလေးတွဲ့စွာလွှဲယမ်း၍မြေ
ြေပြင်ပေါ်တွင်လှဲနေလိုက်သည်။

## စာစဉ် ၁၄

ကောင်းဖန်၏ခြေလက်များသည်အေးစက်သောလေထု
ကိုဖြတ်၍ပျံသန်းလာခဲ့ရသော ကြောင့်ထုံကျဉ်နေသည်၊
သွေးမျက်လုံးလင်းတ၏နောက်ကျောမှခုန်ဆင်းလာပြီးေ
ေက်

ကောင်းဖန်သည်သူ၏လက်မောင်းများကိုပွတ်သတ်လို
က်ပြီးအသက်ပြင်းပြင်းရှူလိုက် သည်။

ထိုအခိုက်အတန့်မှာတင်,
ကောင်းဖန်သည်မိမိ၌ကိုယ်ပိုင်ပိုင်ဆိုင်သောကေရာဇ်အ
ဆင့်
ပျံသန်းသားရဲရှိလျှင်မည်မျှပင်အဆင်ပြေလိမ့်မည်ဖြစ်ေ
ြ ောင်းသဘောပေါက်လိုက်သည်။

သူ့အဘိုးနှင့်ဦးလေးလျို့နှစ်ယောက်စလုံးသည်
၎င်းတို့အလိုရှိတိုင်းပျံသန်းနိုင်သည့်
ကေရာဇ်အဆင့်သားရဲများရှိကြသည်၊ ထို့အပြင်,
ကေရာဇ်အဆင့်သားရဲများကြား

တိုက်ပွဲများသည်များသောအားဖြင့်ရှားပါးသောကြောင့်၎င်းတို့သည်အခြားသော ကေရာဇ်အဆင့်သားရဲများနှင့်ရင်ဆိုင်ရမည်ကိုစိုးရိမ်စရာမလိုပေ၊

မှားယွင်းသောလှုပ်ရှားမှုတစ်ခုသည်၎င်းတို့အားအန္တရာယ်ရှိသောအနေအထားသို့ ရောက်သွားစေနိုင်သည်ကို သိထားခြင်းကြောင့်ထိုကဲ့သို့မြင့်မားသည့်အဆင့်ရှိသည့်သားရဲများသည်အချင်းချင်းတိုက်ခိုက်မှုများဖြစ်စေရန်အတွက်တမင်သက်သက် ရွေးချယ်လိမ့်မည်မဟုတ်ပေ။

အနည်းဆုံးကေရာဇ်အဆင့်သားရဲနှင့်အတူ, ကောင်းဖန်သည်မြို့တစ်လျှောက် အလွယ်တကူသွားလာနိုင်မှာဖြစ်သည်၊ သူ့ကိုလေပေါ်သို့မတင်ရန်အတွက် အဘိုးနှင့် ဦးလေးလျိုတို့ကိုအနှောက်အယှက်ပေးစရာမလိုတော့ပေ ၊ သူတို့နှစ်ယောက်စလုံး

စာစဥ် ၁၄

အလုပ်ရှုပ်ကြသူများဖြစ်သောကြောင့်
သူ့အတွက်ကိုယ်ပိုင်အချိန်ဇယားများစီစဥ်ပေးမည်
ဟုမျှော်လင့်ခြင်းသည်လုံးဝယုတ္တိမတန်ပေ။

ယခုအချိန်တွင်,ကောင်းဖန်၏အမိန့်အောက်၌ပျံသန်းအမ
ျိုးအစားဧကရာဇ်ပထမအဆင့်သို့
ရောက်ရန်ဖြစ်နိုင်ခြေအရှိဆုံးမှာဖလိမ်မီသာဖြစ်သည်၊
သို့ဖြစ်ကာမူ,
လအနည်းငယ်ကြာ ကောင်းဖန်၏မျှတသောအစားအစ
ောက်နှင့် ပင်ကိုစွမ်းရည်များကြောင့် ဖလိမ်မီသည်
အဆင့်၂၈သို့ရောက်ရှိခဲ့သည်။

ဆယ်နှစ်ကျော်လောက်ရင့်ကျက်ရန်လိုအပ်သောလူသား
များနှင့်မတူဘဲ, အများစုသော
တိရိစ္ဆာန်များသည်အရွယ်ရောက်ဖို့အတွက်လအနည်းင
ယ်သာကြာသည်။

စာစဉ် ၁၄

ရုတ်တရက်,

ကောင်းဖန်၏ကျန်သောသားရဲများကသူတို့ကိုနှုတ်ဆက်ရန်အတွက်အိမ်ထဲ မှပြေးထွက်လာကြသည်။

တဲ့ဇီခါးသီးစွာဖြင့်သူ့သခင်ကိုကြည့်လိုက်သည်၊

ကောင်းဖန်ကချောင်းဆိုးလိုက်သည်၊
တဲ့ဇီ၏နားပူနားဆာလုပ်မှုတို့ကြောင့်, ၎င်းက
ကောင်းဖန်၏ဦးလေးလျိုတို့၏နောက်တွင်ချန်ထားခြင်းကိုခံလိုက်ရသည်။

"ကောင်းပြီ, ငါ့ကိုအဲ့လိုကြည့်နေတာရပ်လိုက်တော့၊
ငါမင်းအတွက်ဘာယူလာလဲ
ကြည့်ကြည့်" ကောင်းဖန်ကသူ့နောက်ရှိကြီးမားသောအ‌ေ ြစ်သစ်ပင်ကြီးကိုထိုးပြ လိုက်သည်။

စာစဉ် ၁၄

ဂိုဒီကစူးစမ်းစွာဖြင့်သစ်ပင်နားသို့ချဉ်းကပ်လာပြီး ၎င်း၏နှုတ်သီးကိုထိုးထည့်ပြီး နစ်မြုပ်ရန်အသင့်ဖြစ်နေပြီဖြစ်သည်။

တာ့ဇီက ဂိုဒီအားလက်ချောင်းများဖြင့်ရိုက်ချလိုက်သည်၊ အဲ့တာငါ့ဟာ! ကောင်းဖန်က ငါ့အတွက်ပြန်ယူလာပေးတာ! မင်းကိုထိခွင့်မပြုနိုင်ဘူး!

ဂိုဒီကတစ်ဖက်သို့ယိမ်းယိုင်သွားပြီး တာ့ဇီကိုရှုပ်ထွေးစွာဖြင့်ကြည့်နေသည်၊ “ဂတ်?” ထို့နောက်၎င်းကယက်ကန်ယက်ကန်ဖြင့်အဝေးသို့လျှောက်သွားတော့သည်။

ဖလိမ်မီကလေထဲကနေသစ်ပင်ကိုသေချာလေ့လာနေပြီးနောက်, ၎င်းကိုစိတ်ဝင်စားမှု ရော့နည်းသွားပြီးအဝေးသို့ပျံထွက်သွားသည်။

တာ့ဇီကသူ့ကိုယ်ကိုသစ်ပင်ဆီသို့ဆန့်သွားလိုက်ပြီး, ၎င်း၏ဦးမှျင်များကသိချင်ဇောဖြင့် လေထဲတွင်ဝှေ့ယမ်းနေသည်၊

"ကောင်းဖန်, ငါအဲ့တာကိုဘယ်လိုစားရမလဲ?" တာ့ဇီကမေးလိုက်သည်၊ "ငါအပင်တွေကို မစားဘူးလေ၊ အပင်တွေကအရသာမကောင်းဘူး"

"ဘယ်သူမှမင်းကိုအဲ့တာစားဖို့မပြောဘူး၊ ငါတော့ မင်းဆင့်ကဲပြောင်းလဲဖို့အတွက် ဒါကိုစားဖို့မလိုဘူးလို့ထင်တယ်" ကောင်းဖန်ကသူ၏လက်ဆစ်ဖြင့်တာ့ဇီ၏ခေါင်းအား တစ်တောက်တောက်မြည်စေသည်။

"အဲ့တာဆိုဘာလဲ?" ဦးလေးလျိုကသစ်ပင်နားကိုချဉ်းကပ်လာသည်။

ကောင်းဖန်ကသစ်ပင်၏ဖော်ပြချက်များကိုတစ်ချက်ကြ ည့်လိုက်သည်။

[မကောင်းဆိုးဝါးအမည်]–လျှပ်စီးခေါင်းလောင်းထင်းရှူး

သစ်ပင်၏အသီးသည်တာ့ဇီအားအတောင်ခြောက်ခုမိုး ပြုးကင်းခြေများဖြစ်စေရန်အတွက်အရေးကြီးသောပါဝင် ပစ္စည်းဖြစ်နိုင်သည်။

“ငါအခုထိမင်းရဲ့ဆင့်ကဲဖြစ်စဉ်အတွက် ကျန်တဲ့ပစ္စည်းတွေကိုအတူဖြစ်အောင်မစုနိုင်သေး ဘူး၊ စိတ်မပူပါနဲ့, ငါမနက်ဖြန်မင်းရဲ့ဆင့်ကဲပြောင်းလဲမှုမှာကူညီပေးမယ်” ကောင်းဖန်က တာ့ဇီ၏ခေါင်းကိုပုတ်ပေးကာပြောလိုက်သည်၊

“အပင်ကိုစိုက်ထားကြရအောင်, ခြောက်မသွားခင်”

စာစဉ် ၁၄

တာ့ဇီကစိတ်လှုပ်ရှားစွာဖြင့်သစ်ပင်ပေါ်နားမှခွာလာသ
ည်၊ ဒမ်ဘီ၏အကူအညီဖြင့်
ကောင်းဖန်သည်ရေကန်ဘေးတွင်
လျှပ်စီးခေါင်းလောင်းထင်းရှူးပင်ကိုစိုက်ပျိုးနိုင်လိုက်
သည်။

ညဘက်တွင်သစ်ပင်သည်ရေပန်ဘေးတွင်
ငြိမ်သက်စွာရှိနေပြီးၚင်း၏အမြစ်များက
အဖြူရောင်အလင်းဖြင့်တောက်ပနေသည်၊
တာ့ဇီကငှက်တစ်ကောင်၏အသိုက်တွင်
ခွေကာလဲလျောင်းနေပြီး
သစ်ပင်၏အကိုင်းအခက်တွင်ရှိနေသောရွှေရောင်တော
က်နေ သည့်အသီးများကိုကြည့်နေသည်။

သစ်တော၏တခြားတစ်ဖက်ထောင့်တွင်,
တစ်ရက်လုံးအမဲလိုက်ပြီးနောက်, ခရမ်းရောင်
အမွေးလင်းယုန်သည်ချောက်ကမ်းပါးယံသို့ပြန်ရောက်လ

ာသောအခါငင်း၏အသိုက်က
လေထဲတွင်ပျောက်ကွယ်နေတော့သည်၊
"စူးစူးရှရှအော်မြည်သံ! စူးစူးဝါးဝါးအော်မြည်သံ
ကတောအုပ်တစ်ခုလုံးပဲ့တင်ထပ်သွားတော့သည်။

"အဘိုး,
ကျွန်တော်ဒမ်ဘီကိုလျင်လျင်မြန်မြန်နဲ့ဆင့်ကဲပြောင်းလဲ
နိုင်တဲ့လမ်းကြောင်းကို ရှာတွေ့ခဲ့တယ်"
ကောင်းဖန်ကညွှန်ခန်းထဲမှသူ့အဘိုးကိုပြောလိုက်သည်၊
"ဒါပေမယ့်ကျွန်တော်အဘိုးကိုအရင်ဆုံးပြောဖို့လိုတယ်"

သူ့စိတ်ထဲတွင်ရှိနေသောနည်းလမ်းသည်အချို့သူများအ
တွက်လူ့ကျင့်ဝတ်အရမေးခွန်း
ထုတ်စရာဖြစ်ကောင်းဖြစ်နေနိုင်သည်။
သို့သော်,ငင်းအလုပ်လုပ်နေသ၍, ကောင်းဖန်က
ထိုအရာကိုအသုံးပြုရန်အတွက်စနိုးစနောင့်ဖြစ်နေစရာမ
လိုပေ။

စာစဉ် ၁၄

"ကောင်းပြီး, မင်းကငါ့မြေးဘဲ၊ မင်းတစ်ခုခုကိုလုပ်ဖို့ငါ့ခွင့်ပြုချက်ကိုလိုလို့လား?" ကျီဟာန့်ဝူကတခစ်ခစ်ရယ်ကာပြောလိုက်သည်။

"ကုမ္ပဏီမှာလေ, ကိုယ်ပိုင်သားသတ်ရုံရှိလား, မဟုတ်ရင်လည်း အနည်းဆုံး သားရဲအသေကောင်ကိုကိုင်တွယ်ဖို့နေရာတစ်ခုရှိလားဟင်?" ကောင်းဖန်ကပြောလိုက် သည်။

"သေချာတာပေါ့၊ အဲ့တာကအခုအသင့်အသုံးပြုလို့ရတုန်းလေ၊ အကယ်၍မင်းသွားချင်ရင် အဘိုးလိုက်ပို့ပေးလို့တယ်" ကျီဟာန့်ဝူကပြောလိုက်သည်၊သူကအနက်ရောင်ကုတ်ကို ဝတ်လိုက်ပြီးကောင်းဖန်နှင့်အတူသားသတ်ရုံသို့ထွက်ခဲ့ ြတော့သည်။

အဆောက်အအုံသည် စက်မှုလုပ်ငန်းနှင့်ဆိုင်သောနေရာတွင်ရှိသည်၊

စာစဉ် ၁၄

ကောင်းဖန်က ထိုနေရာကဌာနချုပ်, အိမ်နှင့်အတော်လေးဝေးသောကြောင့်ထိုနေရာသို့သွားခဲသည်။

ရှေ့တွင်,ကောင်းဖန်သည်ကောင်းကင်သို့တက်လာသောအနက်ရောင်မီးခိုးများကိုမြင်နိုင်ပြီးအဝေးမှစက်ယန္တရားလည်သံကိုကြားနေရသည်၊ စက်ရုံ၏တံခါးများအနီးတွင်လူပုံစံပုံရိပ်များသည်ယောက်ယက်ခတ်သွားလာလှုပ်ရှားနေကြသည်။

သူတို့ဂိတ်တံခါးသို့ရောက်သောအခါတွင်, အနက်ရောင်အနောက်တိုင်းဝတ်စုံနှင့်အဝါရောင်နက်ကတိုင်နှင့်လူကသွက်လက်တက်ကြွစွာဖြင့်သူတို့ဆီသို့ခြေလှမ်းကျဲကျဲဖြင့်လှမ်းလျှောက်လာတော့သည်၊ “ဥက္ကဋ္ဌကျီ, ဒီကိုဘာလာခေါ်တာလဲဗျ?”

သူ့နောက်တွင်တော့ယူနီဖောင်းအမျိုးမျိုးဖြင့်လူအချို့ရပ်နေသည်၊ သူသည်စက်ရုံအတွင်းဖြစ်ပျက်သောအရာများကိုတာဝန်ယူရသည်၊

"အချိန်ပိုအလုပ်ဆင်းနေတာလား?"

"ဟုတ်တယ်, ကျွန်တော်တို့ထုတ်ကုန်အသစ်ကမနက်ဖြန်လာမှာလေ၊ ကျွန်တော်တို့ဒီနေ့မှာ အားလုံးကိုပြီးစီးအောင်လုပ်ထားရမှာမလို့ပါ" ထိုလူကပြုံးကာပြောလိုက်သည်။

"ငါသိပြီ၊ ငါမြေးကိုနေရာအနှံ့ပတ်ပြပေးနေရုံပါ၊ ကျောက်ဖူ, ငါတို့နဲ့အတူလာလျှောက် လှည့်၊ ကျန်တဲ့သူတွေမင်းတို့နေရာပြန်သွားလို့ရပြီ"

စာစဉ် ၁၄

အကုန်ကခေါင်းငြိတ်ပြပြီးနောက်နောက်ထွက်သွားကာ, ကျောက်ဖူဆိုသောသူကို ကောင်းဖန်နှင့်သူ့အဘိုးနှင့်အတူချန်ထားခဲ့ကြသည်။

"မစ္စတာကျောက်, သားရဲတွေရဲ့အရိုးတွေကိုစက်ရုံမှာဘယ်လိုစီမံတာလဲ?" ကောင်းဖန်က မေးလိုက်သည်။

ကျောက်ဖူကကောင်းဖန်ကိုတစ်ချက်ကြည့်လိုက်သည်၊ ဒီတော့ဒါကဥက္ကဋ္ဌကျီရဲ့မေးပေါ့, သူတွေးလိုက်သည်။

သူ့မျက်နှာကအပြုံးများပေါက်ကွဲထွက်လာသည်၊ "ကိုယ်တို့ကတော့ အရိုးတွေကို အာဟာရဓာတ်ကြွယ်ဝတဲ့အရိုးမှုန့်ဖြစ်ကြိတ်ချေတာ, ဒါမှမဟုတ် သားရဲတွေကိုတိုက်ရိုက် အဲ့တာတွေကိုကျွေးလိုက်တယ်"

"ကျွန်တော်အဲ့အရိုးတွေစီမံတဲ့နေရာကိုကြည့်ချင်တယ်"

စာစဉ် ၁၄

ထို့နောက်ကောင်းဖန်နှင့်သူ့အဘိုးကိုစက်ရုံ၏ကဏ္ဍအသီး
သီးမှ သားရဲအရိုးများ
စုဝေးရာဂိုဒေါင်တစ်ခုသို့ခေါ်ဆောင်သွားတော့သည်။

အရိုး၏အစအနများနှင့်အသားများသည်
အရိုးအချို့တွင်ရှိနေသေးသည်။

သို့သော်,
ကောင်းဖန်သည်အရိုးအပိုင်းပိုင်းကွဲထွက်နေမှုကိုမြင်တွေ
ရှုခြင်းကြောင့် သူကစိတ်ပျက်သွားတော့သည်၊
ဒမ်ဘီကပြည့်စုံသည့်အရိုးများကိုအသက်ပြန်သွင်းရန်
အတွက်လိုအပ်တာဖြစ်သည်။
အခုစက်ရုံထဲမှာရှိတဲ့အရာတွေကဘာမှလုပ်လို့ရမှာ
မဟုတ်ဘူး၊

“မစ္စတာကျောက်,
ခင်ဗျားဒီမှာထားတဲ့အရိုးတွေကအရမ်း....ကွဲထွက်နေလိ

မ့်မယ်လို့ ကျွန်တော်ထင်မထားဘူး”။
ကောင်းဖန်ကပြောလိုက်သည်။

“ဘာကိုဆိုလိုတာလဲ?
သူတို့ကအကောင်လိုက်မဟုတ်လို့လား?”
ကျောက်ဖူကပြောလိုက်
ပြီး,သူ့ခေါင်းကိုကုတ်လိုက်သည်။

“နောက်တစ်ခါကျရင်,အရိုးတွေကိုပြည့်ပြည့်စုံစုံဖြစ်အော
င်သေချာလေးထိန်းသိမ်းပြီး ကြိုးစားထားပေးပါ”။
ကျီဟာန့်ဝူကကောင်းဖန်ကိုစိုက်ကြည့်ရင်းပြောလိုက်သ
ည်။

“အာ” ကျောက်ဖူကဒါဘဲပြောနိုင်တော့သည်၊ ကောင်းပြီ,
ဒါကအရင်ကထက်ပိုပြီးလွယ်ကူ လောက်ပါတယ်,
သူကတွေးလိုက်သည်။

စာစဉ် ၁၄

စာစဉ် ၁၄

## အခန်း ၂၂၀ အဆင့်မြှင့်ခြင်း

“သားသတ်ရုံကို သွားတဲ့ လမ်းကို မှတ်မိသွားပြီလား” ကောင်းဖန်က မေးလိုက်သည်။

ဒန်ဘီ ခေါင်းညိတ်ကာ “မှတ်မိပြီ ဟူ၍ ပြန်ဖြေလိုက်သည်။

“ဟုတ်ပြီ.. မနက်ဖြန်ကစပြီး ဒီအရိုးစုတွေ အားလုံးကို အသက်သွင်းပြီး မသေခြင်း မီးတောက်တွေကို စပြီး စုပ်ယူတော့.. နားလည်တယ်မလား” ကောင်းဖန်က ပြောလိုက်သည်။

ဒန်ဘီက လက်မထောင်ပြလိုက်ပြီး ကောင်းဖန်ပြောကို နားလည်ကြောင်း ပြန်ပြောလိုက်သည်။

ကောင်းဖန်နှင့် ကျီဟန့်ဝူတို့သည် ညရောက်သောအခါ စံအိမ်သို့ ပြန်ကြပြီး ဒန်ဘီကတော့ သူနှင့်

သူ့သမီးအတွက် ကောင်းဖန် ဆောက်ပေးထားသည့် ပေ ၄၀ ရှည်သော သစ်ပင်ရှိ သစ်ပင်အိမ်ဆီသို့ ပြန်သွားသည်။

ထိုသစ်ပင်အိမ်သည် အကိုင်းများကို နွယ်ပင်များနှင့် ခိုင်ခံ့စွာ ချည်နှောင်ထားခြင်း ဖြစ်သည်။ ဒန်ဘီက သစ်ပင်ပေါ်ကို တက်လိုက်သောအခါ ခေါင်းလေးတစ်လုံး ပြူထွက်လာကာ အောက်ကို ငုံ့ကြည့်နေသည်။

ဒန်ဘီကို တွေ့သောအခါ ထိုခေါင်းလေးသည် အထဲကို ပြန်ဝင်သွားသည်။ ရုတ်တရုတ် အနီရောင် အရာလေးတစ်ခုသည် တံခါးမှ ထွက်လာကာ ဒန်ဘီ၏ လက်မောင်းပေါ်ကို ခုန်တက်လိုက်ပြီး ဒန်ဘီ၏ ခေါင်းကို တိုးခွေ့နေသည်။

ဒန်ဘီသည် သူ့သမီးကို လက်တစ်ဖက်ဖြင့် ပွေ့ချီထားရင်း နောက်လက်တစ်ဖက်နှင့် သစ်ပင်ကို တွယ်တက်လိုက်သည်။ သူသည် အရိုးစုအဖြစ်သို့

## စာစဉ် ၁၄

ရောက်သွားသော်လည်း သစ်ပင်ပေါ်ကိုတော့ မျောက်တစ်ကောင်လို တွယ်တက်နိုင်ဆဲ ဖြစ်သည်။

“ဒီနေ့လိမ်လိမ်မာမာ နေရဲ့လား” ဒန်ဘီက သူ့သမီးကို မေးလိုက်သည်။

မြစ်နီမျောက်ဝံလေးသည် မျက်ရည်အဝိုင်းသားဖြင့် မော့ကြည့်လိုက်ရင်း လက်ချောင်းလေးများဖြင့် ရေတွက်လိုက်သည်။ ထို့နောက် “ဖေဖေ့ကို ၉ ခါတောင် လွမ်းနေခဲ့တာ” ဆိုပြီး အော်ပြောလိုက်သည်။ ထို့နောက် မျောက်ဝံလေးသည် ဒန်ဘီကို သူတော်တယ် မလားဆိုသည့် ရုပ်ဖြင့် ကြည့်လိုက်သည်။

“အဲဒါကို ပြောတာမဟုတ်ဘူးလေ” ဒန်ဘီက စိတ်ညစ်လက်ညစ် ပြောလိုက်သည်။

စာစဉ် ၁၄

ဒန်ဘီ၏ မျက်နှာတွင် ခံစားချက်ကို မတွေ့ရသော်လည်း မျောက်ဝံလေးသည် သူ၏ အဖေက စနေတာ မဟုတ်မှန်းတော့ ခံစားမိလိုက်သည်။

“ဒီနေ့ စာလုံး ၃ လုံး ကျက်ခဲ့တယ်.. လူသားတွေရဲ့ ဘာသာစကားက အရမ်းခက်တာပဲ.. သမီး မသင်လို့ မရဘူးလား” မျောက်ဝံလေးက သူ့အဖေ လက်မောင်းကို မှီတွယ်ရင်း ပြောလိုက်သည်။

ဒန်ဘီသည် ခေတ္တတွေဝေသွားသည်။ ထို့နောက် သူ့သမီး၏ ခေါင်းပေါ်ကို လက်တင်လိုက်ကာ “မရဘူး” ဟုပြောလိုက်သည်။

သမီးကို မြစ်နီမျောက်ဝံလေး အဖြစ်နဲ့ပဲ တစ်သက်လုံး အဖြစ်မခံနိုင်ဘူး.. သမီးကို အဆင့်မြင့်သင့်ရင် မြင့်ရအောင် သခင်ကို တောင်းပန်ရမယ်.. အဖေ သမီးကို တစ်သက်လုံး မစောင့်ရှောက်နိုင်ဘူး.. ဒါပေမယ့် သမီးကိုယ်သမီး ကာကွယ်ဖို့ စွမ်းအင်ကိုတော့

ပေးနိုင်တယ်.. ဒန်ဘီသည် သစ်ပင်အိမ်လေး၏ အစွန်းတွင် ညကောင်းကင်ကို ထိုင်ကာကြည့်ရင်း တွေးတောနေသည်။

...

"သူဌေး.. ဒီလိုမျိုး အရည်အသွေးမြင့်မားတဲ့ ရွှေရောင်တောင်ပံ ပုစဉ်းရင်ကွဲ ပေါင် ၂၀၀ ကို ဒီဈေးနဲ့ ဘယ်မှာမှ ရနိုင်မှာ မဟုတ်ဘူး" အပြာရောင် တရုတ်ဂျက်ကတ်နှင့် ကောက်ရိုးဦးထုပ်ဆောင်းထားသော လူငယ်တစ်ယောက်သည် တောင်ပိုင်းကောင်းကင် အဖွဲ့အစည်း၏ ဂိတ်အပြင်ဘက်တွင် ထိုင်နေသော လျူဆန်းလင်ကို ပြောနေသည်။

"ဟုတ်ပါပြီ.. မင်းပြောတာတွေ မှတ်ထားပါမယ်.. မင်းအကောင့်ထဲကိုလည်း ပိုက်ဆံလွှဲလိုက်ပါမယ်ကွာ.." လျူဆန်းလင်က ဖြတ်ပြောလိုက်သည်။ ထို့နောက်

စာစဉ် ၁၄

အနီးအနားမှ လုံခြုံရေးတစ်ယောက်ကို မြေကြီးတွင် ချထားသော သေတ္တာကြီးကို မ, ယူလာခိုင်းလိုက်သည်။

လူငယ်က ဘာမှမပြောလိုက်နိုင်ခင်မှာပင် လျှူဆန်းလင်သည် ချက်ချင်း ပြန်လှည့်ထွက်သွားသည်။

လူငယ်သည် လျှူဆန်းလင်ထွက်သွားသည်ကို သက်ပြင်းချလျက် ကြည့်နေသည်။ "ဒီပုစဉ်းရင်ကွဲတွေက ရွံ့စရာတွေလို့ ပြောမလို့ကို.. ထူးဆန်းလိုက်တာ.. လူတွေက ဘာလို့များ ဒီလောက်တောင် အများကြီး ဝယ်ချင်နေကြတာလဲ မသိဘူး.. စားလို့လည်း ရတာမဟုတ်.. ပြီးတော့ အန္တရာယ်လည်း အရမ်းများတာကို.. သူဌေးတွေက တကယ်ထူးဆန်းတယ်" လူငယ်သည် ရေရွတ်လိုက်ပြီးနောက် လှည့်ထွက်သွားတော့သည်။

လုံခြုံရေးသည် သေတ္တာကို ကိုင်ရင်း မျက်မှောက်ကြုတ်ကြည့်လိုက်သည်။ ပုံမှန်အားဖြင့်

စာစဉ် ၁၄

သူသည် ပေါင် ၂၀၀ လောက်ကို အေးဆေးသယ်နိုင်သူ ဖြစ်သည်။ သို့သော် အခုတော့ သူသည် သေတ္တာထဲတွင် ဒေါသတကြီး ပျံသန်းနေကာ အချိန်မရွေး ပေါက်ထွက်လာတော့မည့်ပုံ ဖြစ်နေသော ပုစဉ်းရင်ကွဲသေတ္တာကို မနည်းကိုင်နေရသည်။

မကြာမီ ထိုသေတ္တာသည် ကောင်းဖန်ရှေ့သို့ ရောက်လာသည်။ သူသည် တောင်းထားသည့် အတိုင်း ရမရကို တစ်ချက်ဖွင့်ကြည့်လိုက်သည်။

"တာ့ဇီ ထွက်ခဲ့ မင်းကို အဆင့်မြှင့်ဖို့ အချိန်ရောက်ပြီ" ကောင်းဖန်က အော်ပြောလိုက်သည်။

တာ့ဇီသည် ခြေချော်သလို ဖြစ်သွားပြီး သစ်ပင်ပေါ်မှ စိတ်လှုပ်ရှားစွာ ပြေးဆင်းလာသည်။

ထို့နောက် ကောင်းဖန်သည် တာ့ဇီ၏ ကျောပေါ်သို့ သေတ္တာကို တင်လိုက်သည်။ အလွန်စပ်စလူး

ခါလေ့ရှိသော တာ့ဇီသည် ဒီတစ်ခါတော့ သေတ္တာကို မယိမ်းယိုင်သွားအောင် ခတ်ခွဲခန်းထဲသို့ လိမ်လိမ်မာမာ သယ်သွားသည်။

ကောင်းဖန်သည် သေတ္တာအတွင်းမှ ဝါယာကြိုးလှောင်အိမ်ကို ထုတ်လိုက်သည်။ ဝါယာကြိုးများ၏ ကြားလပ်နေသော အပေါက်များသည် လွန်စွာ သေးလွန်းသောကြောင့် ပဲစေ့လောက်အရွယ် ရှိသော ပုစဉ်းတစ်ကောင်ပင် ထွက်၍ မရချေ။

ရွှေရောင်ပုစဉ်းများသည် ထိုလှောင်အိမ်၏ တစ်ဝက်အပြည့်လောက် ရှိနေကြသည်။

တစ်ချို့အကောင်များသည် လှောင်အိမ်ထောင့်များတွင် ကပ်နေကြပြီး အချို့အကောင်များက လှောင်အိမ်အမိုးမှနေ၍ တွဲလောင်းခိုနေကြသည်။

"အရင်ဆုံး ဒီကောင်တွေကို သုံးပြီး အထူးအရည် လုပ်ရမယ်.. ပြီးရင် တာ့ဇီကို အဲဒီအရည်ထဲ စိမ်ခိုင်းရမယ်" ကောင်းဖန်က ရေရွတ်လိုက်သည်။ သူသည် ပုစဉ်းများကို ကြည့်ပြီး စိတ်မသက်မသာ ဖြစ်မိသည်။ သူသည် ထိုပုစဉ်းကောင်များကို တစ်ကောင်ချင်းစီ ကိုယ်တွင်း အင်္ဂါများကို ထုတ်ရဦးမည် ဖြစ်သည်။ ထိုအဆင့်ကပင် နေ့တစ်ဝက်လောက် ကြာနိုင်သည်။ ထို့အပြင် ထိုအစိတ်အပိုင်းများကို ၆ နာရီလောက် အပြင်မှာ ထားထားရဦးမည်။ ထိုလောက်ထားမှသာ အသက်ဓာတ် ကုန်ဆုံးမည် ဖြစ်သည်။

သူသည် အဖိုးကို ဖုန်းခေါ်လိုက်သည်။ "အဖိုး ကျွန်တော့်ကို ကူဖို့ အစောင့်တစ်ယောက် လိုတယ်.. လက်ညစ်ပတ် ခံနိုင်တဲ့သူတစ်ယောက်လောက်ပေါ့..

ဗျာ.. အဲဒီလိုမဟုတ်ပါဘူး.. အပင်ပန်းခံနိုင်တဲ့သူကို အဓိက လိုတာပါ”

ကောင်းဖန်သည် သက်ပြင်းတစ်ချက်ချပြီး ဖုန်းကို ချလိုက်သည်။ ထို့နောက် ပုစဉ်းရင်ကွဲများကို စကိုင်လိုက်သည်။

နာရီဝက်ခန့်ကြာသောအခါ ခုတ်ခွဲခန်းအပြင်မှ တံခါးခေါက်သံ ထွက်လာသည်။ ကောင်းဖန်သည် မော့ပင် မကြည့်တော့ပဲ “ဝင်ခဲ့ပါ” ဟု ပြောလိုက်သည်။

တစ်စုံတစ်ယောက်က တံခါးကို ဖွင့်ပြီ ဝင်လာသည်။

“ပရော်ဖက်ဆာကောင်း.. ကျွန်မက ကူညီပေးမယ့်သူပါ”

ကောင်းဖန်က တစ်ချက်ကြည့်လိုက်သည်။ သူ့ရှေ့တွင် ဆံပင်ကို ခပ်မြင့်မြင့်စည်းထားသော လှပသည့် မိန်းကလေးတစ်ယောက်က အဖြူရောင် ခုတ်ခွဲခန်းကုတ်ဖြင့် ရပ်နေသည်။ ကောင်းဖန်သည်

သူမကို အရင်က မြင်ဖူးသည်။ သူမသည် ရှုချင်းကျီဖြစ်သည်။

သူမဆံပင်သည် လှသည်ဟု ကောင်းဖန်တွေးလိုက်မိသည်။

ကောင်းဖန်စိတ်ထဲမှ အတွေးများကို မသိပဲ ရှုချင်းကျီသည် တိတ်ဆိတ်စွာပင် ရပ်နေသည်။ သူမအတွက် ခေတ်ခွဲခန်းတွင် အလုပ်လုပ်ရသည်က ပထမဆုံး အကြိမ် မဟုတ်ပေ။ သို့သော် သူမ ဆရာက အတော်လေး ငယ်သေးသည်ကိုတော့ မသိခဲ့ချေ။

သူမသည် ကောင်းဖန်ကို ထိုခေတ်ခွဲခန်းတွင် အလုပ်လုပ်သော သုတေသန ပညာရှင်ဟုသာ ထင်ခဲ့မိသည်။

“အင်း ဟုတ်ပြီ” ကောင်းဖန်က ခပ်ပြတ်ပြတ် ပြောလိုက်သည်။ သူသည် သူ့လက်ထောက်အတွက်

## စာစဉ် ၁၄

ထိုမိန်းကလေးကို ဘာကြောင့်ရွေးမှန်း သိလိုက်သည်။ သူမ၏ အဖေနှင့် ဦးလေးတို့သည် တောင်ပိုင်းကောင်းကင် အဖွဲ့အစည်း၏ အထက်အရာရှိများ ဖြစ်ကြသည်။ ထို့ကြောင့် အဖိုးသည် လူရင်းထဲမှ ပြန်ရွေးခဲ့ခြင်း ဖြစ်နိုင်သည်။

ကောင်းဖန်သည် ထိုအတောအတွင်း လုပ်နေသည့် လက်ကိုတော့ လုံးဝမရပ်ခဲ့ချေ။ သူသည် ပုစဉ်းများ၏ ခေါင်းကို သံတုတ်ဖြင့် ထုချေပြီး တစ်ခါတည်း သတ်လိုက်သည်။ ထို့နောက် တောင်ပံများကို ဖြုတ်ပြီး ပုံးတစ်ခုထဲသို့ ထည့်သည်။ ကျန်သည့် အင်္ဂါအစိတ်အပိုင်းများကိုတော့ အမှိုက်ပုံးထဲ ပစ်သည်။

"ဘာလို့ရပ်နေတာလဲ.. လာပြီး ကူညီပေးလေ" ကောင်းဖန်က ပြောလိုက်သည်။

"ဩော် ဟုတ်ကဲ့" ရှုချင်းကျီသည် ကောင်းဖန်၏ ညွှန်ကြားချက်ကို သေချာနားထောင်ပြီး

လိုက်လုပ်လိုက်သည်။ သူမသည် အစပိုင်းတွင်တော့ အဆင်သိပ်မပြေသော်လည်း တဖြည်းဖြည်းနှင့် လက်သွက်လာသည်။

၂ နာရီခန့်ကြာသောအခါ သူတို့သည် ပုစဉ်းများအားလုံးကို ကိုင်လို့ ပြီးသွားပြီ ဖြစ်သည်။

"ဟုတ်ပြီ ပြီးသွားပြီ မင်းသွားလို့ ရပြီ" ကောင်းဖန်က နှင်ထုတ်လိုက်သည်။

"ဟင်" ရှူချင်းကျီသည် မယုံနိုင်စွာဖြင့် ကြည့်လိုက်သည်။

ကောင်းဖန်က သူမကို အပြင်ထုတ်ကာ တံခါးကို ပိတ်လိုက်သည်။

နောက်နာရီဝက်အတွင်းမှာတော့ ကောင်းဖန်သည် တာ့ဇီ၏ အဆင့်မြှင့်ခြင်းအတွက် ဂရုတစိုက် ပြင်ဆင်လိုက်သည်။

သူသည် ဆေးရည်ထည့်ထားသော စမ်းသပ်ဖန်ပြွန်ကို သေချာကြည့်လိုက်သည်။ အဖြူရောင် မီးခိုးများသည် အထဲမှ ထွက်လာနေသည်။ တစ်ခါတရံ အထဲမှ ဆေးရည်ကြည်ထဲတွင် အပြာရောင် အလင်းတန်းများ ဖြတ်ခနဲ လင်းသွားသည်။

ထို့နောက် သူသည် ပွက်ပွက်ဆူနေသော ရေနွေးများကို ဖန်ပေါင်းချောင်တစ်ခုထဲ ထည့်လိုက်သည်။ ထိုခွက်ပြည့်သွားသောအခါ ဖန်ပြွန်ထဲသို့ လိုအပ်သည့် ပစ္စည်းများကို ထည့်လိုက်သည်။

ဖန်ပြွန်ထဲတွင် လျှပ်စီးတစ်ခု လက်သွားသည်။

အထဲမှ အရည်တစ်စက်သည် ကောင်းဖန်၏ မျက်နှာသို့ လာစင်သည်။ ကြမ်းပြင်တွင် ပျင်းရိစွာ ထိုင်နေသော တဲ့ဇီသည် ရုတ်တရက် ခုတ်လိုက်ခံလိုက်ရသလို ဖြစ်သွားသည်။

"ကဲ.. နောက်ဆုံးပါဂင်ပစ္စည်းထည့်မယ်"

ကောင်းဖန်သည် ရေခဲခန်းထဲမှ အလင်းရောင်များ ပြေးနေသည့် ထင်းရှူးသီးကိုးလုံးကို ထုတ်လိုက်သည်။

ထို့နောက် ထင်းရှူးသီးများကို စပ်ထားသည့် အရည်ထဲထည့်လိုက်သည်။ ထိုအသီးများသည် ရွှေခြော်အရည်ထဲတွင် ပျော်ဂင်သွားပြီး လုံးဂပျောက်ကွယ်သွားသည်။

ထို့နောက် ဆူပွက်နေသောရေသည် အေးလာကာ မျက်နှာပြင်သည် ဖန်သားပြင်လို ချောမွတ်သွားသည်။

"ကဲ.. တဲ့ဇီရေ ဝင်တော့" ကောင်းဖန်က ပြောလိုက်သည်။

တဲ့ဇီက ခေါင်းထောင်လိုက်ပြီး ပျော်ရွှင်စွာဖြင့် ဖန်ပေါင်းချောင်ထဲ ဂင်သွားလိုက်သည်။

စာစဉ် ၁၄

တဒ္ဓဇီဂင်သွားသည်နှင့် မိုးခြိမ်းသံတစ်ခု ပေါ်လာပြီး အခန်းတစ်ခန်းလုံး တုန်ခါသွားသည်။ ထိုအသံသည် ကျယ်လွန်းသောကြောင့် ခေတ်ခွဲခန်း အပြင်ဖက်ကပင် ကြားနိုင်သည်။

ရှုချင်းကျီသည် သူမအနောက်မှ ပိတ်ထားသော ခေတ်ခွဲခန်းတံခါးကို မျက်လုံးမှေးကြည့်လိုက်သည်။ သူဘာတွေများ လုပ်နေတာလဲ...

***

စာစဉ် ၁၄

## *အပိုင်း ၂၂၁ အတောင်ခြောက်ခုမိုးကြိုးကင်းခြေများ*

ရှုချင်းကျီကသူမနှုတ်ခမ်းကိုတွန့်လိုက်ပြီး, အရင်ကကောင်းဖန်သည်သူမအပေါ်သို့ အေးစက်စွာဖြင့်ဆက်ဆံခဲ့ပုံကိုပြန်အမှတ်ရသွားတော့သ ည်၊ အဲ့ဟာလေးနဲ့ပတ်သတ်ပြီး သူဘာမှဂရုစိုက်ပေးနေစရာမလိုပေ။

ဆူညံနေသောအသံကဆယ်မိနစ်အကြာထိဆက်ဖြစ်နေ သည်၊ နောက်ဆုံးခဓတ်ခွဲခန်း ထဲတွင်တိတ်ဆိတ်မှုကတစ်ဖန်ပြန်၍ဖြစ်ပေါ်လာသည်။

ရှုချင်းကျီသည်သူ့လက်ထဲ၌စက္ကူရေခွက်ကိုကိုင်ကာအပြ င်ဘက်၌စောင့်နေခဲ့သည်၊ ရေသုံးခွက်သောက်ပြီးသွားပြီဖြစ်သည်။

အထဲမှာအရာအားလုံးအဆင်ပြေလိမ့်မယ်လို့မျှော်လင့်ပါ
တယ်,ရှုချင်းကျီကတွေးလိုက်သည်၊

ခတ်ခွဲခန်း၏သန့်ရှင်းသောအဖြူရောင်တံခါးကတွန်းဖွင့်
လာပြီး, ကောင်းဖန်သည်
အခန်းထဲမှအဖြူရောင်ကုတ်ဖြင့်ထွက်လာသည်၊
ထို့နောက်သူ့ဆိုဖာပေါ်မှထိုင်လိုက်ပြီး ပြောလိုက်သည်၊ “
ကျွန်တော့်ကိုရေလေးတစ်ခွက်လောက်ထည့်ပေးပါဦး,
ကျေးဇူး”

အိုး” ရှုချင်းကျီကပြောလိုက်သည်၊
သူမကရေသန့်စက်မှရေတစ်ခွက်ခပ်လိုက်ပြီး သူ့အား
ကမ်းပေးလိုက်သည်။

ထို့နောက်တွင်,ဒီနေရာ၌တစ်ခုခုမှားယွင်းနေကြောင်းသူ
မခံစားလိုက်ရသည်၊ ငါကမင်းရဲ့ လက်ထောက်လေ,
မင်းရဲ့အိမ်ဖော်မဟုတ်ဘူး!
သူမကဒေါသတကြီးဖြင့်ပြောလိုက်သည်။

ဆင့်ကဲပြောင်းလဲတဲ့အစီအစဉ်ကပြီးသွားပြီလား?”
ရှုချင်းကျီကစပ်စုစွာဖြင့် မေးလိုက်သည်။

ခုထိတော့မဟုတ်သေးဘူး,
နောက်ထပ်နာရီအနည်းငယ်လောက်လိုသေးတယ်”
ကောင်းဖန်ကပြန်ပြောလိုက်သည်၊
ရှုချင်းကျီထံမှပျင်းရိနေသောအမူအရာကိုတွေ့
သောကြောင့်,သူကပြောလိုက်သည်, “အကယ်၍,
ဘာမှလုပ်စရာမရှိဘူးဆိုရင်လည်း,
အအေးခန်းကိုသပ်ရပ်အောင်ရှင်းပြီးကူညီလို့ရတယ်”

….

သားရဲသားသတ်ရုံတွင်လည်း,
တောင်ပိုင်းကောင်းကင်အဖွဲ့မှဂရုတစိုက်
ကိုင်တွယ်ပေးသောသားရဲအားလုံး၏အလောင်းကောင်မျ
ားသည်ရှိနေသည်၊

စာစဉ် ၁၄

ရက်တိုင်း,
များစွာသောသားရဲအလောင်းကောင်များကဒီနေရာမှာစိ
စဥ်ရသည်၊ အသား,
အသွေး,နှင့်တခြားသောတန်ဖိုးရှိသည့်ပစ္စည်းများကို
ဆက်လုပ်လုပ်ဆောင်ရန်အတွက်
တခြားစီမံသည့်ဌာနများဆီသို့ပို့လိုက်သည်၊
ကျန်ရှိသောအရိုးများကိုကြီးမားသော
ဂိုဒေါင်ထဲတွင်သိမ်းထားသည်။

ထို့နေ့တွင်,
ဂိုဒေါင်ရှိဝန်ထမ်းများကိုတခြားတာဝန်ကျရာသို့ပြန်လည်
သတ်မှတ်လိုက် သည်၊
ဒမ်ဘီတစ်ယောက်တည်းသာဂိုဒေါင်၏အလယ်တွင်ရပ်ေ
ေသည်။

ကောင်းမွန်စွာဖြင့်မူလအခြေအနေကိုထိန်းသိမ်းထားသေ
ာအရိုးများသည်လိမ့်ကာ လျှောဆင်းကျလာပြီး,

ဂိုဒေါင်ထဲတွင်ထိုအခိုက်အတိုက်၌ဆိုးရွားသောသွေးအနံ့များဖြင့် ပြည့်နေတော့သည်။

ဒမ်ဘီကတိတ်ဆိတ်စွာဖြင့်ထိုလှောျကြီးဘေးတွင်ရပ်နေပြ ြီး, ထိုလှောျကြီး ပိတ်သွားသည့်အခါတွင်၎င်း၏လက်မောင်းကို မြှောက်လိုက်သည်။

မီးတောက်များကင၎င်း၏အရိုးများမှစ၍တဖြောက်ဖြော က်မြည်နေပြီးနောက် ဒမ်ဘီ၏လက်မောင်းတစ်လှောက်ပျံ့နှံ့သွားပြီး နောက်ဆုံးတွင်အဖြူရောင်ဖရဲသီး အရွယ်ရှိသောမီးလုံးတစ်လုံးသည်၎င်း၏လက်ဖဝါးတွင်း စုပေါင်းလာတော့သည်။

ဒမ်ဘီသည်မီးဘောလုံးကိုချက်ချင်းကွဲထွက်သွားစွာဖြင့်ပ စ်ပေါက်လိုက်သည်၊

စာစဉ် ၁၄

ဂိုဒေါင်သည်
သင်္ချိုင်းဂူတစ်ခုကဲ့သို့တိတ်ဆိတ်သွားပြန်သည်၊

အချိန်အတော်ကြီးကြာပြီးနောက်တွင်အရိုးစုအပုံလိုက်ြ
ြီးမှတချောက်ချောက်မြည်သံ
များထွက်ပေါ်လာတော့သည်၊
အဖြူရောင်မီးတောက်များကရုတ်တရက်၎င်းတို့ထံမှ
ပေါ်ထွက်လာသည်။

အရိုးများကအရိုးပုံကြီးမှလျှောဆင်းလာပြီး,
အဖြူရောင်မေးကြောအရိုများမှသူတို့၏
သွားများအချင်းချင်းဆူညံစွာဖြင့်တခေါက်ခေါက်မြည်နေ
တော့သည်။

ထောင်ပေါင်းများစွာသောအရိုးစုများသည်
ဂိုဒေါင်ထဲတွင်ပြန်၍အသက်ရှင်လာခဲ့သည်။

စာစဉ် ၁၄

ဂိုဒေါင်၏မျက်နှာကျက်တွင်တပ်ထားသောစောင်ကြည့်
ကင်မရာသည် ပျက်မသွားခင်
နှစ်ကြိမ်လောက်မီးလင်းသွားသေးသည်၊
သားသတ်ရုံ၏စောင့်ကြည့်ခန်းထဲရှိ ကြီးကြပ်သူ
ကအေးစက်စွာဖြင့်ပြောလိုက်သည်,
“အခုမင်းကဘာမှမမြင်ခဲ့သလို ဟန်ဆောင်နေရမယ်၊
အခုချိန်ကစပြီး,
အဲ့အရာကသားသတ်ရုံထဲကိုဝင်သွားပြီဆိုတာနဲ့
စောင့်ကြည့် ကင်မရာတွေကိုပိတ်လိုက်၊
ငါပြောတာရှင်းရဲ့လား?”

လုံခြုံရေးအစောင့်ကနာခံစွာဖြင့်ခေါင်းညိတ်လိုက်သည်။

သူ့မိန်းမကတောင်ပိုင်းကောင်းကင်အဖွဲ့တွင်အလုပ်ရှိပြီး,
သူ့သမီးကလည်းအဖွဲ့က
စပွန်ဆာပေးထားသောသူငယ်တန်းကျောင်းတွင်တက်ေ
ေသည်၊

စာစဉ် ၁၄

သူ့အထက်လူကြီးကို မလိုက်နာဘဲမနေနိုင်ပါ၊

ဂိုဒေါင်ထဲတွင်,
ဒမ်ဘီသည်၎င်း၏အနက်ရောင်အရိုးလက်ချောင်းများကို
ဆန့်တန်းလိုက်ပြီး
၎င်းတို့ကိုအတူတကွအတူတကွကပ်ချလိုက်သည်။

ရုတ်တရက်ဆိုသလိုပင်,
ပြန်လည်အသက်ဝင်လာသောအရိုးစုများသည်မြေပြင်ေ
ေါ်သို့ ပြန်၍ပြိုကျသွားတော့သည်၊
အဖြူရောင်မီးတောင်များသည်၎င်းတို့အရိုးများမှ
ထွက်လာပြီးဒမ်ဘီ၏ခန္ဓာကိုယ်မှစုပ်ယူသွားသည့်မီးလုံးပြ
ြီးတစ်လုံးအဖြစ်လေထဲတွင် ရွေ့လျားသွားသည်။

မီးကင်း၏မျက်အိမ်များထဲတွင်ဆက်၍တောက်လောင်
နေပြီး ဒမ်ဘီ၏ခန္ဓာကိုယ်ထဲ၌
ခိုက်ခိုက်တုန်မှုကဖြတ်ပြေးသွားသည်။

စာစဉ် ၁၄

ငင်း၏သွေးကြောမျှင်နှလုံးသည်
သူ၏ရင်ဘတ်တွင်ပြင်းထန်စွာခုန်လှုပ်နေသည်။

ခဏအကြာတွင်ဒမ်ဘီသည်တည်ငြိမ်သွားပြီး,
ငင်း၏အရိုးများသည်အရင်ကထက်ပိုပြီး
တောက်ပလာသည်။

ဒမ်ဘီကြည့်ရသည်မှာမည်သည့်အရာကြောင့်နဲ့မှစိတ်ည
စ်နေပုံမပေါ်ပေ။
ငင်းကအနီရောင်အနီရောင်ခလုတ်ကိုနှိပ်လိုက်ပြီး
ကျန်ရှိနေသည့်အရိုးအပုံလိုက်ကြီး
ကိုသားသတ်ရုံထဲရှိလှျောကြီးဘေးတွင်ချန်ထားခဲ့ကာထွ
က်လာသည်။

မိနစ်နှစ်ဆယ်ကြာပြီးနောက်,
သားသတ်ရုံရှိလှျောထိပ်ကပွင့်လာပြီး အသစ်သောအရိုး
အပုံလိုက်သည်သားသတ်ရုံထဲသို့လှျောကျလာတော့သ
ည်။

စာစဉ် ၁၄

ခေတ်ခွဲခန်းထဲတွင်တစ်ခုခုကအော်ဟစ်နေသည်၊
ကောင်းဖန်ကသူဖတ်နေသည့်
မဂ္ဂဇင်းစာအုပ်ကိုချလိုက်ပြီး
ခေတ်ခွဲခန်းတံခါးကိုတွန်းဖွင့်လိုက်သည်။

အတွင်းထဲတွင်
ခရမ်းရောင်ပုံရိပ်ကလေထဲတွင်စက်ဝိုင်းပုံစံလှည့်ပတ်နေပြ
ီး
ကျယ်လောင်သောစူးရှသည့်အော်သံကိုပြုလုပ်နေသည်။

ကောင်းဖန်ကမျက်မှောင်ကြုတ်လိုက်ပြီး,
ထိုအသံကသူ့နားထဲတွင် နားမခံသာ ဖြစ်နေသည်။

"တဒ္ဓီ,ရပ်လိုက်"

ပုံရိပ်ကလေထဲမှရပ်နားသွားသည်၊
စူးရှသည့်အော်သံကလည်းတိတ်သွားတော့သည်။

စာစဉ် ၁၄

[မကောင်းဆိုးဝါးအမည်]–
အတောင်ခြောက်ခုမိုးကြိုးကင်းခြေများ

[မကောင်းဆိုးဝါးအဆင့်]–အဆင့်၂၈

[မကောင်းဆိုးဝါးအဆင့်အတန်း]–ထူးခြားအဆင့်အတန်း

[မကောင်းဆိုးဝါးစွမ်းရည်]–လျှပ်စီး

[မကောင်းဆိုးဝါးကျွမ်းကျင်မှု]–
မိုးကြိုးကျွမ်းကျင်မှုအဆင့်၂

[မကောင်းဆိုးဝါးအားနည်းချက်]–၎င်း၏နှလုံးသည်
၎င်း၏သတ္တမမြောက်ခန္ဓာကိုယ်
အစိတ်အပိုင်းတွင်ရှိသည်၊ထိုနေရာကိုရိုက်မိသွားသည်နှင့်
၎င်း၏ခန္ဓာကိုယ်တစ်ခုလုံး
ခြေလက်အင်္ဂါများသည်ထုံကျင်သွားမည်ဖြစ်သည်။

[ထူးခြားသောသွင်ပြင်လက္ခဏာများ]–
မိုးကြိုးတောင်ပံများ (တုန်လှုပ်မှုမရှိသော

စာစဉ် ၁၄

သက်ရောက်မှု၁;
၎င်း၏အရှိန်သည်လျင်မြန်လာပြီးအတောင်ပံရိုက်ခတ်မှုကြ
ြိမ်နှုန်း
ကိုတိုးစေကာ၎င်း၏အတောင်ပံများဖြင့်မိုးခြိမ်းသံများထွ
က်စေခြင်းဖြင့် ရန်သူများ၏
အာရုံများကိုထိလိုက်နိုင်သည်အထိသက်ရောက်နိုင်သည်၊
ဆူညံမှု၏သက်ရောက်မှု
သည်၎င်း၏တောင်ပံရိုက်ခတ်မှုကြိမ်နှုန်းပေါ်တွင်မူတည်
သည်။)

(တုန်လှုပ်မှုမရှိသောသက်ရောက်မှု၂:
မိုးကြိုးတောင်ပံများသက်ရောက်မှုသည်
သားရဲ၏အတောင်ပံများကိုတဖြည်းဖြည်းအားပြင်းလာေ
ေသည်၊ ပထမဆုံး,
၎င်းကမိုးကြိုးတောင်ပံတစ်စုံသာရှိမည်ဖြစ်သည်။
နောက်တော့, ၎င်း၏တောင်ပံသုံးစုံ သည်

စာစဉ် ၁၄

မိုးကြိုးတောင်ပံအဖြစ်ပြောင်းလဲသွားမည်ဖြစ်သည်၊ ဒီဖြစ်စဉ်သည်နဂိုအတိုင်း ပြန်မဖြစ်နိုင်ပေ၊ သားရဲ၏မိုးကြိုးတောင်ပံများသည်ပို၍တောင်အားသန်လာပြီး
တခြားသောသားရဲတောင်ပံများထက်ပို၍ထက်မြက်သည်။)

[ဒဏ္ဍာရီလာအဆင့်သို့ဆင့်ကဲတိုးမြှင့်နိုင်ခြင်းဖြစ်နိုင်ခြေမ ျားး]:၁-နဂါးသွေးဆင့်ကဲ ဖြစ်စဉ်, ၂-
မုန်တိုင်းဆင့်ကဲဖြစ်စဉ်, ၃-အမှောင်နက်ဖြစ်စဉ်, ၄-
ဘိုးဘေးပိုင်ဆင့်ကဲ ဖြစ်စဉ်။

ဆိုတော့ဒါကတဝ့ဇီရဲ့စွမ်းရည်အသစ်ပေါ့, ကောင်းဖန်ကတွေးလိုက်သည်။

သူကနီးကပ်စွာဖြင့်တဝ့ဇီနောက်ကျောရှိအတောင်ပံများကိုလေ့လာနေသည်၊
၎င်း၏အရှေ့အတောင်အစုံသည်ကျန်သောအရာများနှင့်

အတော်လေးကွာခြားသည်၊
၎င်း၏အခြားအတောင်များသည်ကျည်လင်နေပြီး
လက်တစ်ချောင်းလောက်ထူကာ,
သူတို့ကနူးညံ့ပြီးပျော့ပြောင်းသည့်အရာနှင့်လုပ်ထားသ
လိုဖြစ်နေသည်။

သို့သော်,၎င်း၏အရှေ့ပိုင်းတောင်ပံတစ်စုံသည်ရွှေရောင်ေ
ောက်ပနေသည်၊
အတောင်များ၏အစွန်းပိုင်းနှင့်အလယ်ရှိအကြောများသ
ည် ရွှေရောင်အလင်းတောက်ပ နေပြီး
ကျန်သောအတောင်များကတော့ဖောက်ထွင်းမြင်ရသည်
။

တာ့ဇီအလုံးစုံပေါ်ပေါက်လာမှုသည်
အများကြီးပြောင်းလဲသွားသည်၊ ၎င်း၏နှုတ်သီး
လေးများသည်ပိုပြီးကျစ်လျစ်သွယ်လျာပြီးအရင်ကထက်

စာစဉ် ၁၄

ပို၍ထက်ရှလာကာ,
ရှည်လျားသောတံစဉ်အစုံလိုက်ကဲ့သို့ဖြစ်နေသည်။

ထို့နောက်၎င်း၏မျက်လုံးများသည်အေးစက်နေပြီးအန
က်ရောင်ဖြစ်နေသည်။ ၎င်း၏
ဦးမျှင်များသည်ကောင်းမွန်စွာရှည်လျားဖွံ့ဖြိုးလာသည်၊
ဆူးထစ်များသည်တာ့ဇီ
ခြေထောက်ရှိအဆစ်များကြားထဲမှထွက်လာသည်၊
၎င်း၏ခန္ဓာကိုယ်သည်ယခုတွင် ပိုပြီးတောင်ရှည်လာပြီး
အရင်ကထက်ပို၍လှပကြော့ရှင်းလာသည်။

"ကြည့်ကောင်းတယ်, တာ့ဇီ"
ကောင်းဖန်ကပြောလိုက်သည်။

တာ့ဇီကရင်း၏နှုတ်သီးစွယ်လေးများကိုပျော်ရွှင်စွာဖြင့်
ဖျောက်ခနဲမြည်စေလိုက်သည်၊
ယခုအခါတွင်သူ့ခန္ဓာကိုယ်အနှံ့စွမ်းအားများတိုးလာခဲ့သ

ည်၊ကောင်းဖန်၏အသန်မာဆုံး
ကိုယ်ပိုင်သားရဲဖြစ်လာမှာအသေအချာပင်ဖြစ်သည်။

ထို့နောက်,သူ့ကိုယ်သူဘယ်လောက်လေးလံသည်ကိုသ
တိမထားမိဘဲ ကောင်းဖန်ပေါ်သို့ခုန်တက်လိုက်သည်၊

ဘန်း!

ကောင်းဖန်သည်တာ့ဇီကြောင့်မြေပြင်ပေါ်တွင်လုံးလုံးပြာ
းကပ်နေတော့သည်။

ဒါကရှုချင်းကျီခေတ်ခွဲခန်းထဲဝင်လာသည်နှင့်မြင်လိုက်ရ
သည့်မြင်ကွင်းဖြစ်သည်။

# စာစဉ် ၁၄

## *အပိုင်း ၂၂၂ ရုပ်လိုက်!*

“မင်းရဲ့သားရဲကမင်းကိုအတော်လေးကြိုက်တာဘဲ” ရှူချင်းကျီကပြုံးကာပြောလိုက်သည်၊ ထိုအဖြစ်အပျက်သည်အရင်ကသူမဖြစ်သည်နှင့်အတော်လေးဆင်တူလှသည်။

ကောင်းဖန်ကတာ့ဇီကိုဘေးဘက်သို့ကြိုးစားတွန်းလိုက်သည်၊ “ဒီငတိလေးက သူ့ဆင့်ကဲဖြစ်စဉ်ပြီးသွားတော့နည်းနည်းလေးစိတ်လှုပ်ရှားသွားလို့၊ ကောင်းပြီ, ငါ့ပေါ်ကဖယ်လို့ရပြီ” သူကပြောလိုက်ပြီး, တာ့ဇီ၏အတောင်များကိုပုတ်လိုက်သည်။

ရှူချင်းကျီကလက်တစ်ဖက်ဖြင့်သူမပြုံးနေတာကိုဖုံးလိုက်သည်။

မျက်လုံးနဲ့တွေ့တာထက်တာ့ဇီ၏လက်ရှိပုံစံကပိုမိုက်တယ်လို့ သူမခံစားမိသည်။

"ငါအအေးခန်းကိုရှင်းလင်းပြီးသွားပြီ၊ ဒါကမင်းငါ့ကိုလုပ်ပေးစေချင်တာအကုန်ဘဲ လား?" သူမမေးလိုက်သည်။

" ကျွန်တော့်ကိုမက်မွန်သီးမြွားနက်ပေးပါ, အဆိပ်ရှိတဲ့အသီးဖားတစ်ကောင်ရဲ့အဆိပ်ရှိတဲ့ ဂလင်း…"

ကောင်းဖန်ကစ၍များစွာသောပစ္စည်းများ၏နာမည်များကိုသူမအားရွတ်ပြ လိုက်သည်။

ရှုချင်းကျီကခေါင်းညိတ်ကာလှည့်လိုက်ပြီးကောင်းဖန်၏ပစ္စည်းများကိုရေခဲခန်းမှ သွားယူလိုက်သည်။

ကောင်းဖန်ကအနက်ရောင်အရောအနှောများဖြင့်ဖြည့်ထားသောပုလင်းတစ်လုံးကို

ဖော်စပ်ရန်ပါဝင်ပစ္စည်းများကိုအသုံးပြုခဲ့သည်၊ အားလုံးပြီးသွားသောအခါတွင် သူသည် နောက်ဆုံးထုတ်ကုန်ကိုသေတ္တာတစ်ခုအတွင်းသို့ထည့်ကာ ဓာတ်ခွဲခန်းမှထွက်လာ လိုက်သည်။

"ကျွန်တော့်တို့ဒီနေ့အတွက်ကတော့ပြီးပြီ၊ ခင်ဗျားတာဝန်ကျတဲ့နေရာကိုပြန်သွားလို့ရပြီ.. ပြီးတော့, ကျွန်တော်ဒီနေ့ခင်ဗျားရဲ့ဝန်ဆောင်ခအတွက်လုပ်ခပေးသင့်လား?" ကောင်းဖန်ကကို့ရှို့ကားရားမေးလိုက်သည်။

ရှုချင်းကျီကသူ့မျက်ခုံးကိုပင့်လိုက်ပြီး "အဖွဲ့ကအဲ့တာကိုလုပ်ပါလိမ့်မယ်၊ သေချာတာက, အကယ်၍မင်းကငါ့ကိုလုပ်ခပေးချင်တယ်ဆိုလည်းရပါတယ်"

ကောင်းဖန်ကချောင်းဆိုးလိုက်ပြီး သူ့နောက်တွင်လက်နှစ်ဖက်ကိုယှက်လိုက်ကာ

စာစဉ် ၁၄

အဝေးသို့ထွက်ခွာသွားတော့သည်၊ “တာ့ဇီ, ငါတို့သွားရအောင်”

သူ၏စမ်းသပ်မှုပြီးဆုံးသွားပြီးနောက်, ကောင်းဖန်သည်တလောကဖမ်းဆီးလာသည့် မြေအောက်မြောင်းထဲမှအမှောင်ဒိုဒါနွယ်ကိုသတိရမိသွား သည်၊ သူကရင်းကို သတ္တုသေတ္တာထဲသို့ထည့်ကာလဝက်ကြာလောက်သိမ်း ထားခြင်းဖြစ်တာကြောင့်, ၎င်းကအခုလောက်ဆိုတည်ငြိမ်သွားလောက်ပြီဖြစ်သည် ။

သတ္တုသေတ္တာသည်ဗီလာ၏မြေအောက်ခန်းထဲတွင်ထား ထားခြင်းဖြစ်သည်။ ကောင်းဖန်သည်အရာရာရှုပ်ထွေးနေသောမြေအောက်ခ န်းလှေကားအတိုင်းဆင်းလာ လိုက်သည်၊

စာစဉ် ၁၄

သတ္တုသေတ္တာသည်မြေအောက်ခန်း၏ထောင့်တစ်ခုတွင်ရှိနေသည်။

အထဲမှာဘာဘဲရှိရှိအလေးချိန်ကတော့သိပ်မရှိပေ၊ ကောင်းဖန်က သူကိုယ်တိုင်မြေအောက်ခန်းထဲမှသယ်လာခဲ့သည်။

သူကတစ်ခုလုံးကိုဗီလာထဲမှထုတ်လာလိုက်ပြီး, ၎င်းကိုရေကန်ဘေးတွင်ဖွင့်လိုက်သည်၊

ဒီမှာ,
ကောင်းဖန်ထိုဒိုဒါပင်ကိုယူလာကတည်းကရယ်ရသည်ဟုခံစားရသည်၊ သတ္တုသေတ္တာထဲတွင်တော့, နွယ်ပင်ကရှည်လျားသည့်ကြိုးတစ်ချောင်းလိုလဲလျောင်းနေသည်။

“မင်းသေသွားပြီလား?”
ကောင်းဖန်ကအမှောင်ဒိုဒါနွယ်ပင်ကိုအော်လိုက်သည်။

စာစဉ် ၁၄

ငင်းကတုန့်ပြန်မှုမရှိပေ။

ကောင်းဖန်ကအံ့သြသွားတော့သည်။ သို့သော်, သူကငင်းကိုထိကြည့်ဖို့မကြိုးစားကြည့် ပေ။ ငင်းကအပင်အမျိုးအစားသားရဲမျိုးသာဖြစ်ပြီး, ငင်းကသားရဲတစ်ကောင်ဖြစ်ကာ, ထိုကဲ့သို့ရိုင်းသောသားရဲများကိုနှိုးဆွနိုင်သည့်အကြောင်းကိုသူကောင်းကောင်းသိ သည်။

"တာ့ဇီ" ကောင်းဖန်ကအော်လိုက်သည်။

အနီးအနားရှိထင်ရှူးပင်မှလျှပ်စီးကြောင်းများထွက်လာသည်၊ တာ့ဇီသည်ကောင်းဖန်အနားတွင်ပေါ်လာပြီးငင်း၏အတောင်များမှတဝီဝီမြည်ေ ေသောအသံသည်လေထုထဲ တွင်ပြည့်နေသည်။

တာ့ဇီကစူးစမ်းစွာဖြင့်သေတ္တာနားသို့ချဉ်းကပ်လာပြီး အထဲတွင်ရှိနေသောဒိုဒါနွယ်ကို ကြည့်လိုက်သည်။

စာစဥ် ၁၄

“ခရစ်?”

“မင်းစားချင်ရင်စားလို့ရတယ်”

ကောင်းဖန်ကပြောလိုက်သည်။

တာ့ဇီကသူ့ခေါင်းကိုယမ်းလိုက်သည်၊ အသေကောင်နွယ်ပင်ကဲ့သို့သောအရာကို စိတ်မချမ်းသာစွာဖြင့်ကြည့်နေသည်။

“အကယ်၍မင်းဒါကိုစားမယ်ဆိုရင် မင်းကိုလမ်းလျှောက်ဖို့ခေါ်သွားပေးမယ်” တာ့ဇီ၏ မျက်လုံးများကပင့်တက်လာသည်။

၎င်းကအမှောင်ဒိုဒါနွယ်အားတုံ့ဆိုင်းမှုမရှိဘဲ ကိုက်ချလိုက်သည်။

သတိပေးမှုမရှိဘဲ, အမူအရာမဲ့နေသောအပင်က၎င်းကိုဖြန်းကနဲရိုက်လိုက် သည်။

စာစဉ် ၁၄

တာ့ဇီကခြေလှမ်းအနည်းငယ်လောက်နောက်သို့ဆုတ်လိုက်ပြီး, တွန့်လူးနေသော အပင်ကိုဒေါသထွက်စွာဖြင့်စိုက်ကြည့်နေသည်။

အများစုသောသားရဲများသည်သူတို့လန့်ဖြတ်သွားသော အခါများတွင်အတော်လေး ရန်မူတတ်ကြသည်။

အမှောင်ဒိုဒါနွယ်သည်မြွေတစ်ကောင်ကဲ့သို့သတ္တုသေတ္တ ာထဲမှလျှော၍ထွက်လာ သည်။ အရွက်များသည်ချွန်ထက်သောဓားသွားများကဲ့သို့၎င်း၏ ခန္ဓာကိုယ်တွင် အတူတကွလုံးထွေးနေကြသည်။

တာ့ဇီကၡင်းကိုငုံ့ကြည့်လိုက်သည်။ အပင်သည်ဓားနှင့်တူသောအရွက်များသည် တာ့ဇီ၏ခန္ဓာကိုယ်ကိုပွန်းစေပြီး, နားမခံနိုင်သောအသံကိုပေးနေသည်။

ထို့နောက်တာ့ဇီသည်သူ၏သွားများကိုအမှောင်ဒိုဒါနွှယ်ဆီသို့နစ်မြှုပ်လိုက်သည်၊

ထို့နောက်ကောင်းဖန်သည်ကင်းခြေများကိုတိုက်ခိုက်မှုမှ ရပ်ရန်အတွက်အမိန့်ပေးလိုက် သည်။

အမှောင်ဒိုဒါပင်ကဲ့သို့ရိုင်းသောသားရဲများသည်ယဉ်ကျေးလာဖို့အတွက်တကယ်ခက်ခဲ သည်။

ထိုကဲ့သို့ကို့ရို့ကားရားချဉ်းကပ်မှုမျိုးကိုမသုံးဘဲ ကောင်းဖန်သည်၎င်းကိုအနိုင်ယူ နိုင်လိမ့်မည်မဟုတ်ပေ။

အပင်အမျိုးအစားသားရဲများသည်သူတို့၏သာမန်ထက် သာလွန်သောအင်အားကောင်းသည့်စွမ်းရည်ရှိသည်။

၎င်းတို့ထဲမှအများစုသည် နှစ်ရက်အတွင်းကျိုးနေသောခြေလက်များပြန်ကြီးထွားေ ေါက်လာကြသည်။

အမှောင်ဒိုဒါနွှယ်သည်အခုတွင် သစ်ရွက်ကဲ့သို့တုန်လှုပ်နေသည်။ တာ့ဇီသည်၎င်းဆီသို့

စာစဉ် ၁၄

ဦးတည်ရွေ့လျားလာသည်ကိုမြင်သောအခါဒင်းကလျှင်မြန်စွာဖြင့်လျောတိုက်ကာ အဝေးသို့ထွက်ပြေးတော့သည်။

ကောင်းဖန်ကမျက်မှောင်ကြုတ်လိုက်သည်၊ ပထမဆုံး,သူကအမှောင်ဒိုဒါကို သူ့အဖွဲ့၏အစိတ်အပိုင်းတစ်ခုဖြစ်လာအောင်ထိန်းကျောင်းဖို့စဉ်းစားခဲ့သည်၊ သူ့အမြင်အရ, ရန်သူအားမီးဖြင့်ပစ်ခြင်း, ကောင်းကင်မှပံ့ပိုးပေးခြင်းနှင့်ရှည်လျားသော တာဝေးစွမ်းအားများဖြင့် ကဏ္ဍပေါင်းစုံဖွဲ့စည်းလွှမ်းခြုံထားသောအဖွဲ့ကောင်းတစ်ခု ဖြစ်စေချင်သည်။

အခုတော့, ကောင်းဖန်ကအမှောင်ဒိုဒါသည်သူ့အဖွဲ့ရှိနေရာတစ်ခုနှင့် ပင်ထိုက်တန်သည် ဟုမထင်တော့ပေ၊

စာစဉ် ၁၄

၎င်းကတခြားသားရဲများနှင့်ယှဉ်လျှင်အဆင့်ရော အဆင့်အတန်းပါအရမ်းအားနည်းသည်။

သို့တိုင်ကောင်းဖန်သည်အမှောင်ဒိုဒါနွယ်၏စွမ်းရည်ကို ဆွဲထုတ်နိုင်သည်ဟုယုံကြည်နေ သေးသည်၊ ၎င်းကိုသူထိန်းချုပ်နိုင်ဖို့ဘဲလိုတာဖြစ်သည်။

"ငါတို့အခုတော့ဒီကောင်ကိုစမ်းသပ်တဲ့အရာတစ်ခုအနေ နဲ့ဘဲသိမ်းထားလို့ရမယ်၊ အဲ့ကောင်ကိုထိန်းချုပ်သွားနိုင်ရင်တော့ အဘိုးကိုတခြားတစ်ယောက်ဆီပေးခိုင်းလိုက် မယ်၊" တဲ့ဇီကိုအမှောင်ဒိုဒါကိုသေတ္တာထဲသို့ပြန်ထည့်ဖို့အတွက် အမိန့်မပေးခင်ပြော လိုက်သည်။ သူကသတ္တုသေတ္တာကိုသော့ခတ်လိုက်ပြီး ခတ်ခွဲခန်း၏အအေးခန်းထဲရှိ နေရာတွင်ထားလိုက်သည်။

စာစဉ် ၁၄

ထိုညတွင်, ဒမ်ဘီကသားသတ်ရုံမှအိမ်သို့ပြန်လာခဲ့သည်၊ ကောင်းဖန်က ၎င်း၏အရိုးများသည်တစ်ယောက်ယောက်ကအရောင်တင်ပြုပြင်ပေးလိုက်သလိုမျိုး, ယခုတွင်တောက်ပနေသည်။ ပြီးနောက်ဒမ်ဘီသည်အဆင့်၃၃သို့ရောက်နေသောကြောင့်လည်း အံ့သြသွားရသည်။

ထို့ကြောင့် ဒီမှန်ကန်သောနည်းလမ်းဖြင့်ဘယ်လောက်ထိအဆင့်တက်သွားနိုင်မလဲ ဆိုတာသူတွေးနေမိသည်။

သို့သော်, ကောင်းဖန်လုပ်တဲ့နည်းအတိုင်းလူတိုင်းကသူတို့၏သားရဲများကို မမြှင့်တင်နိုင်ပေ၊ အမှန်တော့လူအများစုသည်သူကဲ့သို့သားသတ်ရုံကိုဝင်ေ ောက်ခွင့် မရှိပေ။

စာစဉ် ၁၄

“ဒီနှုန်းအတိုင်းဆိုရင်,
ဒမ်ဘီကကမ္ဘာ့လူငယ်လေ့ကျင့်သူချန်ပီယံပြိုင်ပွဲမတိုင်ခင်
မှာ ဧကရာဇ်အဆင့်ထိရိုက်နိုင်လောက်တယ်…”
ကောင်းဖန်၏ရင်ထဲတွင်ရှိသော
စိတ်လှုပ်ရှားနေမှုများကပွက်ပွက်ဆူလာတော့သည်။

ချန်ပီယံလုပွဲနေ့ကနီးကပ်လာပြီဖြစ်သည်။

ညနေပိုင်းခြောက်နာရီထိုးပြီးလို့မိနစ်အနည်းငယ်ရှိပြီဖြစ်
သည်။ ကောင်းဖန်က
ရုတ်တရက်အချိန်အတော်ကြာသူ့တက္ကသိုလ်အဆောင်၌
မအိပ်မိကြောင်းသိသွားသည်၊
သူ၏ညအများစုကိုအဘိုးအိမ်၌သာကုန်ဆုံးခဲ့သည်။

အဘိုးကအိမ်ပြန်မလာသေးဘူး၊
ဒီနေ့မွန်းလွဲပိုင်းတွင်ယွိကျိုးသို့အရေးတကြီး
အလုပ်ကိစ္စဖြင့်ထွက်သွားပြီးနဂါးဖြူကိုပင်သူနှင့်အတူခေ
ါ်သွားသည်။

စာစဉ် ၁၄

ကောင်းဖန်ကထိုညတွင်သူ၏အိပ်ဆောင်၌အိပ်မည်ဟုဆုံ
းဖြတ်လိုက်သည်။

သူ့အဆောင်မှာမအိပ်ဘဲနေလျှင်ပိုက်ဆံကိုသုံးဖြုန်းနေရာ
ရောက်သွားမည်, သူက
ငင်းအတွက်ပေးချေပြီးသားဖြစ်သည်။

ကောင်းဖန်ကကားဂိုဒေါင်သို့သွားလိုက်သည်၊
ကားဂိုဒေါင်တံခါးကဖြည်းဖြည်းချင်း ပွင့်လာပြီး,
မျက်နှာကျက်ပေါ်မှမီးရောင်များတဖျတ်ဖျတ်လင်းလာ
ကာ ဂိုဒေါင်ထဲတွင်
မထိဘဲထားထားသောတန်ဖိုးကြီးကားများပေါ်လာသည်
။

သူသည်
အောတရိမ်းကားကိုဂိုဒေါင်ထဲမှထုတ်လိုက်သည်၊
သူဗီလာဂိတ်ကိုကျော်၍ မောင်းလာပြီး,
သူ့ရှေ့တွင်ပုံရိပ်တစ်ခုကပေါ်လာသည်။

စာစဉ် ၁၄

ဂိုဒီကအဝါရောင်အမွေးကုတ်အင်္ကျီကိုဝတ်ထားပြီး ကောင်းဖန်၏ကားရှေ့တွင် လေးနက်စွာဖြင့်ရပ်နေသည်။

သူကခေါင်းကိုပြတင်းပေါက်မှထုတ်လိုက်ပြီးပြောလိုက်သည်, "ဂိုဒီ, မင်းဒီမှာ ဘာလုပ်နေတာလဲ?"

ဂိုဒီက
တဂတ်ဂတ်အော်မြည်မှုကကောင်းဖန်၏ခေါင်းထဲတွင်ပဲ့တင်ထပ်နေသည်၊ "သခင်, ရပ်လိုက်!"

စာစဉ် ၁၄

## *အပိုင်း ၂၂၃*

အဝါရောင်ဘဲတစ်ကောင်သည်ကောင်းဖန်ကိုစူးရဲစွာဖြင့် စိုက်ကြည့်နေသည်၊
အဝါရောင်အမွေးကုတ်အင်္ကျီမှမီးခိုးရောင်အမွေးအချို့ထွက်နေသည်။

ကောင်းဖန်ကတံခါးကိုဖွင့်ပြီးဂိုဒီကိုဝင်ခိုင်းလိုက်သည်။

သို့သော်,
တံခါးကငင်းအတွက်တော့အရမ်းမြင့်လွန်းနေသည်။
ဂိုဒီကအကြိမ်ကြိမ်
ကားပေါ်သို့တက်ဖို့ကြိုးစားပေမယ့်,အဆုံးမှာတော့နောက်သို့သာပြန်၍လှန်ကျသွား တော့သည်။
၎င်း၏အဝါရောင်အမွေးကုတ်သည်ယခုတွင်တော့ညစ်ပတ်သွားတော့ သည်။

စာစဉ် ၁၄

“ဂတ်!”

ဂိုဒီကဒေါသထွက်စွာဖြင့်ကားတံခါးကိုကန်လိုက်သည်။

ကောင်းဖန်ကသူ့မျက်လုံးကိုမှေးလိုက်ပြီး ချိုင့်ခွက်သွားသောကားတံခါးကိုကြည့်၍ ခက်ထန်စွာဖြင့်ပြောလိုက်သည်, “ထပ်ကန်လိုက်စမ်း, ငါမင်းရဲ့ကုတ်အင်္ကျီကိုပြန်ယူ ပစ်မယ်!”

ဂိုဒီကတောင်းပန်သည့်အကြည့်ဖြင့်သူ့ကိုကြည့်လာသည်၊ “ဂတ်!”

ဂိုဒီကအဆင့်နှစ်ခုကိုရသွားပြီဖြစ်ကာ, ယခုတွင်အဆင့်၁၆ဖြစ်သည်။ ပြီးနောက်, ၎င်းကသုံးပေလောက်ရှည်လာပြီး, ကောင်းဖန်၏ပုခုံးနားရောက်ရုံမျှသာရှိသည်။

ဂိုဒီအတွက်သူဝယ်ပေးခဲ့သောအမွေးကုတ်သည်, နဂိုအရောင်ကကိုအဝါရောင် တောက်ပနေခြင်းဖြစ်သည်။

## စာစဉ် ၁၄

သို့သော်, လပိုင်းလောက်ဝတ်ဆင်ပြီးနောက်, ၎င်းအပေါ်တွင်ညစ်ပေမှုအလွှာလိုက်ရှိနေသည်။

ကောင်းဖန်ကသူ့ကိုကြည့်နေသည်အားသတိထားမိပြီး, ဂိုဒီကသူ့ကိုကျယ်လောင်စွာ ဂတ်ခနဲအော်လိုက်သည်။

၎င်းဂတ်ဆိုသည်ကကောင်းဖန်၏ခေါင်းထဲတွင်စကားလုံးတစ်လုံးအဖြစ်ဘာသာပြန် ဆိုသွားသည်၊ “သွား!”

ကောင်းဖန်ကဂတ်ခြေနင်းကိုနင်းလိုက်ပြီး ကားသည်ဝူးခနဲအိမ်ထဲမှထွက်သွားလေ သည်။

ဒီလိုအရှိန်မျိုးတစ်ခါမှမကြုံဖူးသေးသော ဂိုဒီသည်အတွေ့အကြုံကြောင့်အလွန်ရင်ဖို နေသည်။၎င်းကသူ့ခေါင်းကိုပြတင်းပေါက်မှထုတ်လိုက်ပြီ း လေထဲတွင်ပျော်ရွှင်စွာဖြင့် တဂတ်ဂတ်အော်နေသည်၊ ၎င်း၏ခေါင်းစွပ်ကကျွတ်သွားပေမယ့်, ဂိုဒီက

အရမ်းစိတ်လှုပ်ရှားနေသောကြောင့် ထိုအခိုက်အတန့်ကိုဂရုမစိုက်မိပေ။

သူတို့တက္ကသိုလ်သို့ရောက်တော့, ကောင်းဖန်ကားပေါ်မှဆင်းရန်ယိုင်တိုင်တိုင် ဖြစ်နေသောဂိုဒီအတွက်တံခါးကိုဖွင့်ပေးလိုက်ပြီး, ၎င်း၏မျက်နှာကလည်းစိတ်လှုပ်ရှားမှုကြောင့်လန်းဆန်းနေသည်။ ၎င်းကယက်ကန်ယက်ကန်ဖြင့်ကောင်းဖန်ဆီသို့လျှောက်သွားလိုက်ပြီး,၎င်း၏အတောင်များဖြင့်ကောင်းဖန်၏ခြေထောက်ကိုဖက်လိုက် သည်၊ “နောက်တစ်ခေါက်ထပ်သွားရအောင်လေ!”

“နောက်တစ်ကြိမ်မှ” ကောင်းဖန်ကဂိုဒီကိုတွန်းလိုက်သည်၊ “လာခဲ့, နောက်ကျနေပြီ”

စာစဉ် ၁၄

"ကောင်းဖန်?" မမျော်လင့်စွာဘဲ သူ့နောက်မှအသံတစ်သံထွက်လာသည်။

ကောင်းဖန်လှည့်ကြည့်လိုက်တော့ ကားတံခါးကိုပိတ်ကာသူ့ကိုထူးဆန်းစွာ ကြည့်နေသည့်ရှုချင်းကျီကိုတွေ့လိုက်ရသည်။ "မင်းတကယ်ဖြစ်နေတာဘဲ၊ ငါခဏလောက်ကြောင်သွားတယ်"

ကောင်းဖန်ကပြုံးလိုက်သည်၊ ထို့နောက်,အဝါရောင်အမွေးကုတ်ဝတ်ထားသော ဘဲသွားသွားလာသည့်ဘဲတစ်ကောင်ကသူ့နောက်မှထွက် လာသည်။

ရှုချင်းကျီမျက်လုံးများကကောင်းဖန်၏ဘဲကိုမြင်သည်နှင့် ပြူးကျယ်သွားတော့သည်။ သို့သော်,ဂိုဒီ၏ပြောင်နေသောခေါင်းနောက်မှထူးဆန်းေ ေသအပြာရောင်အမှတ်များ ကိုတွေ့သောအခါ,

စာစဉ် ၁၄

သူကလျင်မြန်စွာဘဲသူမပြောချင်သည့်စကားကိုပြောင်းလဲ၍ ပြောလာသည်၊

“ဒါကမင်းရဲ့သားရဲတွေထဲကတစ်ကောင်လား? အတော်လေး.... သနားစရာကောင်းတာဘဲ, ဒီလောက်အသက်ငယ်ငယ်လေးမှာအမွေးတွေဆုံးရှုံးသွားရတယ်လို့” သူမကစာနာစွာဖြင့်ပြောလိုက်သည်။

ကောင်းဖန်ကရယ်ချင်နေမှုကြောင့်သီးသွားခြင်းကိုကြိုးစားး၍ထိန်းလိုက်ပြီး, ၎င်း၏ ခေါင်းနောက်မှခေါင်းစွပ်ကိုဆွဲလိုက်သည်၊

“မင်းခေါင်းစွပ်ကိုစွပ်ထား၊ အခု မင်းခေါင်းပြောင်ကိုတခြားသူတွေမမြင်အောင်လို့ သိလား?”

ဂိုဒီကငေါ့တော့တော့ဖြင့် သူ့ကိုတဂတ်ဂတ်လုပ်နေသည်။ ဒီလူ ဘာတွေပြောနေတာ လဲ?

မင်းကငါ့ဘယ်လောက်ကြည့်ကောင်းကြောင်းပြောနေတ ာလား?

ရှုချင်းကျိုက
ကောင်းဖန်သူ့ဘဲကိုစနေသည့်အချိန်၌ပြုံးလိုက်သည်။
ဒါကတော့ထို
ကောင်လေး၏သူမအရင်ကမမြင်ဘူးသောတစ်ဖက်ခြမ်းဖြ ြစ်မည်။

"မင်းအဘိုးနေရာမှာမနေဘူးလား?"

ကောင်းဖန်၏မျက်နှာကတင်းမာသွားတော့သည်၊
အသံတိုးတိုးဖြင့်, သူကပြောလိုက် သည်,"
"ကျွန်တော်ကသာမန်လူတွေရဲ့အခက်အခဲတွေကိုအတွေ့ အကြုံရချင်လို့လေ...
အခုကျွန်တော်ဖုံးကွယ်ထားတာကိုမဖော်ထုတ်ပါနဲ့"

"အိုး, ငါသိပြီ" ရှုချင်းကျီကခေါင်းညိတ်လိုက်သည်၊ နောက်ဆုံးကောင်းဖန်ကအဝေးကို လျှောက်သွားတော့, သူမကသူဘာပြောလဲဆိုတာသဘောပေါက်လိုက်သည်၊ သာမန်လူတွေရဲ့အခက်အခဲတွေ, ငါ့ဖင*! သူမကသူ့ကိုကျိန်ဆဲလိုက်သည်။

"ချင်းဇီ, နင်စကားပြောနေတဲ့ချစ်စရာလေးကဘယ်သူလဲ? သူကနင့်ကောင်လေး လား?" ကားပါကင်နေရာအဝင်ဝမှချင်းဇီဆီသို့အပြေးလာနေသေ ာအရပ်ရှည်ရှည် မိန်းကလေးကမေးလိုက်သည်။

"မဟုတ်တာတွေ, သူကငါ့အဖေရဲ့လုပ်ဖော်ကိုင်ဖက်သားလေ" ရှုချင်းကျီက စိတ်မပါစွာဖြင့်ပြန်ပြောလိုက်သည်၊ "ငါ့အထင်တော့, တစ်ယောက်တည်းနေရတာ အရမ်းများလာလို့

ယောကျ်ားတွေအပေါ်နင့်ရဲ့အရသာခံမှုကတိုးတက်မလာဘူးနဲ့ တူတယ်”

ဒီမှာ, ငါကနင့်ကိုစိတ်ဝင်စားမှုပြပေးတာလေ,

ပြီးတော့နင်ကငါ့ကိုဒီလိုကျေးဇူးဆပ် လိုက်တယ်ပေါ့?

ရှက်စရာဘဲ!”

အရပ်ရှည်ရှည်မိန်းကလေးကပြန်ပြောလိုက်သည်။

ဂိုဒီက

ကောင်းဖန်၏အခန်းထဲတွင်သိပ်ပြီးတော့နေရာယူမထားပေ။

တခြားသောသားရဲအချို့သည်အခြားသားရဲများကဲ့သို့အမိုးအောက်တွင်မအိပ်နိုင်ကြပေ၊

အရင်ကမြင်းများနှင့်အမဲလိုက်ခွေးများလိုမျိုးကဲ့သို့ပင်,

ထိုသားရဲများသည်

၎င်းတို့ဘာသာနေထိုင်ရသည်ကိုနှစ်သက်သည်။

စာစဉ် ၁၄

သို့သော်,

ကောင်းဖန်သည်တစ်ခန်းထဲတွင်တာ့ဇီနှင့်အမြဲအိပ်သော
ကြောင့်, ထိုသို့သော ပြဿနာမျိုးမကြုံဖူးပေ။

သူနှင့်ကိုယ်ပိုင်သားရဲများအိပ်ခြင်းသည်များသောအားဖြ
င့် လုံခြုံမှုကိုပေးသည်။

တစ်ညလုံးသူတို့နှစ်ယောက်လုံးဆီမှဘာသံမှမထွက်ဘဲပြီ
းသွားတော့သည်။

နောက်တစ်နေ့တွင်,နိုးလာပြီးနောက်,
ကောင်းဖန်ကဂိုဒီကိုခေါ်ပြီးရေကန်နားသို့
ဖြေးဖြေးချင်းပြေးကြသည်။

"ငါတို့ရဲ့ခန္ဓာကိုယ်တွေကိုကောင်းမွန်တဲ့အချိုးအစားရေ
ောင်လို့တစ်ချိန်လုံး ထိန်းသိမ်းနေသင့်တယ်!"
ကောင်းဖန်ကဂိုဒီကိုတင်းမာစွာပြောလိုက်သည်။

စာစဉ် ၁၄

"မင်းဘယ်လောက်တောင်ပုလဲကြည့်စမ်း!အရပ်ကငါးပေလောက်တောင်ရှိမှာ မဟုတ်ဘူး! အလုပ်မဖြစ်ဘူးနော်! အကယ်၍မင်းအရပ်ရှည်လာချင်ရင်, မင်းအခုကစပြီးလေ့ကျင့်ခန်းလုပ်တာကောင်းတယ်၊ မင်းငါပြောတာကြားလား" တဲ့ဇီသည် အမြဲသူနှင့်အနေးပြေးဖူးပြီးတခြားသူများကိုလည်းခေါ်ပြေ ြေးဖူးသည်၊ ဒီတစ်ကြိမ်က သူဂိုဒီကိုပြေးရန်အတွက်ပထမဆုံးအကြိမ်ခေါ်ခြင်းလည်းဖြစ်သည်။

ဂိုဒီကအလေးအနက်ဖြင့်ခေါင်းညိတ်လိုက်သည်။

"ရေကန်ကိုမြင်လား?"

ကောင်းဖန်ကာဂပစတုရန်းမီတာရှိသောကျယ်သည့်ရေကန်ကို ညွှန်ပြလိုက်သည်၊

"အင်း!" ဂိုဒီကပြောလိုက်သည်။

“ဒီနားကအမှတ်အသားကိုလုပ်ပြီး
ရေကန်ကိုတစ်ခေါက်လောက်ပတ်ပြေးရအောင်”

ထို့နောက်,
ကောင်းဖန်သည်ဂိုဒီကိုကန်ပတ်လည်သို့ဦးဆောင်ပြေးသ
ည်၊
ဘဲတစ်ကောင်ကကောင်းဖန်၏နောက်မှာတဖြေးဖြေးချင
်းယက်ကန်ယက်ကန်ပြေး
နေချိန်တွင်,ဘဲ၏အမြီးကငုပ်ချည်ပေါ်ချည်ဖြစ်နေသည်။

တစ်ပတ်လောက်ရေကန်ကိုအနှေးပြေးပြီးနောက်,
ကောင်းဖန်ကလှည့်ကြည့်တော့,
ဂိုဒီသည်တည်ငြိမ်စွာဖြင့်ဘဲပြေးပြေးကာမောပန်းမှုအရိပ်
အယောင်မပြဘဲ
သူ့ဆီသို့လာနေသည်မှာနောက်တစ်ပတ်ပြေးလို့ရသလိုပ
င်ဖြစ်နေသည်ကို မြင်လိုက်ရသည်။

စာစဉ် ၁၄

၎င်း၏ရုပ်ပိုင်းဆိုင်ရာစွမ်းဆောင်ရည်ကိုများလျော့တွက်သွားမိသလား? ကောင်းဖန်က တွေးလိုက်သည်၊ ၎င်းသည်ဉာဏ်လေးနေးပုံရသော်လည်းဒဏ္ဍာရီလာအဆင့်သားရဲ ဖြစ်နေဆဲဖြစ်သည်။

ကောင်းဖန်ကခေါင်းညိတ်ပြပြီးအနီးနားကမြက်ခင်းပြင်ကြီးထဲကိုလျှောက်သွားသည်၊

ကောင်းဖန်သည်သူ့အဘိုးသင်ပေးထားသောကိုယ်ခံပညာကိုစတင်လေ့ကျင့်ခဲ့ပြီး ကြွက်သားတိုင်းကိုလှုပ်ရှားစေမှုတိုင်းသေချာဆန့်ထုတ်သည်၊ ၎င်းသည်လူတို့၏ ခန္ဓာကိုယ်ပုံသဏ္ဍာန်ကိုထိန်းသိမ်းရန်အတွက်များအားဖြင့်သုံးကြသည့်ပုံစံဖြစ်သည်။ သူ့အဘိုးကဒီပုံစံကိုတခြားသူတွေဆီမှကာကွယ်ရန်သုံးခြင်းဖြစ်ပြီး,ကောင်းဖန်ကို သတိပေးသည်ကတောတောရိုင်းထဲတွင်ရှိသောသားရိုင်း

များကိုတိုက်ခိုက်လျှင်တော့
တစ်စုံတစ်ခုကိုသုံးတာပိုကောင်းသည်လို့ပြောသည်။

ထိုပုံစံအတိုင်းကိုနှစ်ကြိမ်လောက်ပိုပြီးလေ့ကျင့်လိုက်ပြီး
နောက်, ကောင်းဖန်က
ရုတ်တရက်သရော်၍လှောင်ရယ်သံများကိုကြားလိုက်ရ
သည်။

“ဟားဟားဟား, သူကြည့်ရတာအတော်လေးတုံးတာဘဲ! အမွေးပါတဲ့အင်္ကျီကိုဝတ်ပြီး
အမွေးမပါတဲ့အချက်ကိုဖုံးထားနိုင်မယ်လို့တကယ်ထင်လို့
လား?”

“ဒါဘယ်သူ့သားရဲလဲ?
ဘယ်လိုတောင်သောက်ကျိုးနဲ့ဟာသလဲ?”

စာစဉ် ၁၄

“ဘဲကတစ်ကိုယ်လုံးမှာအပြာရောင်အမှတ်တွေနဲ့၊ သူ့ရဲ့ပြောင်းလဲမှုအဆင့်ကို ဖြတ်ကျော်လိုက်ရလို့လား,အာ?”

ကောင်းဖန်ကသူတို့၏စကားလုံးများကိုရှင်းလင်းစွာကြားလိုက်ရသည်၊

သူလုပ်နေတာကိုရပ်လိုက်ပြီး အသံများလာသည့်နေရာကိုမျက်မှောင်ကြုတ်ကာ လှည့်သွားလိုက်သည်၊

စာစဉ် ၁၄

စာစဉ် ၁၄

# *အပိုင်း၂၂၄*

ကောင်းဖန်ခြေနှစ်လှမ်းတောင်မလှမ်းခင်မှာဘဲပန်းခင်း ထဲကအသံတစ်သံကထွက်လာ သည်, "အိုး, ဘဲကစိတ်ဆိုးနေတယ်၊ အဲ့ကောင်ကငါ့ကိုတိုက်ခိုက်ဖို့ကြိုးစားနေတယ်!"

"အခုဂရုစိုက်တော့၊ အဲ့တာကသားရဲဖြစ်နေတုန်းဘဲ၊ သူ့ပုံစံကရယ်စရာကောင်းနေ ပေမယ့်, အဲ့တာကငါတို့ကိုယ်တိုင်ဖြေရှင်းနိုင်တဲ့ကိစ္စမဟုတ်ဘူး၊"

"ချီး, ငါ့နဲ့အတူငါ့သားရဲရှိတယ်…"

ဘုန်း!

တစ်စုံတစ်ခုကမြေပြင်ပေါ်သို့ကျလာပြီးနောက်, ဂိုဒီ၏ဒေါသဖြင့်အော်သံနှင့် တစ်စုံတစ်ယောက်၏ခွေးအော်ဟစ်သံဖြစ်သည်၊

စာစဉ် ၁၄

“အကိုချိုင်, အဆင်ပြေရဲ့လား?”

“ငါအဆင်ပြေတယ်၊ ငါ့ကိုအမြန်ကူထူပေးဦး၊
ဘဲကငါ့ကိုကန်ဖို့ကြိုးစားနေတယ်!
တော်သေးလို့အချိန်မှီရှောင်နိုင်လိုက်တာ”

“လီရှောင်, မြန်မြန်,
မင်းသားရဲရဲ့ထိန်းချုပ်မှုအောက်ရောက်အောင်အဲ့ဘဲကို
လုပ်လိုက်”

“စိတ်မဝင်စားဘူး၊
မင်းတို့ကောင်တွေအဲ့ကောင်ကိုအရင်ကိုင်တွယ်လိုက်၊
မနက်စာဘဲ သွားစားကြရအောင်၊
ဘာဘဲဖြစ်ဖြစ်ငါတို့ကဘာလို့ဘဲတစ်ကောင်နဲ့တိုက်ခိုက်
ဖို့ ကြိုးစားရမှာလဲ?”
ယွိကျိုးအသံဝဲဝဲဖြင့်လေးနက်သောအသံကထွက်လာသ
ည်။

စာစဉ် ၁၄

ကောင်းဖန်ကပန်းခင်းကိုဖြတ်လာတော့,
ထူးခြားသောအမြင်ရှိသည့်အဝါရောင်ဘဲ
တစ်ကောင်သည်နှင်းခြင်္သေ့အိမ်စောင့်ခွေးကြီး၏နောက်
ကျောတွင်တက်စီးနေပြီး,
၎င်း၏အသက်အတွက်အပြင်းအထန်တွန်းလှန်နေသည်။

၎င်းသည်အဆင့်၁၉အထူးအဆင့်အတန်း
နှင်းခြင်္သေ့အိမ်စောင့်ခွေးအမျိုးအစားဖြစ် သည်။

ဂိုဒီ၏မတုန်လှုပ်သောစွမ်းရည်အစပျိုးခြင်းမပါဝင်သော်
လည်း,
နှင်းခြင်္သေ့အိမ်စောင့်ခွေးသည်သန့်စင်သောရုပ်ပိုင်းဆိုင်ရ
ာခွန်အားအရ ဘဲတစ်ကောင်
အတွက်ယှဉ်ပြိုင်စရာတစ်ခုမဟုတ်ပေ။

တိုက်ခိုက်မှုကဆက်ပြီးကြာရှည်နေပါက,
ကွန်မန်ဒါအဆင့်သားရဲသည် အဆင့်၁၆

ရှိသည့်ဂိုဒီ၏အသက်ကိုလက်မလေးတင်ရိုက်သတ်ပစ်လိမ့်မည်၊

ဂိုဒီကဒေါသတချောင်းချောင်းထွက်နေသည်, အတော်လေးကိုဒေါသထွက်နေသည်။

၎င်းကသူ့ကိုယ်သူအမြဲတမ်းအဆင့်အတန်းရှိပြီးပြတ်သားသောဘဲတစ်ကောင်အဖြစ် တွေးနေခဲ့တာဖြစ်သည်။

သို့သော်ဂိုဒီသည်၎င်း၏အဝါရောင်အမွေးများဆုံးရှုံးပြီးနောက်တွင် အကာအကွယ်မဲ့ သလိုခံစားသွားရတာဖြစ်သည်။

ကိုယ်ကိုကိုယ်လေးစားသောဘဲတစ်ကောင်သည် ၎င်း၏အမွေးများကိုချွတ်ပစ်ဖို့ ဘယ်တော့မှခွင့်ပြုမည်မဟုတ်ပေ၊ ၎င်းတို့သည်၎င်း၏ဖြစ်တည်မှုအထောက်အထား၏ မရှိမဖြစ်လိုအပ်သောအစိတ်အပိုင်းဖြစ်သည်၊

စာစဉ် ၁၄

အမွေးမပါသည့်ဘဲတွေသည်
ရေခဲသေတ္တာထဲတွင်သိပ်ထည့်ခံရမည်။

စိတ်အားထက်သန်စွာဖြင့်တောင်းပန်ပြီးနောက်,
ဂိုဒီသည်နောက်ဆုံးတွင် ကျီဟာန့်ဝူကို
၎င်းအတွက်အဝါရောင်အမွေးကုတ်တစ်ထည်ပေးရန်နောက်ဆုံးတွင်သိမ်းသွင်းနိုင်ခဲ့ သည်။

သူအမွေးကုတ်ကိုဝတ်ပြီးနောက်,
ဂိုဒီသည်၎င်း၏အမွေးတွေကိုရလိုက်သောကြောင့်
စွဲမက်ဖွယ်ကောင်းသည်ဟု ခံစားလိုက်ရသည်။

၎င်းကသူ့ကိုယ်သူဆော့ကစားနေချိန်မြက်ခင်းပြင်တွင်အရည်ရွှမ်းသည့် အနက်ရောင်
ပိုးကောင်တစ်ကောင်ကိုတွေ့လိုက်ရသည်။

ငှင်းကပန်းခင်းထဲမှပိုးတောင်မာကိုလိုက်လာရင်း, ကြီးမားသောခြေထောက်က တစ်နေရာရာမှထွက်လာပြီး ငှင်းအပေါ်သို့တက်နင်းလိုက်သည်။

ထိုအရာအတွက်လောက်ကတော့ငှင်းအတွက်ခြောက်လ န့်မှုမဖြစ်စေဘဲ, ဂိုဒီသည် အလွယ်တကူပင် ကျန်သောသူ၏သားကောင်မှန်သမျှကိုစားနိုင်ဖို့ခြေတစ် လှမ်းမခွာ စောင့်ဆိုင်းနေခဲ့သည်။

သို့သော်ဂိုဒီသည်ငှင်း၏ကုတ်ကိုဆွဲချုတ်မခံရခင်တွင်လူ တစ်စုရောက်လာပြီးရပ်တန့် သွားကြသည်။

"ငါ့ဟာ! အဲ့တာငါ့ဟာ!"
ဂိုဒီသည်ဒေါသထွက်စွာဖြင့်ဘဲအော်သံဖြင့်အော်လိုက်သ ည်၊
ငှင်းကနှင်းခြသေ့်မျက်နှာကိုနီသွားသည်အထိစတင်ရိုက် တော့သည်၊ ပန်းများနှင့်
အမွေးများကပြုတ်ကုန်တော့သည်။

သူတို့မြင်နေရတာကိုဘယ်သူမှမယုံကြပေ၊
ချိုင်ကွမ်မင်းသည်ထိုအရာနှင့်ပတ်သတ်ပြီး
အထူးတုန်လှုပ်သွားခဲ့ကာ,
အဝါရောင်ဘဲတစ်ကောင်၏အရိုက်ခံနေရသောနှင်းခြသေ့
သည်သူ၏အကျွမ်းတဝင်သားရဲဖြစ်သည်။

"ရပ်လိုက်, ရိုင်းစိုင်းတဲ့ဘဲ!" ကွမ်မင်းကအော်လိုက်သည်။

ဂိုဒီကသူ့မျက်လုံးထောင့်ကနေယုတ်မာသောအကြည့်ဖြင့်
ကြည့်လိုက်သည်။ မင်းကငါ့အကျိုကိုယူတဲ့တသူဘဲ၊
စိတ်မပူနဲ့,ဒီကိစ္စပြီးသွားရင်မင်းအလှည့်လာမယ်။

"ဂတ် !"
ဂိုဒီကခေါင်းကိုင့်ကာနှုတ်သီးဖြင့်ပြင်းပြင်းထန်ဖြင့်အိမ်စေ
ာင့်ခွေး၏ခေါင်းကို ထိုးကာ,
ချက်ချင်းပင်ထိုးနှက်လိုက်သည်။

စာစဉ် ၁၄

ထို့နောက်,

ဂိုဒီသည်၎င်း၏ဗလာခန္ဓာကိုယ်မှကြွက်သားများဖြင့်

ချိုင်ကွမ်မင်းဆီသို့ သွားလိုက်သည်။

၎င်း၏အရေပြားဆက်ခြေထောက်သည်

၎င်းခြေတစ်လှမ်းလှမ်းလာတိုင်း

တကျွတ်ကျွတ်မြည်နေသောအသံကိုပြုလုပ်နေသည်။

“ကောင်းပြီ, သနားညှာတာပေးဖို့အချို့ကိုပြပေးလိုက်၊

ငါမင်းရဲ့ကုတ်ကိုပြန်ပေးဖို့ သူ့ကိုပြောပေးမယ်”

အဖြူရောင်ရှပ်အင်္ကျီကြီးဝတ်ထားသည့်လီရှောင်းကပြေ

ာလိုက် သည်။

“ဘဲတစ်ကောင်က

သနားကြင်နာစရာကောင်းနေလို့လား? ဂိုဒီ,

သူ့ကိုရိုက်လိုက်”

ကောင်းဖန်ကအေးစက်စွာဖြင့်ပြောလိုက်သည်၊

သူကပန်းခင်းဆီသို့လှမ်းသွားပြီး ဂိုဒီ၏

စာစဥ် ၁၄

ကုတ်ကိုကိုင်ထားဆဲဖြစ်သောချိုင်ကွမ်မင်းကိုကိုမုန်းတီး
စွာဖြင့်ကြည့်လိုက်သည်၊
ကောင်းဖန်သည်ဂိုဒီနှင့်သူ၏သွေးစာချုပ်ကြောင့်
ဖြစ်ပျက်နေသည့်အရာများကို
နားလည်သဘောပေါက်သည်။

သူကိုယ်တိုင်ကသာသူ့ကိုယ်ပိုင်သားရဲတွေကိုလှောင်ပြော
င်ဖို့အခွင့်ရှိသည်၊
ချိုင်ကွမ်မင်းလို့အမည်ရတဲ့ကောင်လေးက
ဂိုဒီရဲ့ကုတ်အကျီကိုယူပြီး ဒီလိုအသွင်အပြင်
မျိုးကိုလှောင်ပြောင်ခွင့်မရှိပေ။

နောက်တော့တီရှပ်အဖြူဝတ်ထားတဲ့အခြားကောင်လေး
တစ်ယောက်လည်းရှိသေး သည်၊
ဂိုဒီကိုကူညီပေးဖို့သူဘာမှမလုပ်ခဲ့ဘူး၊
ဂိုဒီကိုဒီလိုလုပ်ခိုင်းဖို့သူ့မှာအမိန့်ပေးခွင့် ရှိလို့လား?

စာစဉ် ၁၄

"ကောင်းဖန်?"

အကုန်လုံး၏မျက်နှာကအေးစက်သွားတော့သည်၊

သူတို့အားလုံး သူ့ကိုသတိထားမိကြသည်။

ပြီးခဲ့တဲ့တစ်ကြိမ်တုန်းကဖြစ်ခဲ့သည့်အချိန်မှစ၍တက္ကသို

လ်ရှိလူအများအပြားသည်

ကောင်းဖန်၏နောက်ခံအကြောင်းကိုသိရှိခဲ့ကြပြီး

ယခုအခါတွင်သူကမည်သူဖြစ်သည်

ဆိုတာကိုသိကြသည်။

"မင်းရဲ့ကိုယ်ပိုင်သားရဲမှန်းငါတို့မသိခဲ့ဘူး…"

လီရှောင်းကရှင်းပြဖို့ကြိုးစားလိုက်သည်၊

"မင်းတို့ရဲ့ဟာမဟုတ်တိုင်းသားရဲတိုင်းကိုအနိုင်ကျင့်လို့ရ

တာလားဆိုတာငါမသိတော့ဘူး"

ကောင်းဖန်ကအေးစက်စွာဖြင့်ပြောလိုက်သည်။

စာစဉ် ၁၄

သူကလီရှောင်း၏သားရဲကိုသတိထားမိသည့်,
၁ဂပေရှည်လျားသောကင်းလိပ်ရှော ဖြစ်ပြီး,
သူ့နောက်တွင်ရပ်နေသည်။
၎င်း၏လက်များကရှည်ပြီးကျစ်လျစ်ကာ,
၎င်း၏မျက်လုံးများကတောက်ပနေကာ
ခေါင်းပေါ်တွင်သရဖူလိုအနီရောင်အမှတ်
တစ်ခုရှိနေသည်။

[မကောင်းဆိုးဝါးအမည်]-
ကျောက်မျက်နီကင်းလိပ်ရှောဘုရင်

[မကောင်းဆိုးဝါးအဆင့်]-အဆင့်၂၁(ကွန်မန်ဒါအဆင့်)

[မကောင်းဆိုးဝါးအဆင့်အတန်း]-အထူးအဆင့်အတန်း

[မကောင်းဆိုးဝါးစွမ်းရည်]-သစ်သား/အဆိပ်

[မကောင်းဆိုးဝါးအားနည်းချက်]-၁-မီး, ၂-ရွှေ

စာစဉ် ၁၄

“မင်းရဲကင်းလိပ်ရှောကငါ့ဘဲကိုတိုက်ခိုက်နိုင်လို့ရှိရင်, ငါမင်းတို့ကို....(မသိ)*???”
ကောင်းဖန်ကပြောလိုက်သည်။

“အာ?”
အခြားသူများကတစ်ယောက်နှင့်တစ်ယောက်ကြည့်လိုက်ကြပြီးနောက်, ဂိုဒီကို ကြည့်လိုက်သည်၊
ဒီဘဲကကွန်မန်ဒါအဆင့်သားရဲတကယ်ဖြစ်နိုင်လို့လား?

ကေရာဇ်အဆင့်သားရဲများသည်သူတို့၏ဘေးပတ်လည်တွင်ကိုယ်စားပြုခြင်းဖြင့် တောက်ပနေပြီး,
ကေရာဇ်အဆင့်အောက်ရှိသားရဲများသည်၎င်းတို့၏အရှိန်အဝါဖြင့် သာသတိထားမိနိုင်သည်။

သားရဲလေ့ကျင့်သူများသည်အခြားသောသားရဲများ၏အ ားနည်းချက် အားသာချက်များ
ကိုနားလည်ရန်၎င်းတို့၏သားရဲအပေါ်စူးရှသောအာရုံမျာ းကိုအားကိုးရသည်။

"သခင်, ငါတော့ဘဲဆီကနေထူးဆန်းတဲ့ခံစားမှုရတယ်၊ ဒါပေမယ့်,ငါသူ့ကိုအုပ်ချုပ်သူ အဆင့်သားရဲလို့တော့မထင်ဘူး၊" ကျောက်မျက်နီကင်းလိပ်ရှောဘုရင်က လီရှောင်းကို ပြောလိုက်သည်။

လီရှောင်းကဒီအရာကိုပိုပြီးစိတ်ချလက်ချဖြစ်လာသလိုခံ စားလိုက်ရသည်။

သို့သော်,

သူ့ဘဲကသူ့ကင်းလိပ်ရှောကိုရှုံးသွားပါကသူ့ကိုကောင်းဖန် ကဆန့်ကျင်မှာကို ကြောက်သည်၊ လီရှောင်းသည်စိန်ခေါ်မှုကိုလက်ခံရန်အတွက်အလွန်ယုံ ြည်မှုမရှိပေ။

အကယ်၍သူသည်တိုက်ပွဲတွင်အနိုင်ရခဲ့ပါက သူသည်ကောင်းဖန်၏ဒေါသထွက်မှုကို ခံရမည်ဖြစ်သည်။ သူရှုံးလျှင်ဘဲတစ်ကောင်ကိုရှုံးရသည့်ကွန်မန်ဒါအဆင့်သ

ားရဲ
တစ်ကောင်ရှိနေလို့အရှက်ဖြင့်သာအသက်ရှင်ရလိမ့်မည်၊
အတန်ကြာစဉ်းစားပြီးနောက်
လီရှောင်းကဆုံးဖြတ်ချက်ချလိုက်သည်။ “ဟင့်အင်း,
ငါမတိုက်ဘူး”
ထို့နောက်သူကကျန်တဲ့နှစ်ယောက်ကိုပြောလိုက်သည်,
“ဒါကငါနဲ့ဘာမှမသက်ဆိုင် တော့ဘူး၊
ငါမင်းတို့ကိုပြောလိုက်မယ်, ဘဲနဲ့သွားမရှုပ်ကြနဲ့၊
မင်းတို့ရဲ့ကိုယ်ပိုင် ပြဿနာကိုပြင်လိုက်ကြ၊
ငါတော့မနက်စာသွားစားတော့မယ်”
ထို့နောက်လီရှောင်း
ကသူ့သားရဲနှင့်အတူအဝေးသို့လျှောက်သွားတော့သည်။
လီရှောင်းကအဝေးသို့ထွက်သွားတာကိုကြည့်နေပြီးနော
က်, တခြားနှစ်ယောက်က

စာစဉ် ၁၄

တစ်ယောက်ကိုတစ်ယောက်ကြည့်လိုက်ကြပြီး ဂိုဒီ၏ကုတ်ကိုပြန်ပေးကာတောင်းပန် လိုက်ကြသည်။

“ဂတ်!” ဂိုဒီကမှုန်တေတေဖြင့်သူတို့ကိုအော်လိုက်သည်၊ ထို့နောက်၎င်း၏အတောင်ပံ များကိုမလိုက်ကာ, သူ၏အင်္ကျီကိုပြန်ဝတ်ခွင့်ပြုလိုက်ပြီးမှ လူသားတွေကိုပြန်လွှတ် လိုက်တော့သည်။

ကောင်းဖန်ကထူးဆန်းစွာဖြင့်တွေးမိလိုက်သည်၊ ဘာလို့ငါကဒီမှာအနိုင်ကျင့်နေသလို ခံစားနေရတာလဲ? ဂိုဒီကသူတို့ဆီကနေအနိုင်ကျင့်ခံခဲ့ရတာကို။

***

စာစဉ် ၁၄ ပြီး၏။